The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 17, NO . 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 6 , 2017

- ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ရော်ဘာလုပ်ငန်း ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၁၇ ➢

- မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ တိုက်ရိုက်ငွေလွှဲနိုင်ပြီ

စာမျက်နှာ - ၂၂ ➢

- မန္တလေးတိုင်းဒေသကြီး၊ ရှောက်/သံပုရာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်း

စာမျက်နှာ - ၁၅ ➢



## တိုးချဲ့စိုက်ပျိုးသင့်သော အမယ်သစ်ပို့ကုန်

စာမျက်နှာ - ၈ ➢



# သဘာဝဓာတ်ငွေ့တင်ပို့မှု ၁ ဒသမ ၂ ဘီလီယံလျော့နည်းသော်လည်း ယခင်နှစ်ထက် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ပို

## ကုန်သွယ်မှုပမာဏ ယခင်နှစ်ထက်မြင့်တက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သုံးဆတိုးမြှင့်ရေးကို အဓိကဦးတည်ချက်ချမှတ်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။

ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်မှသာ နိုင်ငံတော်ရဲ့ စီးပွားရေးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ယခုဘဏ္ဍာနှစ်ကုန်ခါနီးကာလရဲ့ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်မည်ဆိုပါက သဘာဝဓာတ်ငွေ့တင်ပို့မှုကဏ္ဍမှာ လျော့ကျသွားပေမယ့် ကျန်တဲ့ကဏ္ဍများမှ တိုးတက်လာတဲ့အတွက် ပြည်ပပို့ကုန်ကဏ္ဍ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ - ၁၂ ➢




KBZ BANK
STRENGTH OF MYANMAR
ATM ပေါင်း
၈၀၀
ကျော်
အချိန်တိုင်း ... သင်နှင့် အနီးဆုံး ATM များ


SUNAR
superior taste AWARD
SUNAR Sunflower Oil
09 73199813, 09 73199814
Email: Contact@southern-myanmar.com
www.facebook.com/SunarForMyanmar
Southern Myanmar
Company Limited




# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ 4th India-CLMV Business Conclave သို့ တက်ရောက်

စတုတ္ထအကြိမ်မြောက် အိန္ဒိယနိုင်ငံနှင့် CLMV နိုင်ငံများအကြား စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (4th India-CLMV Business Conclave) ကို အိန္ဒိယနိုင်ငံ၊ ဂျာပူးမြို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Ms. Nirmala Sitharaman၊ အိန္ဒိယနိုင်ငံ၊ ရာဂျပ်စသန်ပြည်နယ် ဝန်ကြီးချုပ် Ms.VasundharaRaje နှင့် အိန္ဒိယနိုင်ငံ Confederation of Indian Industry ၏ ဥက္ကဋ္ဌ Mr. Naushad Forbes တို့ကလည်း အသီးသီး အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုကဏ္ဍကြီး လေးခုဖြင့် ဆက်လက်ကျင်းပခဲ့ရာ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်း၌ အဆိုပါဆွေးနွေးပွဲကျင်းပရာ ဂျာပူးမြို့ရှိ ITC Rajputana Hotel တွင် အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Ms. Nirmala Sitharaman နှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသူ၊ သင်တန်းသားများ လေ့လာရေးခရီးထွက်ခွာ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသူ၊ သင်တန်းသားများသည် သင်တန်းအုပ်ချုပ်မှုအဖွဲ့ခေါင်းဆောင် ဆရာဦးသိန်းမြင့်ဝေ ဦးဆောင်၍ ဖေဖော်ဝါရီ ၂၈ ရက်က လေ့လာရေးခရီး ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသူ၊ သင်တန်းသား လေ့လာရေးအဖွဲ့သည် မန္တလေးမြို့တွင်ဖွင့်လှစ်ခဲ့သည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသူ၊ သင်တန်းသားများနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်၊ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းနှင့် တောင်ဒဂုံစက်မှုဇုန်ရှိ Hitachi Soe Electric Machinery Co., Ltd. သို့ သွားရောက်လေ့လာခဲ့ကြသည်။

သင်တန်းသား၊ သင်တန်းသူများသည် ပထမဦးစွာ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာခဲ့ရာ သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်လုပ်ဆောင်နေခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ဆက်လက်လေ့လာခဲ့ရာ ဆိပ်ကမ်းမှ တာဝန်ရှိသူများက ဆိပ်ကမ်းတွင် လုပ်ဆောင်လျက်ရှိသည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

လေ့လာရေးအဖွဲ့သည် သန်လျင်မြို့ရှိ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ ဝင်ရောက်ဖူးမြော်၍ ဘုရားဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တောင်ဒဂုံစက်မှုဇုန်ရှိ ထရန်စဖော်မာများ ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည့် Hitachi Soe Electric Machinery Co., Ltd. သို့ ရောက်ရှိခဲ့ရာစက်ရုံမှတာဝန်ရှိသူများက စိုးလျှပ်စစ်လုပ်ငန်းသည် ဂျပန်နိုင်ငံမှ ဟီတာချီ ကုမ္ပဏီ၏ နည်းပညာပံ့ပိုးမှုကိုရယူ၍ နည်းပညာ အဆင့်မြင့်ထရန်စဖော်မာများကို ကမ္ဘောဒီးယားနိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ဟီတာချီနှင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် ကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ စက်ရုံအတွင်း လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။ **မယ်သီတာ**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်ဈေးကွက်သစ်အဖြစ် တိုဂိုနိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက် အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၂၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၄၈၆၇ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၈၀၆ တန် ကျော်၊ ဧည့်မထဆန် ၁၂၂၀၀ တန်နီးပါး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၃ တန်ခန့်နဲ့ ဧည့်မထဆန် ၄၂၃ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၁၃၅၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၂၄၆၉၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုပိုမိုသော်လည်း ဆန်ကွဲ တင်ပို့မှုလျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၈၅၉တန်ကျော် တင်ပို့ခဲ့တဲ့အနက် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၃၄၃ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ၂၄၃၃ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၂၆၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၀၈တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဖေဖော်ဝါရီ ၁၉ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၉၅ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၅၁၅၅တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ဧည့်မထဆန်တန် ၂၄၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်၆၄၂၅တန်၊ရုရှားနိုင်ငံသို့ဧည့်မထဆန် ၁၇၅ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန်၁၀၀၀၊အီးယူနိုင်ငံများသို့ဧည့်မထဆန် ၉၄၁ တန်နဲ့ပေါင်းဆန် ၁၂၃၇ တန်၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန်တန် ၅၀၀၊တိုဂိုနိုင်ငံသို့ဧည့်မထဆန် တန်၁၅၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၃၁၃၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၈၉၇၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ဆန်တင်ပို့မှု ၄၃၈၁၆ တန် လျော့နည်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဈေးကွက်သစ်အဖြစ် တိုဂိုနိုင်ငံကို တိုးချဲ့တင်ပို့နိုင်ခဲ့ပါတယ်။

ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ယခုတစ်ပတ်တွင် ဆန်ကွဲ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၄၇၅ တန် တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန် ၁၀၀နဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့၈၃၇၅တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကဆန်ကွဲ ၅၉၇၅ တန်ဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၅၀၀ ပိုမို တင်ပို့နိုင်တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိ

ရန်ကုန်မြို့ ဆန်ဈေးကွက်မှာ ဆန်ဈေးငြိမ်နေပြီး အရောင်းအဝယ်လည်းပုံမှန်သာရှိကြောင်း သိရပါတယ်။ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၉၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းထိပ်စ တစ်အိတ်ကျပ်၂၈၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၇၀၀၀၊ ရွှေဘိုပေါ်ဆန်းအသစ်(ရှယ်)တစ်အိတ်ကျပ် ၃၆၀၀၀မှကျပ် ၃၇၅၀၀ဖြစ်ပြီး ဈေးငြိမ်နေပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ်၁၈၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၁၇၀၀၀၊ နှံ့သီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နှံ့ဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ်ကျပ်၂၄၀၀၀ မှကျပ်၂၅၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ်တစ်အိတ်ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၈၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၁၇၅၀၀မှ ကျပ် ၁၈၀၀၀ ဖြစ်ပါတယ်။ ဆန်ကြမ်းဈေးလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲငြိမ်နေပြီး ဆန်ချောရော ဆန်ကြမ်းပါ ကုန်စည်ဒိုင်သို့ အဝင်ပုံမှန်ရှိကြောင်းနဲ့ အရောင်းအဝယ်လည်းပုံမှန်ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်ဈေးနှုန်း အနည်းငယ်ကျသွားကြောင်းသိရပါတယ်။ စူပါနဲ့မျှော်ဘီ ဧည့်မထ ၅ မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ဧည့်မထ ၁၀မှတ်တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ဧည့်မထ ၁၅မှတ်တစ်အိတ်၁၁၆ယွမ် မှ ၁၁၈ ယွမ်၊ ဧည့်မထ ၂၅ မှတ်တစ်အိတ် ၁၁၃ယွမ်မှ ၁၁၅ယွမ်၊ ဧည့်မထ ၃၅ မှတ် တစ်အိတ် ၁၀၉ ယွမ်မှယွမ်၁၁၀၊ ငစိန် ၅ မှတ်တစ်အိတ်ယွမ် ၁၂၀ မှ၁၂၂ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၉ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်ရှိပါတယ်။ ယခင်တစ်ပတ်ထက် တစ်အိတ်ကို တစ်ယွမ်ခန့်ဈေးကျကြောင်းသိရပါတယ်။

ဆန်အရောင်းအဝယ်ကတော့ တစ်ဖက်နိုင်ငံရဲ့ ဝယ်လိုအားနဲ့ဈေးကွက်ပေါ်မူတည်နေပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၁ရက်အထိ ဆန်တန်ချိန် ၁၅၂၈၆ ရှိပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၁၀၂၉တန်ပိုမိုဝင်ရောက်ကြောင်းသိရပါတယ်။ မတ်၃ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၄ ကျပ် ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်စုံ၏ မိုးစပါးဈေးကွက်ဈေးနှုန်းကျပြီး အရောင်းအဝယ်အေး

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စုံမိုးစပါးဈေးကွက်မှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက စပါး၊ ဆန်ဈေးနှုန်းများကျဆင်းလျက်ရှိရာ ယခုလက်ရှိဈေးကွက်မှာ အများအားဖြင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း ယခုရက်ပိုင်းအတွင်း ပုသိမ်ခရိုင်အတွင်းရှိ အချို့မြို့နယ်များတွင် စပါးတင်း ၁၀၀လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်မြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရပါတယ်။

ယခင်နှစ်ကာလတူမိုးစပါးဈေးနှုန်းမှာ ဧည့်မထ (၄၆) ပေါင်တင်း ၁၀၀ကို ကျပ်၅၇၀၀၀၀မှကျပ်၆၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းနှင့်ဆန်တစ်အိတ်လျှင် ကျပ်၂၂၀၀၀မှ ကျပ် ၂၄၀၀၀ ဝန်းကျင်ရှိပါတယ်။ ယခုလက်ရှိ ဧည့်မထဆန်စပါးပေါက်ဈေးမှာ မြို့နယ်စုံ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၃၀၀၀၀မှ ကျပ် ၄၅၀၀၀၀ ဝန်းကျင်ဈေးနှင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ မှ ကျပ် ၁၈၀၀၀ ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စပါးတင်း၁၀၀ကို တစ်သိန်းကျော်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ဝန်းကျင်စပါး၊ ဆန်ဈေးနှုန်းများ လျော့နည်းမှုရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော ဆန်စပါးဈေးကွက်၏ အဓိကဝယ်လိုအားမှာ အညာဒေသ၊ မူဆယ်ဈေးကွက်၊ ရန်ကုန်မြို့နှင့် ပြည်တို့ဖြစ်ပြီး ဒေသတွင်းမှ ဟင်္သာတမြို့နယ်အပြင် အခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ဈေးကွက်ဝယ်လိုအား အပေါ်မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၃-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၄ | ၃၇၄ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၉ | ၃၆၉ | □ | ၃၅၅ | ၃၅၅ | □ | ၃၀၀ | ၃၀၅ | △ | ၃၀၅ | ၃၀၅ | □ |
| ဆန်ဖြူ ၁၀% | - | ၃၆၈ | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | ၃၆၆ | - | ၃၄၈ | ၃၄၈ | □ | - | - | - | ၃၇၉ | ၃၀၀ | △ |
| ဆန်ဖြူ ၂၅% | ၃၆၃ | ၃၆၃ | □ | ၃၄၃ | ၃၄၀ | ▽ | ၃၆၀ | ၃၆၅ | △ | ၃၄၈ | ၃၄၅ | ▽ |
| ပေါင်းဆန် | ၃၀၆ | ၃၀၇ | △ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၃-၃-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၀၀ | ▽ | ၁၇၀၀၀ | □ | ၆၉၀၀ | □ | ၃၂၅၀၀ | ▽ |
| ပုသိမ် | ၄၄၂၀ | □ | ၁၇၅၀၀ | □ | ၇၀၁၀ | □ | ၂၈၀၀၀ | ▽ |
| ပဲခူး | ၄၃၀၀ | □ | ၁၆၅၀၀ | □ | ၆၁၅၀ | □ | ၂၈၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | ▽ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၁၉၀၀၀ | △ | - | - | ၃၅၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | △ | ၁၇၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၀၀၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | △ | ၁၈၅၀၀ | △ | ၆၆၀၀ | △ | ၂၆၀၀၀ | △ |
| လှိုင်ကော် | ၇၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂၇-၂-၂၀၁၇ မှ ၃-၃-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 580 | 28,025,138.198 |
| 2 | Form D | 102 | 4,643,099.710 |
| 3 | Form E | 85 | 1,106,189.110 |
| 4 | Korea GSP | 10 | 208,692.000 |
| 5 | Form AK | 65 | 3,811,061.421 |
| 6 | Form AJ | 12 | 465,628.300 |
| 7 | Form AI | 49 | 1,891,107.690 |
| 8 | Form AANZ | 15 | 375,992.096 |
| 9 | Form DFTP | - | - |
| **Grand Total** | | **918** | **40,526,908.525** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၃-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၂ | ၃/၃ | ပြောင်းလဲမှု | ၂၄/၂ | ၃/၃ | ပြောင်းလဲမှု | ၂၄/၂ | ၃/၃ | ပြောင်းလဲမှု | ၂၄/၂ | ၃/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၅၄၅ | ၁၆၂၃ | ▲ | ၁၅၀၀ | ၁၆၀၀ | ▲ | ၁၅၀၀ | ၁၅၅၀ | ▲ | ၁၅၀၀ | ၁၅၂၅ | ▲ |
| ၂ ပဲစင်းငုံ | ၁၂၁၃ | ၁၂၂၆ | ▲ | ၁၁၅၀ | ၁၁၅၈ | ▲ | ၁၁၈၅ | ၁၁၇၅ | ▼ | ၁၁၅၅ | ၁၁၄၅ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၁၉၉၁ | - | - | ၁၃၅၃ | ၁၃၅၃ | ■ | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | ၁၇၇၈ | - | - | - | ၁၉၁၁ | - | ၁၇၄၀ | ၁၇၂၀ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၄၈၀ | ၁၄၆၅ | ▼ | ၁၄၀၀ | ၁၄၁၇ | ▲ | - | - | - | ၁၈၁၅ | ၁၈၁၅ | ■ |
| ၆ ထောပတ်ပဲ | ၁၀၀၅ | ၁၀၀၅ | ■ | ၁၆၈၉ | ၁၆၀၀ | ▼ | ၈၄၂ | - | - | ၉၂၀ | ၉၂၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၃-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၄/၂ | ၃/၃ | ပြောင်းလဲမှု | ၂၂/၂ | ၂/၃ | ပြောင်းလဲမှု | ၂၂/၂ | ၂/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၇၀၀ | ၇၃၅ | ▲ | ၇၃၂ | ၇၉၄ | ▲ | ၇၇၇ | ၇၆၄ | ▼ |
| ၂ ပဲစင်းငုံ | ၅၅၀ | ၅၅၀ | ■ | ၆၀၅ | ၆၁၄ | ▲ | ၆၁၅ | ၆၄၄ | ▲ |
| ၃ ပဲတီစိမ်း | ၆၁၀ | ၆၃၀ | ▲ | ၆၄၂ | ၆၄၄ | ▲ | ၆၄၂ | ၆၅၉ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၉၅၀ | ၈၄၀ | ▼ | ၇၁၇ | ၇၄၉ | ▲ | ၇၄၇ | ၇၆၄ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၈.၂.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၅.၂.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၂၅.၂.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၅၈၇၉၆ | ၈၁၂၁ | ၆၆၉၁၇ |
| ပဲတီစိမ်း | ၁၇၀၆၈ | ၃၇၁၇ | ၂၀၇၈၅ |
| ပဲစင်းငုံ | ၁၁၈၄၄ | ၅၁၄၄ | ၁၆၉၈၈ |
| ကုလားပဲ | ၄၁၁ | ၆၁၂ | ၁၀၂၃ |
| ပဲလွန်းဖြူ | ၂၃၃၆ | ၄၃၄ | ၂၇၇၀ |
| မြေထောက်ပဲ | ၁၉၂၃ | ၁၃၁၃ | ၃၂၃၆ |

## ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်မှုအများဆုံးသီးနှံများ၏ဈေးနှုန်းနှင့်ပမာဏ

ဖေဖော်ဝါရီလအတွင်း မုံရွာကုန်စည်ဒိုင်သို့အရောင်းအဝယ်အဖြစ်အများဆုံးသီးနှံများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲဖြူလုံးကြီး၊ ပဲကြီး၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲလွန်းပြာ၊ ပဲပုပ်၊ ပဲယင်းစတဲ့ပဲများရဲ့ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနှင့်ယခင်နှစ်ကာလတူ နှိုင်းယှဉ်ဈေးနှုန်းများမှာ -

| သီးနှံအမည် | ဖေဖော်ဝါရီလ ၂၀၁၇ | | ဖေဖော်ဝါရီလ ၂၀၁၇ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၄၆၀၀၀ | ၄၈၀၀၀ | ၂၅၀၀၀ | ၂၈၅၀၀ |
| ပဲစင်းငုံ | ၄၃၇၀၀ | ၄၄၂၀၀ | ၂၂၃၀၀ | ၂၄၉၀၀ |
| ပဲတီစိမ်း | ၃၃၀၀၀ | ၃၅၀၀၀ | ၂၉၀၀၀ | ၃၀၀၀၀ |
| ကုလားပဲဖြူလုံး | ၂၉၄၀၀ | ၃၂၀၀၀ | ၃၃၀၀၀ | ၄၂၅၀၀ |
| ပဲကြီး | ၁၉၀၀၀ | ၂၂၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ |
| မြေထောက်ပဲ | ၁၉၀၀၀ | ၂၁၅၀၀ | ၂၈၀၀၀ | ၃၁၀၀၀ |
| ထောပတ်ပဲ | ၁၆၀၀၀ | ၁၇၅၀၀ | ၁၆၅၀၀ | ၁၈၀၀၀ |
| စွန်တာနီ | ၁၄၈၀၀ | ၁၇၅၀၀ | ၁၈၀၀၀ | ၂၂၅၀၀ |
| ပဲလွန်းပြာ | ၁၉၀၀၀ | ၂၇၅၀၀ | ၂၃၅၀၀ | ၂၅၀၀၀ |
| ပဲပုတ် | ၁၅၀၀၀ | ၁၇၀၀၀ | ၁၆၅၀၀ | ၁၉၅၀၀ |
| ပဲယင်း | ၁၅၈၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၁၆၀၀၀ |
| CP ပြောင်း | ၈၀၀၀ | ၈၄၀၀ | ၅၇၀၀ | ၆၂၀၀ |

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ပဲမျိုးစုံသစ်များဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ပဲတီစိမ်းသီးနှံများ အဝင်ရှိသလောက်အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ်မတ်ပဲသီးနှံပေါက်ဈေးနှုန်းမှာ ကျပ် ၂၈၅၀၀၊ (ကုန်း) ကျပ် ၃၁၀၀၀ နှုန်းပေါက်ပြီး ယခင်နှစ်ကာတူပေါက်ဈေးထက်ဈေး နိမ့်ကာ နေ့စဉ်အိတ်၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံသီးနှံဝင်ရောက်မှုမှာလည်း များလာပြီး တစ်တင်းပေါက်ဈေးနှုန်းမှာကျပ် ၂၂၇၀၀ နှုန်းဖြင့် နေ့စဉ်အိတ်၈၀၀၀ခန့်ရှိပြီး ယခင်နှစ်ကာလတူ အချိန်နဲ့နှိုင်းယှဉ်ပါက ဈေးနိမ့်နေကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့အဝင်လျော့နည်းလာပြီး တစ်တင်း ပေါက်ဈေးမှာ (ကြီး)ကျပ်၂၈၀၀၀၊(သေး) ကျပ်၂၅၇၀၀ ဖြစ်ပြီး နေ့စဉ်(ကြီး/သေး) အိတ် ၆၀၀ခန့်အသီးသီးဖြစ်ပြီး အရောင်းအဝယ်အသွက်ဆုံးသီးနှံများဖြစ်ကြောင်း သိရပါတယ်။

ကုလားပဲမျိုးစုံအသစ်များလည်း ဝင်ရောက်လျက်ရှိရာV2တစ်တင်းကျပ် ၃၆၃၀၀၊ 929 ကျပ်၃၄၀၀၀၊ ထိုင်ဝမ် ကျပ် ၃၄၇၀၀နှုန်းပေါက်လျက် သုံးမျိုးပေါင်း အိတ်၃၀၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူပေါက်ဈေးနှင့် နှိုင်းယှဉ်ပါကဈေးမြင့်နေကြောင်းသိရှိရပါတယ်။ ဒေသတွင်းသုံးပဲဖြစ်တဲ့ပဲကြီး၊မြေထောက်ပဲ၊ထောပတ်ပဲ၊စွန်တာနီ၊ ပဲလွန်းပြာအသစ်များလည်း ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်ပဲကြီးတစ်တင်းပေါက်ဈေးမှာကျပ် ၂၀၀၀၀ ဖြင့်အိတ်၂၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါကဈေးနိမ့်ကြောင်းသိရပါတယ်။ မြေထောက်ပဲသီးနှံတစ်တင်းပေါက်ဈေးမှာကျပ်၂၈၀၀၀ နှုန်းနဲ့အိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူပေါက်ဈေးနဲ့ နှိုင်းယှဉ်ပါကဈေးမြင့်လျက်ရှိပါတယ်။

ထောပတ်ပဲတစ်တင်း ပေါက်ဈေးမှာ ကျပ် ၁၇၅၀၀ နှုန်းဖြင့် အိတ်၅၀၀ခန့်အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကွာခြားမှုသိပ်မရှိကြောင်း တွေ့ရပါတယ်။ စွန်တာနီပဲတစ်တင်း ပေါက်ဈေးမှာ ကျပ် ၁၉၅၀၀နဲ့အိတ်၂၅၀ခန့်အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူနှုန်းထက်ဈေးမြင့်နေပြီး ပဲလွန်းပြာတစ်တင်း ပေါက်ဈေးမှာကျပ် ၂၃၅၀၀ပေါက်ပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်ကာလတူ ထက်ဈေးအနည်းငယ်နိမ့်လျက်ရှိကြောင်းသိရပါတယ်။

ပဲပုပ်တစ်တင်း ပေါက်ဈေးမှာကျပ် ၁၉၀၀၀နှုန်းနှင့်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ် ကာလတူ ထက်ဈေးမြင့်လျက်ရှိကြောင်းသိရပါတယ်။ ပဲယင်းပေါက်ဈေးမှာကျပ် ၁၄၇၀၀နှုန်းနှင့်အိတ်၁၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်ကာလတူဈေးထက်နိမ့် နေကြောင်းတွေ့ရပါတယ်။ CPပြောင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၅၇၀၀ နှုန်းဖြင့် အိတ်၄၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ် ကာလတူဈေးထက်လျော့နည်းနေကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါသည်။ **ကြည်ကြည်နွယ်(မုံရွာ)**



## ပြည်ဘိုကိတ်ပဲသစ် လက်လီ၊လက်ကားအဝယ်ရှိ

ယခုတစ်ပတ်ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲသစ်များ အဝင်များလာပါတယ်။ တစ်ရက်လျှင် အိတ် ၁၅၀၊ ၂၀၀ ခန့်ဝင်ရောက်ခဲ့ပြီး ဝယ်လိုအားအနေဖြင့်လည်း ရန်ကုန်ဝယ်လက်ရော လက်လီပါ အဝယ်ရှိခဲ့လို့ ဖေဖော်ဝါရီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပမာဏထက်အရောင်းအဝယ် ပိုများခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် ဈေးငြိမ်လျက်ရှိပြီး ယခင်နှစ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးပိုနေခဲ့ပါတယ်။ ယခင်နှစ် မတ်လဆန်းမှာ တစ်တင်းကျပ် ၂၀၅၀၀ သာရရှိခဲ့တယ်လို့သိရပါတယ်။ ယခုနှစ်မှာ ဇန်နဝါရီလဆန်းမှစ၍ ပဲသစ်များအဝင်စောခဲ့သလို ပဲဈေးမှာလည်း ယခင်နှစ်ထက်ဈေးပိုရကာ တစ်တင်းကျပ် ၂၇၂၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ပြီး ယခုအချိန်ပဲအထွက်လှိုင်လာချိန်မှာတော့ ပဲအရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံ ဝယ်လိုအားကောင်းသလို ဈေးလည်းမြင့်

ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသစ်များ ဝင်ရောက်မှုများလာသည့်အတွက် ပြည်ပဝယ်လက်ပဲထဲမှာပဲစင်းငုံသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့ထက် ပဲအဝင်ပိုများခဲ့တာကြောင့် အိတ် ၈၀၀ ကျော် ၉၀၀ နေ့စဉ်ဝင်လျက်ရှိကြောင်း သိရပါတယ်။ ပန်းတောင်း၊ ဥဿျှစ်ပင်၊ မင်းတုန်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်း စတဲ့ နယ်အစုံမှ ဝင်ရောက်လျက်ရှိပြီး ရန်ကုန်ဝယ်လက်ရော လှောင်လက်သမားများပါ အဝယ်လိုက်နေခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ဝင်လာမျှ အရောင်းအဝယ်ဖြစ်ကာ ပဲဈေးမှာ တစ်တင်းကျပ် ၂၃၀၀၀ဖြင့်ဖေဖော်ဝါရီလကုန်က ဈေးထက်ကျပ် ၅၀၀ ခန့် ပိုလာခဲ့ပါတယ်။ ဖေဖော်ဝါရီလကုန်ပတ်အတွင်း ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်းပဲများလည်း ဈေးအေးခဲ့ပေမယ့် မတ်လဆန်းအတွင်း ပဲဈေးအားလုံးလိုလိုဈေးလှုပ်လာပြီး ဝယ်လိုအားလည်းကောင်းနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲကြီးသစ် ပဲအဝင်များလာသလို ဈေးပိုရ

မတ်လဆန်း ပြည်ပဲဈေးကွက်သို့ ပြည်တွင်းပြည်ပအဝယ်ရှိသောပဲများ အားလုံးလိုလို ဝင်ရောက်လာခဲ့တာကြောင့် ပဲကြီးသီးနှံသစ်များလည်း ဖေဖော်ဝါရီလလယ်မှစ၍ ဝင်ရောက်ခဲ့ကာ ယခုမတ်လဆန်းမှာ တစ်ရက်လျှင်အိတ် ၃၀၀ ကျော်အထိ အဝင်ရှိလာခဲ့ပါတယ်။ ပြည်မြို့နယ်နှင့်ပြည်-အောင်လံကြား မြို့နယ်များ၊ ပန်းတောင်း၊ ရွှေတောင်မြို့နယ်များအပြင် မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်အဝင်ရှိခဲ့ကြပြီး ဝယ်လက်အနေဖြင့် ဒေသတွင်းရှိ ပဲကြော်ဖိုသမားများ၊လှောင်လက်သမားများက ဝယ်ယူခဲ့ကြတယ်လို့သိရပါတယ်။ ပဲဈေးနှုန်းမှာလည်း ပဲသစ်ပေါ်စအဖွင့်ဈေးထက်ယခုလဆန်းပိုင်းမှာ ဈေးပိုလာတဲ့အတွက် ပဲကြီး(ရွှေကျွန်း)တစ်တင်းကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိတာကြောင့် ယခင်နှစ်ကထက် ဈေးပိုနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်သို့ ပဲယင်းသီးနှံအသစ်များဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပဲယင်းစိုက်ပျိုးရန်လျာထား ဧကသုံးသောင်းကျော်ရှိသည့်အနက် ဧကသုံးသောင်းသုံးထောင်ကျော်စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရှိရပါတယ်။ ပဲယင်းကို ကလေး၊ ထီးချိုင့်မြို့နယ်များမှအများဆုံးစိုက်ပျိုးထွက်ရှိပြီး မင်းကင်း၊ချောင်းဦး၊မြောင်၊ပုလဲစသည့်မြို့နယ်များမှာလည်း စိုက်ပျိုးလျက်ရှိကြောင်းသိရပါတယ်။ ဖေဖော်ဝါရီမှစ၍ မင်းကင်း၊ ချောင်းဦး၊မြောင်စသည့်မြို့နယ်များမှ မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ တစ်ရက်အိတ်၁၃၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။ ပဲယင်းသစ်များထွက်ပေါ်၍ဈေးအနည်းငယ်ကျခဲ့ပြီး ယခုတစ်ပတ်ပဲယင်း တစ်တင်းပေါက်ဈေးနှုန်းမှာကျပ်၁၄၈၀၀နှုန်းပေါက်ပြီး ယခင်နှစ် ကာလတူပေါက်ဈေးမှာ ကျပ် ၁၆၀၀၀၊ ကျပ်၁၆၅၀၀ဈေးပေါက်လျက်ယခင်နှစ်ကာလတူဈေးနှင့်နှိုင်းယှဉ်ပါက တစ်တင်း ကျပ် ၁၃၀၀ ဝန်းကျင် ကျဆင်းကြောင်းသိရှိရပါတယ်။ ပဲယင်းဈေးကွက်မှာ ဒေသတွင်းသုံးဝယ်လက်အနေနဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းမုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

Vol: 17, No.10 Monday March 6 2017

# ပြည်ပဲမျိုးစုံဈေးကွက် နှစ်အလိုက် ကာလတူချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ



ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ယခုလိုရာသီတွင် ပြည်ပဝယ်လက်ပဲများ အရောင်းအဝယ်သွက်လျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစတဲ့ ဆောင်းပဲသစ်များ အထွက်လှိုင်ချိန်ဖြစ်တာကြောင့် နေ့စဉ်ဝင်ရောက်နေသလို ဝယ်လိုအားလည်းကောင်းခဲ့ကြပါတယ်။ ကျန်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများလည်း ဈေးကွက်သို့ ပဲသစ်များဝင်ရောက်ခဲ့ကာ ဒေသတွင်း အဓိကအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဈေးနှုန်းများအနေဖြင့် နှစ်အလိုက် ယခုလိုအချိန်မှာဖြစ်ပေါ်ခဲ့တဲ့ ဈေးများနှင့်နှိုင်းယှဉ်ကြည့်ပါက ၂၀၁၆ ခုနှစ်အတွင်းမှာ ပြည်ပဝယ်လက်ပဲအားလုံး ဈေးကောင်းရခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲများကတော့တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာနေခဲ့ကြောင်း အောက်ဖော်ပြပါဇယားအတိုင်းတွေ့ရပါတယ်။

| ပဲအမျိုးအစား | ၂၀၁၅ ဖေဖော်ဝါရီ | | ၂၀၁၆ ဖေဖော်ဝါရီ | | ၂၀၁၇ ဖေဖော်ဝါရီ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၅၆၀၀ | ၂၇၅၀၀ | ၄၅၃၀၀ | ၅၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ |
| ပဲတီစိမ်း | ၃၂၀၀၀ | ၃၃၀၀၀ | ၃၆၅၀၀ | ၃၇၀၀၀ | ၂၈၀၀၀ | ၃၂၅၀၀ |
| ပဲစင်းငုံ | ၂၅၆၀၀ | ၂၈၅၀၀ | ၄၁၀၀၀ | ၄၈၀၀၀ | ၂၂၅၀၀ | ၂၄၅၀၀ |
| ကုလားပဲ | ၁၅၅၀၀ | ၁၇၅၀၀ | ၂၇၀၀၀ | ၄၀၀၀၀ | ၃၈၀၀၀ | ၄၁၀၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၁၅၀၀ | ၂၄၅၀၀ | ၂၈၅၀၀ | ၃၆၀၀၀ | ၂၈၀၀၀ | ၃၀၅၀၀ |
| ပဲကြီး(ကမ်းနား) | ၁၈၅၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၆၅၀၀ | ၂၇၅၀၀ |
| ပဲပုပ် | ၁၅၀၀၀ | ၁၆၀၀၀ | ၁၇၈၀၀ | ၁၈၀၀၀ | ၂၀၅၀၀ | ၂၃၀၀၀ |

မတ်ပဲသီးနှံမှာ ၂၀၁၅ ဖေဖော်ဝါရီလတွင် တစ်တင်းကျပ် ၂၅၆၀၀ မှ ကျပ် ၂၇၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲအဝင်ပါးသွားချိန်မှစ၍ ပဲဈေးများတဖြည်းဖြည်း မြင့်တက်လာခဲ့ရာ အောက်တိုဘာ၊ နိုဝင်ဘာလများအတွင်း ပဲဈေးနှုန်းများမှာ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီမှာတော့ ပဲသစ်စပေါ်ချိန်ဖြစ်လို့ ပဲဟောင်းဈေးကို မမီပေမယ့် တစ်တင်းကျပ် ငါးသောင်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲအထွက်လှိုင်ချိန်တွင်တော့ တစ်တင်း ကျပ် ၄၅၂၀၀ ဖြင့် ဈေးလျော့ခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ် ဖေဖော်ဝါရီမှာပဲအဝင်လှိုင်လာလို့ တစ်တင်းကျပ် ၃၂၀၀၀ နှင့်ကျပ် ၂၈၀၀၀ ကြား ဈေးနဲ့ရောင်းဝယ်ခဲ့ကြတဲ့အတွက် ရှေ့တစ်နှစ်ကျော် ဈေးထက်ဈေးပိုရခဲ့ပေမယ့် ယခင်နှစ်က ရခဲ့တဲ့ ပဲဈေးကို မမီဘဲဈေးအေးနေခဲ့တာ တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ယခုအချိန်တွင် မတ်ပဲ၊ ပဲစင်းငုံသီးနှံများလောက်ပဲအထွက်မရှိလို့ ပဲအဝင်ပါးသွားပေမယ့် ဈေးနှုန်းကတော့ ၂၀၁၅ ဖေဖော်ဝါရီလမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရခဲ့သလို ဈေးကွက်အတွင်းမှာ အခြားပဲများအားလုံးထက်လည်း ဈေးကောင်းရခဲ့ပြီး တစ်တင်းကျပ် ၃၂၀၀၀ နှင့်ကျပ် ၃၃၀၀၀ အကြားရရှိခဲ့ပါတယ်။၂၀၁၆ခုနှစ်မှာတော့ ယင်းပဲများထက် လျော့နည်းသွားပြီး တစ်တင်းကျပ် ၃၆၅၀၀ နှင့်ကျပ် ၃၇၀၀၀ ခန့်ရရှိခဲ့သော်လည်း ယခင်နှစ်ရဲ့ ဈေးထက်တော့ ဈေးကောင်းရခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ယခင်နှစ်ထက် ဈေးလျော့သွားပြီး ကျပ်သုံးသောင်းအောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် မတ်ပဲဈေးနှင့်ဈေးပြိုင်ရ လျက်ရှိကာ ပဲစင်းငုံသီးနှံထက် ဈေးပိုရခဲ့တာကိုလည်း တွေ့ရပါတယ်။

ပဲစင်းငုံမှာ မတ်ပဲကဲ့သို့ပင် ၂၀၁၆ ခုနှစ်အတွက် ဈေးကောင်းရခဲ့ပေမယ့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ယခင်နှစ်ရဲ့ဈေးကို မမီဘဲ ဈေးအေးခဲ့ကြပါတယ်။ ၂၀၁၅ခုနှစ်တွင် မတ်ပဲနှင့်ဈေးပြိုင်လိုလိုရနေပြီး တစ်တင်းကျပ် ၂၅၆၀၀ နှင့်ကျပ် ၂၈၅၀၀ ခန့် ရရှိခဲ့ကြပါတယ်။ ၂၀၁၆ခုနှစ်မှာ ပဲဈေးအားလုံးလိုလို ဈေးကောင်းခဲ့တာကြောင့် ပဲစင်းငုံဈေးမှာ မတ်ပဲသီးနှံဈေးကို မမီပေမယ့် ဈေးကွက်မှာ ဒုတိယဈေးအမြင့်ဆုံးရခဲ့တဲ့ပဲဖြစ်ပါတယ်။ တစ်တင်း ကျပ် ၄၁၀၀၀ မှ ကျပ် ၄၈၀၀၀ ထိရရှိခဲ့ပေမယ့် ၂၀၁၇ ခုနှစ်မှာ ပဲဈေးနှုန်းများလျော့နည်း ကျဆင်းခဲ့လို့ ပဲစင်းငုံဈေးဟာလည်း တစ်တင်းကျပ် ၂၂၅၀၀မှ ကျပ် ၂၄၅၀၀ ခန့်သာ ရရှိခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက်ပင် ဈေးလျော့သွားခဲ့ပါတယ်။

ပဲကြီးသီးနှံဈေးကတော့ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများကဲ့သို့ ဈေးအတက်အကျပြောင်းလဲမှု သိပ်မဖြစ်ဘဲ တက်ဈေးနဲ့သာ တစ်နှစ်ပြီး တစ်နှစ်ဈေးပိုလာလို့ ၂၀၁၅ ခုနှစ်မှာ(ရွှေကျွန်း) တစ်တင်းကျပ် ၂၁၅၀၀မှ ကျပ် ၂၄၅၀၀၊(ကမ်းနား) တစ်တင်းကျပ် ၁၈၅၀၀မှ ကျပ် ၂၃၀၀၀၊ ၂၀၁၆ ခုနှစ် တွင်ဈေးမြင့်ရလာပြီး(ရွှေကျွန်း)တစ်တင်းကျပ် ၂၈၅၀၀မှ ကျပ် ၃၆၀၀၀၊(ကမ်းနား) ပဲမှာ တစ်တင်းကျပ် ၂၃၀၀၀ မှ ကျပ် ၃၂၀၀၀ဖြင့် ပဲဟောင်း၊ ပဲသစ်နှစ်မျိုးအရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲသစ်ဈေးထက် ပဲဟောင်းဈေးက ဈေးပိုရခဲ့တယ်လို့လည်းသိရပါတယ်။ ၂၀၁၇ခုနှစ်မှာ ပဲကြီးဈေးအနေဖြင့် ပဲဟောင်းဈေးတစ်တင်း ကျပ် ၂၈၀၀၀၊ ပဲသစ်ဈေးတစ်တင်းကျပ် ၃၀၅၀၀ဖြင့် ရောင်းချမှုရှိခဲ့သလို (ရွှေကျွန်း) ပဲဈေးမှာပဲဟောင်းဈေးတစ်တင်း ကျပ် ၂၆၅၀၀၊ ပဲသစ်ဈေးတစ်တင်း ကျပ် ၂၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကဝယ်ယူခဲ့ကြတာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ၂၀၁၅ ခုနှစ်အတွင်း ဈေးအနိမ့်ဆုံးရခဲ့ပေမယ့် ကျန်နှစ်များမှာ ဈေးဆက်မြင့်လာပြီး ၂၀၁၇ ခုနှစ်အတွင်းမှာ ဈေးအမြင့်ဆုံးရခဲ့လို့ ပြည်ပဝယ်လက်ပဲများထက်ပင် ဈေးကောင်းရပြီး တစ်တင်းကျပ်လေးသောင်းကျော်အထိ ရရှိနေခဲ့ပါတယ်။ ပဲပုပ်ဈေးမှာတစ်နှစ်ထက်တစ်နှစ် ဈေးပိုရသော်လည်း တစ်တင်းကျပ်နှစ်သောင်း တစ်ပတ်လည်သာရရှိခဲ့ပြီး ယခုနှစ်ဈေးမှာ ရှေ့ကနှစ်များထက် ဈေးပိုရသော်လည်း ဈေးကွက်အတွင်း ဈေးအနိမ့်နဲ့ရောင်းဝယ်မှုရှိခဲ့တဲ့ ပဲဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဈေးငြိမ်သော်လည်း ပြည်ပဲဆန် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ကံမနဲ့ မင်းတုန်းဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၇၀၀ မှ ၈၀၀ခန့် ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ဈေးကွက်တွင် ပစ္စည်းလက်ကျန်ရှိနေသဖြင့် ဝယ်လိုအားရှိသော်လည်း ဈေးမမြင့်ဘဲ ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခင်ဖေဖော်ဝါရီလဆန်းက မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၆၂၅ ကျပ်၊ လုံးဆန်အနီတစ်ပိဿာလျှင် ကျပ် ၂၁၀၀ နှင့် လုံးဆန်အဖြူ တစ်ပိဿာလျှင် ၂၃၅၀ ကျပ်ဈေးဖြစ်တာတွေ့ရပါတယ်။ ယခု မတ်လဆန်းတွင် မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန်အနီ တစ်ပိဿာကို ၂၃၂၅ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဈေးရှိ နေတာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းနှင့် ယခုမတ်လဆန်း ဈေးနှုန်းကို နှိုင်းယှဉ်ကြည့်ပါက ယခင်လက ဆီဆန်ဈေးသာမြင့်ပြီး လုံးဆန်ဈေးက ယခုလကို မမီတာတွေ့ရပါတယ်။ ယခုလတွင် လုံးဆန်ဈေးမြင့်လာရခြင်းမှာ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိပြီး၊ လုံးဆန်(အနီ)ကို ပဲလှော်ဖိုများက အဝယ်ရှိနေသဖြင့် ဈေးအနည်းငယ်မြင့်တာတွေ့ရပါတယ်။

**ဝေဝေမင်း**

## ပြည်မတ်ပဲသစ် အထွက်လှိုင်သလို၊ ဝယ်လိုအားလည်း ကောင်းခဲ့လို့ ဈေးအနည်းငယ်လှုပ်

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ မတ်လဆန်းတွင် ဝင်ရောက်မှုများလာပြီဖြစ်တဲ့အတွက် မတ်ပဲသီးနှံလည်း အထွက်လှိုင်လာလို့ ဈေးကွက်မှာ နယ်စုံမှ ဝင်ရောက်လာပြီဖြစ်ပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ရွှေတောင်၊ ကျိုးသဲနှင့် ပြည်မြို့နယ်အတွင်းမှ ဝင်ရောက်မှုများသလို ကံမမြို့နယ် ဘက်မှလည်း ဝင်ရောက်ခဲ့တာကြောင့် တစ်ရက်အိတ် ၅၀၀ ကျော် ၆၀၀ အထိ ပဲအဝင်များခဲ့ပြီး၊ ရန်ကုန်ဝယ်လက်မှလည်း ဝင်လာသမျှ ဝယ်လိုအားကောင်းနေကာ ပဲဈေးမှာ တစ်တင်း ကျပ် ၃၀၈၀၀ ဖြင့် ဖေဖော်ဝါရီလကုန်က ဈေးထက် အနည်းငယ်ဈေးပိုလာပေမယ့် တချို့တောင်သူတွေကတော့ ပဲဈေးကောင်းစောင့်ကာ ထွက်ရှိလာသမျှ ပဲများအား ရောင်းချခြင်းမရှိသေးဘဲ သိုလှောင်ထားရှိကြ တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ပို့ကုန်အခြေခံအဆောက်အအုံအတွက် ဘဏ္ဍာငွေထောက်ပံ့မည့် အစီအစဉ်သစ်တစ်ခုကို အိန္ဒိယအစိုးရက စတင်အကောင်အထည်ဖော်မည်

အိန္ဒိယအစိုးရသည် ကုန်သည်များအတွက် လုပ်ငန်းကုန်ကျစရိတ်များ လျော့ကျစေရန် ရည်ရွယ်၍ အိန္ဒိယပို့ကုန်များအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ရန်အတွက် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အစီအစဉ်သစ်တစ်ခုကို စတင်အကောင်အထည်ဖော်လိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်အား Trade Infrastructure for Export Scheme (TIES) ဟု အမည်ပေးထားကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေက ဇန်နဝါရီလ ၂ ရက်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည်အခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ ကြီးမားသောစိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိပြီး အထူးသဖြင့် ပြည်နယ်များတွင်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံမလုံလောက်ခြင်းကြောင့် ၎င်းတို့၏လုပ်ငန်းကုန်ကျစရိတ်များ ပိုမိုကုန်ကျစေပြီး ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယကုန်စည်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုပါ သက်ရောက်စေလျက်ရှိကြောင်း၊ သို့ဖြစ်၍ ယခုအကောင်အထည်ဖော်မည့် အစီအစဉ်သစ်သည် ဆိပ်ကမ်းများသို့ ဆက်သွယ်သွားလာရေးနှင့်ကုန်စည်များစမ်းသပ် စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းများနှင့်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးဗဟို ဌာနများကဲ့သို့သော ခေတ်မီအခြေခံ အဆောက်အအုံများကို တည်ဆောက်ရာတွင် အထောက်အပံ့ပြုစေမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ လစဉ်ပို့ကုန် ပမာဏမှာ လေးလဆက်တိုက်တိုးတက်မှု ရှိလာခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉ ဘီလီယံသို့ ရောက်ရှိပြီး ၅ ဒသမ ၇၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ရေနံထွက်ပစ္စည်း၊ အင်ဂျင်နီယာလုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းများသည် ပို့ကုန်တင်ပို့မှုပမာဏ တိုးတက်မှု ကောင်းမွန်သည့် ကဏ္ဍများဖြစ်ကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ကြက်သွန်နီ

### တာချီလိတ်ကုန်သွယ်ရေးစခန်းမှသာ ကြက်သွန်နီတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၂၅၀ တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၅၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ တန်ချိန် ၁၂၀၊ မြဝတီမှ တန် ၃၀ စုစုပေါင်း တန်ချိန် ၁၅၀တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ကြက်သွန်နီ တန်တစ်ရာ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့များရှိ ကြက်သွန်စိုက် တောင်သူများသည် နှစ်စဉ်နိုဝင်ဘာလမှ ဒီဇင်ဘာလတွင် ရေသွင်း၍ စိုက်ပျိုးပြီး မတ်လမှ ဧပြီလဆန်းတွင် ကြက်သွန်အသစ်များပေါ်ကြောင်း မိတ္ထီလာခရိုင်ဈေးကွက်အတွင်းသို့ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်တို့မှ ဒေသထွက် ကြက်သွန်နီများပါ ဝင်ရောက်လေ့ရှိကြောင်း ဘုရင့်နောင် ကြက်သွန်ဈေးကွက်အတွင်းမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီ အဝင်လည်းများ အရောင်းအဝယ်လည်းသွက်

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ကြက်သွန်နီအဝင်များသလို အရောင်းအဝယ်လည်းသွက်နေကြောင်း သိရပါတယ်။ တောင်တွင်းကြီး၊ ရေနံချောင်း၊ဆိပ်ဖြူ၊ ပခုက္ကူ၊အောင်လံ၊ မကွေး စတဲ့နယ်စုံမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၆၀၀ နဲ့ ၇၀၀ ကြား ဝင်ရောက်မှုရှိနေတဲ့အတွက် ဈေးကွက်အတွင်းကုန် ပစ္စည်းပေါ်များနေတာတွေ့ရပါတယ်။ စားသုံးသူများက ကြက်သွန်နီအလတ်စများ ပိုမိုဝယ်ယူမှုရှိနေတာတွေ့ရပြီး ဈေးနှုန်းများ ဆက်လက်ကျဆင်းနေတဲ့အတွက် စိတ်ကြိုက်သုံးစွဲမှုရှိနေကြောင်း သိရပါတယ်။

အရောင်းအဝယ်အနေဖြင့် ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ သံတွဲ၊ တောင်ကုတ်မြို့နယ်များသို့ တစ်ရက်လျှင် အိတ် ၅၀ မှ ၈၀ ကြားတင်ပို့မှုရှိနေကြောင်း သိရပါတယ်။ ဒ့ါအပြင် ပြည်ဈေးကွက်အတွင်း ပွဲရုံပေါင်း ၁၈ ခုခန့်ရှိပြီး ဒေသတွင်းဝယ်လက်သမားများ၊ အိတ်ဆွဲသမားများနှင့် လှော်ငလက်သမားများ အပါအဝင် တစ်ရက်ကိုအိတ် ၃၀၀ ခန့်၊ ပိဿာချိန်အားဖြင့် ၉၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်မှာ လက်လီရောလက်ကားပါ ဈေးဆက်လက် ကျဆင်းလျက်ရှိနေပြီး ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၉၅၀ မှ ကျပ် ၁၀၀၀၊ (သေး) ကျပ် ၈၀၀-ကျပ် ၈၅၀-ကျပ် ၉၀၀တို့ ရှိပြီး လက်လီဈေးမှာ (ကြီး) ကျပ် ၁၅၀၀ - ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀မှ ကျပ် ၁၄၀၀၊ (သေး) ကျပ် ၁၀၀၀ မှ ကျပ် ၁၁၀၀တို့ဖြင့် ရောင်းဝယ်မှုရှိနေတာတွေ့ရပါတယ်။ ဈေးကွက်အတွင်း တရုတ်ကြက်သွန်နီ၊ အိန္ဒိယကြက်သွန်နီများမှာ ပစ္စည်းပြတ်လက်ကျန်မရှိဘဲ ဝင်ရောက်မှုမှာလည်း မရှိတော့ကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### ဈေးကျလာတဲ့ ပြည်ကြက်သွန်ဖြူအရောင်းအဝယ်သွက်

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ရှမ်းစရော ကြူကုတ်စပါ အဝင်များနေပြီး၊ ဈေးလည်း ကျလာပါတယ်။ လက်လီအရောင်းအဝယ်သမားများက အိတ်ဆွဲများလျက်ရှိနေတာကြောင့် အရောင်းအဝယ်လည်း သွက်နေပါတယ်။ ယခုမတ်လ ပထမပတ်တွင် ကြက်သွန်ဖြူတစ်ပိဿာလျှင် (ပွဲရုံဈေး) ရှမ်းစ ကျပ် ၁၈၀၀ မှ ကျပ် ၄၅၀၀ အထိရှိပြီး ကြူကုတ်စက တစ်ပိဿာ ကျပ် ၄၅၀၀ ရှိပါတယ်။

ဒေသတွင်းလက်လီ တစ်ပိဿာ အရောင်းအဝယ်ဈေးနှုန်းတွေက ရှမ်းစ ကျပ် ၄၅၀၀ မှ ၄၈၀၀ ဈေးနှင့် ကြူကုတ်စကကျပ် ၅၀၀၀ ဈေးဖြင့်ရောင်းချလျက်ရှိပါတယ်။ အလုံးအရွယ်အစား ကောင်းမွန်ပြီး အစိုဓာတ်မရှိဘဲ အရည်အသွေးလည်းကောင်းမွန်တာ တွေ့ရပါတယ်။ ကြက်သွန်ဖြူ(အခြွေ)များလည်း အရောင်းအဝယ်သွက်လျက်ရှိပါတယ်။ တစ်ပိဿာရောင်းဈေး (အခြွေ)က ကျပ် ၄၈၀၀ ဈေးဖြင့် သုံးစွဲမှုများတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်သွက်နေ ပါတယ်။ ယခုတစ်ပတ်ပြည်ပွဲရုံများတွင် ဒေသတွင်းလက်လီသမားများ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်းနှင့် တိုင်းဒေသကြီးအတွင်း ဝယ်လက်များကြောင့် တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှသိရပါတယ်။

**နီနီဝင်း**



## မန်ကျည်း

### ပြည်မန်ကျည်းမှည့် အဝင်ပြန်နည်းလာပြီး ဈေးအနည်းငယ်တက်

ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ မန်ကျည်းမှည့်အဝင်များပြီး ဈေးငြိမ်ခဲ့ရာမှ မတ်လဆန်းပထမပတ်မှာ မန်ကျည်းမှည့်အဝင်ပြန်နည်းလာပြီး၊ ဈေးအနည်းငယ် တက်လာပါတယ်။ ဈေးကွက်အတွင်းပွဲရုံများသို့ အစေ့ပါ မန်ကျည်းမှည့်တစ်မျိုးတည်းသာဝင်ရောက်လာပါတယ်။ မန်ကျည်းမှည့်ကို တောင်သူတွေက လက်ဝယ်ထားပြီး ကြိုက်ဈေးစောင့်ရောင်းလျက်ရှိနေတာ တွေ့ရပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၂၅၀၀ ဖြစ်ပြီး၊ ဒေသတွင်းလက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြင့် ရောင်းချလျက်ရှိပါတယ်။ မန်ကျည်းမှည့်ဈေးက အမြင့်ဈေးရှိနေပြီး ဈေးအတက်အကျရှိနေတာကြောင့် နယ်သမားများလည်း အရောင်းအဝယ်အေးကာ လှော်ငသမားများကလည်း လှော်ငဈေးမကိုက်တာကြောင့် အဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

**နီနီဝင်း**

### မန်ကျည်းတန်ချိန် ၈၀၀နီးပါးတင်ပို့

ဖေဖော်ဝါရီ ၁၉ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၇၉၆ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ပါကစ္စတန်နိုင်ငံသို့ ၅၉၈ တန်၊ စင်ကာပူနိုင်ငံသို့ ၂၃ ဒသမ ၅ တန် ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၇၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၂၇၅တန်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၅၇၇၀၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**oDwm0if;(DOT)**

## ပရဆေး

### မူဆယ် ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၅ မျိုး၊ တန်ချိန်အားဖြင့် ၁၁၁၈ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၀၈၃ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပရဆေး ၃၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းသီးခွံ၊ နနွင်းတက်၊ နနွင်းခေါင်း၊ စမုံနက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ မာလာဥ၊ မာလာဥခေါင်း၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ချဉ်ပေါင်ဖာလာနဲ့ ဆီးဆန်တို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ ပရဆေးကုန်ကြမ်း အမျိုးမျိုးကို တရုတ်နိုင်ငံအနေနဲ့ တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာမှာ လည်းကောင်း၊ သဘာဝ ဓာတ်မြေသြဇာ ထုတ်လုပ်ရာမှာလည်းကောင်း၊ ဟင်းခတ်အမွှေးအကြိုင် ဖော်စပ်ရာမှာလည်းကောင်း အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### နနွင်းတန်ချိန်၁၀၀နီးပါးတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၉၇ တန် တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်း(ရှမ်းစ) ၂၂တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ နနွင်း(ရှမ်းစ) ၇၅ တန်ကို မလေးရှားနိုင်ငံသို့ လည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့တန်ချိန် ၁၂၆ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ၂၉တန်ကျော် တင်ပို့မှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၇၀၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**oDwm0if;(DOT)**

### မူဆယ်ရော၊ မြဝတီမှပါ နနွင်းတက် တင်ပို့

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃၈၄၄၂ တန်ဖိုးရှိနနွင်းတက် (ရှမ်းစ) ၂၀၅တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၉၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ နနွင်းတက် ၁၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်က နနွင်းတင်ပို့မှု မရှိခဲ့ဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁၆၁၂၆ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၂၄ တန်ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးက (ငွေလဲနှုန်းအရ) ၉၁၈၀၀၀ ကျပ် ခန့်ရှိပြီး မြဝတီမှ ၉၀၄၄၀၀ ကျပ် ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မုံရွာကြက်သွန်နီဈေးနှုန်း ဆက်လက်ကျဆင်း

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ဖေဖော်ဝါရီလကုန်ပတ်မှာ ကြက်သွန်နီဈေးနှုန်း ဆက်လက်ကျဆင်းလာတာ တွေ့ရပါတယ်။ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုများပြားသဖြင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း မုံရွာကြက်သွန်နီပွဲရုံလုပ်ငန်းရှင်များထံမှသိရပါတယ်။ပွဲရုံသို့နေ့စဉ် ကြက်သွန်နီ ဝင်ရောက်မှုမှာ ပိဿာ ၂၀၀၀၀ ခန့်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်းဝယ်လက်များနှင့် အိတ်ဆွဲသမားများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်မှုအပါအဝင် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၆၅၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကား တစ်ပိဿာ (ကြီး)ကျပ်၇၀၀၊ (လတ်) ကျပ် ၆၀၀၊(သေး) ကျပ်၅၀၀နှုန်းရှိပြီး လက်လီဈေးနှုန်းတစ်ပိဿာ(ကြီး)ကျပ်၁၀၀၀၊ (လတ်)ကျပ် ၉၀၀၊ (သေး) ကျပ်၈၀၀နှုန်းဖြစ်ပြီးယခင်တစ်ပတ်က ပွဲရုံဈေးနှုန်းမှာ တစ်ပိဿာ (ကြီး) ကျပ် ၈၀၀၊ (လတ်) ကျပ်၇၀၀၊ (သေး) ကျပ် ၆၀၀၊ လက်လီဈေးနှုန်းမှာ တစ်ပိဿာ (ကြီး) ၁၃၀၀ ကျပ်၊ (လတ်) ၁၂၀၀ ကျပ်၊ (သေး) ၁၁၀၀ ကျပ် အသီးသီး ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပျမ်းမျှတစ်ပိဿာဈေးနှုန်း ကျပ် ၃၀၀ ဝန်းကျင်ခန့် ကျဆင်းသွားကြောင်း သိရှိရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူသစ်များ မုံရွာပွဲရုံသို့ပိဿာ ၃၀၀၀ ကျော် ဝင်ရောက်လာကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ (ဟောင်း) တစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး(ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့တစ်ပိဿာ(ဗမာ) ကျပ် ၅၅၀၀၊(ရှမ်း) ကျပ် ၅၀၀၀ ဖြစ်ပြီး အသစ် လက်ကားဈေးနှုန်းမှာ(ဗမာ) ကျပ် ၂၈၀၀၊(ရှမ်း) ကျပ် ၂၅၀၀၊ လက်လီ ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၀၀၀၊(ရှမ်း) ကျပ် ၂၈၀၀နှုန်းပေါက်လျက် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

# တိုးချဲ့စိုက်ပျိုးသင့်သော အမယ်သစ်ပို့ကုန်



à အောင်မင်း ( တန့်ဆည် )

Sacha Inchi/Inca Peanut (ခေါ်) ကြယ်ပဲမျိုးစိတ်တို့ကို ပီရူးနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး အခွံမာ အစေ့အဆံ (Nut) အုပ်စုဝင် ပဲမျိုးစိတ်တစ်ခုဖြစ်ပါသည်။ ၎င်း၏ ပင်ရင်းဒေသမှာ အဓိကအားဖြင့် အပူပိုင်း တောင်အမေရိကဖြစ်ပြီး ကာရေဘီယံအတွင်း လေညာအရပ်ရှိ ကျွန်းများအနက်မှ အချို့ကျွန်းများလည်းပါဝင်ပါသည်။ ရုက္ခဗေဒ အမည်မှာ Plukenetia Volubilis ဖြစ်သည်။ Sacha Peanut (သို့မဟုတ်) Mountain Peanut (သို့) Inca-Peanut ဟုလည်း ခေါ်ကြပါသည်။ အရွက်များမှာ အမွှေးထူပြီး နှစ်ရှည်ပင်ဖြစ်သည့် Euphorbiaceae မျိုးရင်းပင်ဖြစ်ပါသည်။ ဗီတာမင် A, E နှင့် သက်စောင့်ဓာတ်ဖြစ်သော Omega 3,6,9 များ ကြွယ်ဝစွာ ပါဝင်သည့်အတွက် စားသောက်ကုန်အပြင် ဆေးဝါးကုန်ကြမ်းတစ်မျိုးအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ ပီရူးနိုင်ငံရှိ အမေဇုန် မိုးသစ်တောများအတွင်းရှိ ဒေသခံများ စိုက်ပျိုးခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ကြောင်း သိရှိရပါသည်။

နွေးသမရာသီဥတုနှင့် မြေမျက်နှာပြင်အမြင့် ၁၇၀၀ မီတာ (၂၂၀၀ ပေ)၌ ရှိသောနေရာများတွင် ရေစဉ်ဆက်မပြတ်ရရှိနိုင်ပြီး ကောင်းမွန်သော ရေဆည်မြောင်းများရှိလျှင် ၎င်းဒေသတစ်လျှောက် စိုက်ပျိုးနိုင်ပါသည်။ ၎င်းသည် မြေချဉ်/ iH PH 7 ထက်နိမ့်သောမြေများနှင့် မြစ် များနှင့်နီးသော နုန်းတင်မြေနုလွင်ပြင်များတွင် ပို၍ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကြယ်ပဲမျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးသက် ၄၅ ရက်တွင် မြေချစိုက်ပျိုးနိုင်သည်။ အညှောင့်ပေါက်ပြီးမျိုးစေ့များကို တိုက်ရိုက်မြေချ၍လည်း စိုက်ပျိုးနိုင်သည်။ သဘာဝမြေသြဇာများဖြင့် အမြင့်ပေ ခြောက်ပေခွဲ တိုင်ထောင်စိုက်ပျိုးနိုင်ကြောင်း၊ နွယ်ပင်အမျိုးအစားဖြစ်၍ အညွန့်ဖြတ်ပေးရပြီး ငါးလအကြာတွင် စတင်၍ ဖူးပွင့်ကာ အသီးစတင်သီးကာ ရှစ်လအကြာတွင် အသီးခြောက်များ ဆွတ်ခူး ရောင်းချနိုင်ကြောင်း သိရှိရပါသည်။ အပင်အမြင့်မှာ ၂ မီတာ (ခြောက်ပေခွဲ)ထိ မြင့်နိုင်ပါသည်။ အရွက်မှာ တစ်လှည့်စီထွက်ပြီး အသဲပုံ၊ လွှသွားကဲ့သို့ အနားများရှိ၍ ၁၂ စင်တီမီတာ (၄ လက်မ - ၄ ဒသမ ၇ လက်မ) အရှည်နှင့် ၈-၁၀ စင်တီမီတာ (၃ ဒသမ ၁ လက်မ - ၃ဒသမ ၉ လက်မ)အကျယ်ရှိပါသည်။ ၎င်းတွင် ရွက်ညှာများမှာ ၂-၆ စင်တီမီတာ (သုညဒသမ ၈လက်မ - ၂ဒသမ ၄လက်မ) ရှည်ပါသည်။ စိုက်ပျိုးပြီး ငါးလကြာလျှင် ပန်းများပွင့်ပြီး ရှစ်လခန့်တွင် အစေ့များဖြစ်ပေါ်လာပါသည်။ အဖိုပွင့်များမှာ သေးငယ်၍ အဖြူရောင်ရှိပြီး အဆုပ်လိုက် ပွင့်ပါသည်။ ပန်းခိုင်၏အခြေတွင် အမပွင့်နှစ်ပွင့် တည်ရှိပါသည်။ အပူပိုင်းဒေသများတွင် နွယ်များအတွက် တစ်ခါတစ်ရံတိုင် သို့မဟုတ် စင်များ ပြုလုပ်ပေးရန်လိုအပ်ပြီး၊ တစ်နှစ်ပတ်လုံးနီးပါး အစေ့များ ထုတ်လုပ်ပေးပါသည်။

အသီးများမှာ အတောင့်များဖြစ်ပြီး အချင်း ၃ ဒသမ ၅ စင်တီမီတာနှင့် အချွန်မှာ လေးခုမှ ခုနစ်ခုရှိ၍ ရင့်မှည့်သောအခါ အညိုနက်ရောင်ရှိသည်။ သက်တမ်းနှစ်နှစ်သားတွင် တစ်ကြိမ်လျှင် အသီး ၁၀၀ ခန့် ရိတ်သိမ်းနိုင်ပြီး အစေ့ ၄၀၀-၅၀၀ ရရှိ၍ တစ်နှစ်လျှင် အကြိမ်အနည်းငယ် ရိတ်သိမ်းနိုင်ပါသည်။ GAP နည်းဖြင့်စိုက်လျှင် အထွက်နှုန်းပိုမိုကြောင်း၊ ပထမနှစ်တွင် အစေ့ ၁၆၀၀-၂၀၀၀ နှစ်ကီလို၊ ဒုတိယနှစ်မှစ၍ သုံး-ငါးကီလိုဂရမ်ထိ ရရှိနိုင်ကြောင်း၊ လက်တွေ့စိုက်ပျိုးသူများထံမှ သိရှိရပါသည်။ အသီးတောင့်များတွင် အများအားဖြင့် အစေ့အိမ် ( Lobes )များ လေးငါးခု ပါဝင်လေ့ရှိပြီး၊ အချို့တွင် အစေ့အိတ် ခုနစ်ခု ထိပါဝင်ပါသည်။ အစေ့အိမ်ထဲတွင် အစေ့များရှိပါသည်။ အစေ့များသည် ဘဲဥပုံညိုနက်ရောင်ရှိပြီး အချင်း ( 1.5-2 cm )နှင့် (45-100 gm) အလေးချိန်ရှိပါသည်။ မပြုပြင်ရသေးသော (အစေ့ကြမ်း) အစေ့မှာ စားသုံး၍ မရနိုင်သော်လည်း လှော်၍ အခွံချွတ်ပြီးနောက် အရသာ အလွန်ရှိပါသည်။

ကွန်ကရစ်တိုင် (သို့) မျောတိုင်၊ ဝါးတိုင်၊ သွပ်နန်းကြိုး၊ စင်များပေါ် တင်ပေးပြီး တစ်နှစ်အတွင်း အသီးများ စတင်ရရှိပါသည်။ အသီးများကို ခြောက်သွေ့မှသာ ဆွတ်ခူးသင့်ပြီး၊ နေလှမ်းကာ ခြွေလှေ့ ကြိတ်ခွဲစက်ဖြင့် အစေ့များကိုရယူနိုင်ပါသည်။ တစ်ကြိမ်စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနေရုံဖြင့် နှစ် ၃၀ မှ ၅၀ အထိ အသီးခူးနေရုံသာဖြစ်ပါသည်။ ရေဝပ်ခြင်း၊ ရေငတ်ခြင်းများ မဖြစ်အောင် စီမံထားသင့်ပါသည်။ ကျောက်တိုင် (သို့) မျောတိုင်များကို မယိုင်မလဲအောင် ကျားကန်ခြင်း၊ ငုပ်တိုင်ဖြင့် ဆိုင်းကြိုးများ ဆွဲခြင်း၊ အစွန်တိုင်များကို အနည်းငယ်စောင်းထားခြင်းတို့ ပြုလုပ်ထားသင့်ပါသည်။ အထွက်နှုန်းကောင်းစေရန် မြေဆီလွှာကောင်းသောနေရာတွင် ရွေးချယ်စိုက်ပျိုးခြင်း၊ ပေါင်းမြက် ကင်းစင်အောင် ဂရုတစိုက် ဆောင်ရွက်ပေးရာတွင် ပေါက်ပြားမသုံး၊ ကြားထွန်မတိုက်ဘဲ လက်ဖြင့်သာ အမြစ်ပါအောင် ဆွဲနှုတ်ခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ ပြုစုထိန်းသိမ်းပေးနိုင်သည်နှင့်အမျှ အသီးများ ဆက်တိုက်သီးနေမည် ဖြစ်ပါသည်။

စိုက်ပျိုးစဉ်ကာလတွင် ရေကို ၉၀ ရာခိုင်နှုန်းပေးရန်လိုအပ်ပြီး၊ အလင်းရောင်လိုအပ်မှုမှာ ၁၂ နာရီဖြစ်သဖြင့် နေရောင်ခြည်ကောင်းစွာရရှိသော နေရာတွင်စိုက်ပျိုးသင့်ပါသည်။ ကြယ်ပဲကို စိုက်ပျိုးပုံမှာ ဇွန်လတွင် ကျင်းတူး၊ မြေဆွ၊ သစ်ရွက်ဆွေးမြေသြဇာ ထည့်ပေးရန်လိုအပ်ပြီး၊ ဇူလိုင်လတွင် အပင်မြေချစိုက်ပျိုးရကြောင်း သိရှိရပါသည်။ အစောင်း၄၅ ဒီဂရီ ထက်မကျော်လွန်သော တောင်ကုန်း တောင်စောင်းများတွင်လည်း စိုက်ပျိုးနိုင်ပါသည်။ ပြင်ဦးလွင်တွင်လည်း စတင်စိုက်ပျိုးလျက်ရှိပြီး အပင်အသီးကောင်းစွာ ဖြစ်ထွန်းမှုရှိကြောင်း၊ အထွက်နှုန်း မြင့်ကြောင်း သိရပါသည်။

PH(4.5 - 6.5) အတွင်း စိုက်ပျိုးနိုင်ပြီး စိုထိုင်းစ (Humidity) ၈၀ ရာခိုင်နှုန်းလိုအပ်သဖြင့် ရေပေးသွင်းနိုင်ပါက ရာသီမရွေး စိုက်ပျိုးနိုင်ပါသည်။

တစ်ဧကပျိုးပင် ၅၀၀ ခန့် ဝင်ဆံ့အောင် စိုက်ပျိုးနိုင်ပြီး၊ တစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ် အနည်းဆုံးကျပ် ၁၀ သိန်း ဝန်းကျင်ကုန်ကျပြီး တစ်နှစ်ဝင်ငွေ ကျပ်၁၆ သိန်းမှ ကျပ် ၄၀ သိန်းခန့် ရရှိနိုင် ကြောင်းသိရှိရပါသည်။ ပုံမှန်ထွက်ရှိက တစ်ဧကဝင်ငွေသည် (၅၀၀ပင် × ၄ကီလို × ၁၀၀၀ နှုန်း) = (၁၅) သိန်းဟု ခန့်မှန်းတွက်ချက်နိုင်ပြီး တစ်နှစ်အတွင်း စတင်ဝင်ငွေရရှိသော နှစ်ရှည်ပင်တစ်မျိုးဖြစ်၍ ကျန်နှစ်များတွင် ထိန်းသိမ်းပြုပြင်စရိတ်သာ ကုန်ကျသဖြင့် နှစ်၃၀မှ ၅၀အထိ ဝင်ငွေရှိနေပြီး အမြတ်သေချာသော သီးနှံထွက်ကုန်ဖြစ်ပါသည်။

ကြယ်ပဲသည် နွယ်ပင်အမျိုးအစားဖြစ်ပြီး အရွက်၊ အညွန့်၊ အသီး၊ အစေ့များကို ပုံစံမျိုးစုံဖြင့် စားသုံးနိုင်ပြီး ဗီတာမင် (A)(E) နှင့် Omega 3,6,9 ကြွယ်ဝစွာပါဝင်သော နွယ်ပင်အမျိုးအစား ဖြစ်ပါသည်။ ပြည်ပနိုင်ငံများတွင် ငါးကြီးဆီအစားထိုး၊ အလှကုန်ပစ္စည်းမျိုးစုံကို နည်းပညာအကူအညီဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိပါသည်။

ကြယ်ပဲအရွက်ကို လက်ဖက်ခြောက် ပြုလုပ်ပြီး သောက်ခြင်းအားဖြင့် အဆီကျ၍ မှတ်ဉာဏ်ကောင်းစေနိုင်ကြောင်း သိရှိရပါသည်။ ပဲညွန့်များကို ကြော်ချက်စားသောက်ခြင်း၊ ပဲရွက်များကို ကြော်စားခြင်း၊ မုန့်အမျိုးအမျိုး ပြုလုပ်စားသောက်နိုင်ကြောင်း သိရှိရပါသည်။ အစေ့မှ အဆီအဖြစ် ထုတ်လုပ်စားသုံးနိုင်ကြောင်း သိရှိရပါသည်။ ကြယ်ပဲအဆီမှာ ကိုယ်လက်စထရော မပါဝင်ကြောင်း သိရှိ ရပါသည်။ ကြယ်ပဲ (Sacha Inchi )၏ အစေ့များမှာ ပရိုတင်းပါဝင်မှု ၂၇ ရာခိုင်နှုန်း မြင့်မားပြီး၊ အဆီမှာ (၃၅-၆၀ရာခိုင်နှုန်း)ပါဝင်သည်။ ဆီသည် မရှိမဖြစ်လိုအပ်သော အဆီ အက်စစ်အိုမီဂါ-၃ ဂျီနိုလင်း နစ်အက်စစ် (စုစုပေါင်းအဆီ၏ ၄၅-၅၃ ရာခိုင်နှုန်း)နှင့် အိုမီဂါ-၆ လီနိုလစ်အက်စစ် (အဆီပါဝင်မှု၏ ၃၄-၃၉ ရာခိုင်နှုန်း)ပါဝင်သည်။ မရှိမဖြစ်လိုအပ်ခြင်းမဟုတ်သော အိုမီဂါ-၉ အဆီ (၆-၁၀ ရာခိုင်နှုန်း)လည်း ပါဝင်သည်။ ၎င်းအဆီအက်စစ်အားလုံးသည် အိုင်အိုဒင်း၊ ဗီတာမင်(A) နှင့် (E) ကြွယ်ဝ ပါသည်။



ကြယ်ပဲကို အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ထွက်သမျှ ဝယ်ယူလျက်ရှိကြောင်း သိရှိရပါသည်။ လက်ရှိကြယ်ပဲ ပေါက်ဈေးနှုန်းမှာ မျိုးစေ့တစ်ဂရမ်လျှင် ကျပ် ၃၀၀၀၀ ဖြင့် ရောင်းချပြီး ထွက်ရှိလာသော ကြယ်ပဲများအား ပြန်လည် ဝယ်ယူသည့် ဈေးမှာတစ်တန်လျှင် ကျပ် ၁၀ သိန်းဝန်းကျင်ဈေးဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရှိရပါ သည်။

မြန်မာနိုင်ငံတွင် ကြယ်ပဲကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကုမ္ပဏီများက မျိုးစေ့ဖြန့်ဖြူးခြင်း၊ ထွက်ရှိပဲများ ပြန်လည်ဝယ်ယူသည့် အဝယ်စခန်းများ ဖွင့်လှစ်သည့် ကုမ္ပဏီများမှာ ခါနန်ရွှေပြည်ကုမ္ပဏီ၊ Golden Sacha Inchi ကုမ္ပဏီတို့ဖြစ်ကြောင်း သိရှိရပါသည်။

ပင်ရင်းဒေသသည် ပူအိုက်စွတ်စိုပြီး၊ မိုးရေချိန်များပြားသောဒေသဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံနှင့် ရေမြေသဘာဝတူညီနိုင်ကြောင်း လေ့လာတွေ့ရှိရသဖြင့် မြန်မာနိုင်ငံတွင် တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးခြင်းမှ ပြည်ပပို့ကုန် အမယ်သစ်အဖြစ် ကြယ်ပဲကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်တစ်မျိုးတည်းသာဝင်

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၉၇၇၈၂၃ တန်ဖိုးရှိ ဒီဇယ် ၅၀၇၉၈ဒသမ၀၉၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် (95)နဲ့ (92) တင်သွင်းမှုမရှိခဲ့ဘဲ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်သာအဝင်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၁၀၂၀၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၁၂၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီး၊မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီ ပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ရင် ရန်ကုန်မှာ ဒီဇယ်ရော ဓာတ်ဆီဈေးပါ သိပ် အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့ (92)ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၇၂၅ကျပ်၊ အောက်တိန်း (92) ၇၃၅ကျပ် ၊ အောက်တိန်း (95)၇၇၅ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၄၅ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ် နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၃၀၀၀၊ ရောင်းဈေး ကျပ်၁၄၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ်လ၃ရက်နေ့တွင်ဝယ်ဈေး ဈေးငြိမ်ပြီး ရောင်းဈေး ကျပ်၁၀၀၀ ဈေးမြင့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၂၇ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၅၀၀၀၀ ၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၃ ရက်တွင် ဝယ်ဈေး ကျပ်၁၅၄၀၀၀၊ ရောင်းဈေး ကျပ် ၁၅၇၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၁၀၀၊ ဓာတ်ဆီတစ်ဂါလံကျပ်၃၃၀၀ နဲ့အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ် ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၈၀ ကျပ်၊ ဒီဇယ် ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် ၇၈၀ ကျပ်၊ အောက်တိန်း (92) ၈၀၀ ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဖေဖော်ဝါရီ ၂၇ရက် မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၅၁၀၀၀၊ ရောင်းဈေး ကျပ် ၁၅၄၀၀၀နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ မတ် ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၄၀၀၀၊ ရောင်းဈေးကျပ် ၁၅၇၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၂၀၀၀၊ ရောင်းဈေးကျပ် ၁၄၅၀၀၀ နဲ့အရောင်း အဝယ်ဖြစ်ခဲ့ရာ မတ် ၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ် ၃၃၀၀၊ ဓာတ်ဆီ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီမှာဈေးငြိမ်ပြီး ဒီဇယ်နဲ့အောက်တိန်းမှာ ဈေး နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီကျပ်၃၃၀၀၊ ဒီဇယ် ၃၄၂၀ ကျပ်၊ အောက်တိန်း ၃၄၈၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၅၀၀၊ အောက်တိန်း တစ်ဂါလံ ကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေး ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံ ဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၅၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ် ဂါလံ ကျပ် ၃၅၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၅၀၀ နဲ့အရောင်း အဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။ ဈေးကွက်အတွင်းဝယ်လိုအားနှင့် ရောင်းလိုအားမျှ နေသော်လည်း ငွေလဲနှုန်းများမှာ ကျဆင်းနေသည်ဟုဆိုသည်။

"ပြီးခဲ့တဲ့တစ်ပတ်ကထက် ငွေလဲနှုန်းတွေ ကျဆင်းလာခဲ့ပါတယ်။ ဈေးကွက် ထဲမှာ ရောင်းလိုအားနဲ့ ဝယ်လိုအားမျှနေပေမယ့် ဈေးကကျလာတယ်။ ကမ္ဘာမှာ လည်း အမေရိကန်ဒေါ်လာနဲ့ တခြားငွေကြေးတွေရဲ့လဲလှယ်နှုန်းကလည်း ကျ ဆင်းလာတဲ့အတွက် အခုလိုပြည်တွင်းငွေလဲနှုန်းတွေပါ လိုက်ပါကျဆင်းလာတာပါ" ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသည့် ကိုစိုးတင့်က ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် ဖေဖော်ဝါရီ ၂၇ ရက်က ရောင်းဈေး ၁၃၆၄ ကျပ်၊ ဝယ်ဈေး ၁၃၆၂ ကျပ်ရှိခဲ့ပြီး မတ် ၁ ရက်တွင် ရောင်းဈေး ၁၃၆၂ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၆၀သို့ကျဆင်းခဲ့သည်။ မတ် ၃ ရက်တွင် ရောင်းဈေး ကျပ် ၁၃၆၀၊ ဝယ် ဈေး ၁၃၅၈ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။

ထို့ပြင် ဗဟိုဘဏ်ကလည်း ပြည်တွင်းငွေလဲနှုန်းများကို ပြင်ပငွေလဲစင်တာ များမှ သတ်မှတ်သည့်နှုန်းထားများအတိုင်း သတ်မှတ်မည်ဟု ထုတ်ပြန်ကြေညာခဲ့ သည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးများ လိုက်ပါကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်က ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ကျပ်ကိုး သိန်းကျော်အထိ မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန် လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိ ရသည်။

ယင်းကဲ့သို့ ကျဆင်းလာရခြင်းမှာ ကမ္ဘာ့ရွှေဈေးများကျဆင်းလာသဖြင့် ၎င်း နှင့်ဆက်စပ်နေသည့် ပြည်တွင်းရွှေဈေးများလည်း ကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

"ဒီတစ်ပတ်မှာ ရွှေဈေးကကျလာတယ်။ ကမ္ဘာ့ရွှေဈေးကျလာတော့ ပြည်တွင်း ရွှေဈေးလည်း ကျလာတာပေါ့။ ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်မှာ မူတည်ပြီး ပြည်တွင်းရွှေဈေး အတက်အကျ ဖြစ်နေတဲ့အတွက် ဝယ်ရောင်းလုပ်တဲ့နေရာမှာ ကမ္ဘာ့ရွှေဈေးကို စောင့်ကြည့်နေရတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းကတော့ ကမ္ဘာ့ရွှေ ဈေးက အတက်ကြမ်းသွားခဲ့လို့ ပြည်တွင်းရွှေဈေးမှာလည်း ကျပ်ကိုးသိန်းကျော် တဲ့အထိ မြင့်တက်သွားခဲ့တာပါ။ ရွှေဈေးမြင့်တက်ခဲ့တာ ကြောင့် အရောင်းအဝယ် တွေ အေးသွားခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ဈေးပြန်ကျလာတဲ့အတွက် ဈေးကွက် ထဲမှာ ပြန်ပြီး လှုပ်လှုပ်ခတ်ခတ်ဖြစ်လာပါတယ်"ဟု ရွှေဈေးကွက်အတွင်း ရွှေဝယ် ရောင်းပြုလုပ်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၂၇ ရက်က အခေါက်ရွှေ တစ်ကျပ် သားလျှင်ကျပ် ၉၀၂၀၀၀ သို့ရောက်ရှိခဲ့သော်လည်း မတ် ၂ ရက်တွင် ကျပ် ၈၉၇၅၀၀ သို့ ကျဆင်းခဲ့ပြီး မတ် ၄ ရက်တွင် ကျပ် ၈၉၂၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဖေဖော်ဝါရီ ၂၇ ရက်က ၁၂၅၇ အမေ ရိကန်ဒေါ်လာရှိခဲ့ပြီး မတ် ၂ ရက်တွင် ၁၂၄၇ဒေါ်လာသို့လည်းကောင်း၊ မတ် ၄ ရက်တွင် ၁၂၃၅ ဒေါ်လာသို့လည်းကောင်း ကျဆင်းခဲ့သည်။

**မယ်သီတာ**

# FMI နှင့် MTSH တို့၏အစုရှယ်ယာဈေးနှုန်းများ မြင့်တက်

ယခုတစ်ပတ်တွင် ရန်ကုန်စတော့ အိတ်ချိန်း၌ ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများအနက် MTSH နှင့် FMI တို့၏ဈေးနှုန်းများ မြင့်တက်လာ ခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန် ချက်များအရ သိရသည်။

FMI ၏ အစုရှယ်ယာများမှာ ယခုတစ်ပတ်အတွင်း အဝယ်လိုက်လာ သဖြင့် ဈေးကွက်၏သဘောအရ ဈေး မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ MTSH ၏ ရှယ်ယာများမှာမူ သီလဝါအထူး စီးပွားရေးဇုန်၏ ဇုန်ဘီကို ဖွင့်လှစ် လိုက်ခြင်းကြောင့် ဈေးမြင့်တက်လာရ ခြင်းဖြစ်သည်ဟု ဆိုသည်။

"FMI ရှယ်ယာက ဈေးမြင့်တက် လာတာ အဝယ်လိုက်လာတာလည်းပါ တယ်။ အဝယ်လိုက်လာတဲ့အတွက် ဈေးမြင့်တက်လာတာပါ။ MTSH က တော့ ဇုန်အေက လုပ်ငန်းတွေကလည်း တချို့စက်ရုံတွေက လုပ်ငန်းလည်ပတ် နေသလို ဇုန်ဘီကိုလည်း လုပ်ငန်း ဆောင်ရွက်ဖို့ ဖွင့်လှစ်လိုက်ပြီဖြစ်တဲ့ အတွက် သူ့ရဲ့လုပ်ငန်းဆောင်ရွက်မှု ပမာဏက များလာတဲ့အတွက် အခုလို ဈေးမြင့်တက်လာရတာပါ။ ကျန်တဲ့ရှယ် ယာတွေကတော့ မဆိုစလောက်လေးပဲ တက်လာတာပါ"ဟု ရှယ်ယာဈေးကွက် အတွင်း ဝယ်ရောင်းပြုလုပ်နေသည့် ကိုတင်ထွန်းက ပြောကြားခဲ့သည်။

FMI ၏ရှယ်ယာဈေးသည် ကျပ် ၁၅၀၀၀ မှ ကျပ် ၂၀၅၀၀ သို့ မြင့်တက် လာခဲ့ပြီး MTSH ရှယ်ယာမှာ ကျပ် ၄၁၀၀ မှ ကျပ် ၄၆၀၀ သို့မြင့်တက်လာ ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

March 3, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.32 |
| BDT | Bangladesh Taka | 79.45 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.95 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.84 |
| I DR | Indonesia Rupiahs | 13378.12 |
| JPY | Japan Yen | 114.16 |
| MYR | Malaysia | 4.45 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 50.40 |
| RUB | Russia Rubles | 58.91 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1154.96 |
| LKR | Sri Lanka Rupe | 151.18 |
| THB | Thailand Baht | 35.06 |
| GBP | United Kingdom Pounds | 0.82 |
| VND | VietnamDon | 22836.26 |

*Source:xe.com*

## World Gold Price

March, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1254 | 1256 | 1256 |
| 28 | 1251 | 1252 | 1253 |
| 1 | 1240 | 1242 | 1243 |
| 2 | - | - | - |
| 3 | 1227 | 1230 | 1230 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-2-2017 | 902.50 | 902.50 |
| 28-2-2017 | 901.00 | 901.00 |
| 1-3-2017 | 897.00 | 897.10 |
| 2-3-2017 | - | - |
| 3-3-2017 | 890.00 | 889.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6 .87 | 34.86 | 79.67 | 66.73 |
| 28 | 6. 87 | 34.90 | 79.70 | 66.73 |
| 1 | 6 .88 | 35.01 | 80.06 | 66.89 |
| 2 | 6 .88 | 35.00 | 79.89 | 66.73 |
| 3 | 6.90 | 35.06 | 79.45 | 66.84 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-February | 18.34 | 2849.95 | 1907.58 | 5967.81 | 1026.00 |
| 28-February | 18.30 | 2863.84 | 1924.16 | 6012.61 | 1028.00 |
| 1-March | 18.25 | 2890.27 | 1949.25 | 6092.58 | 1020.00 |
| 2-March | - | - | - | - | - |
| 3-March | 17.73 | 2858.24 | 1953.95 | 6044.86 | 966.00 |

Source:kitco.com

## Energy NYMEX 3-3-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.71 | 0.10 | 0.19 |
| Brent Crude Futr (USD/bbl) | 55.19 | 0.11 | 0.20 |
| Gasoline Rbob Fut (Cent/gal) | 164.79 | 0.46 | -0.28 |
| Natural Gas Futr (USD/MMBtu) | 2.81 | 0.01 | 0.21 |
| Heating Oil Futr (Cent/gal) | 158.02 | 0.11 | 0.07 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို



ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၃၃၀၅၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၄၃၆၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၆၂၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၀၀၀ နဲ့ တရုတ်နိုင်ငံမှ ၁၆၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ်များမှာ အက်(စ်)စီဂျီ၊ စိန်နဲ့ အခြားတံဆိပ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၇၃၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၇၀၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီလတင်သွင်းမှုများထဲမှာ ဒီတစ်ပတ်က ပင်လယ်ရေကြောင်းလမ်းမှ တန်ချိန်အများဆုံး တင်သွင်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းသွက်

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၄၃၆၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၇၃၂၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၇၀၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၅၈၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၇၀၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၄၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင် ပွဲရုံတန်းအိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့(မြိုင်ကလေး)ကကျပ်၅၀၊ ဆင်နဲ့စိန်က ၂၅ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ၅၄၀၀ ကျပ်၊ စိန်(ထိုင်း)၅၄၀၀ ကျပ် ၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၅၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်ပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၂၀၀၊ နဂါး ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း)ကျပ် ၅၆၀၀၊ ကြံ့ ကျပ်၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာ အဝင်လျော့

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၃၅၆၀၆ တန်ဖိုးရှိ မြေသြဇာ ၁၃၅၄ ဒသမ ၄၈၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျနိုင်ငံမှ ၂ ဒသမ ၁၃ တန်၊ တရုတ်နိုင်ငံမှ ၂၄ တန်၊ ကိုရီးယားနိုင်ငံမှ ၂ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၄၈၀၊ ထိုင်းနိုင်ငံမှ ၈၃၁ဒသမ၇၀တန်၊ အမေရိကန်မှ ၁၄ဒသမ၆၅၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဖလော်ရာ၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း၊ ဓာတ်ဆားနဲ့ ပိုတက်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းတန်ချိန် ၂၀၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာတန်ချိန် ၁၃၅၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ၂၀၆၈ တန်ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၁၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၆၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၇၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၄၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** စိုက်ပျိုးရာသီချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၁၉၆၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၈၀၀ နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** စိုက်ပျိုးချိန် မရောက်သေးတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၇၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၇၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၆၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၀၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာအရောင်းအဝယ်ဆက်အေးနေပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)အပြာ ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ်၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ် ၂၂၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီ တန်ချိန် ၁၆၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၃၆၈၅၃ တန်ဖိုးရှိ နို့ဆီ ၁၆၅ ဒသမ ၉၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၄ ဒသမ ၆၅၆ တန်နဲ့ စင်ကာပူနိုင်ငံမှ ၁၃၁ ဒသမ ၃၂၈တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းလာတဲ့တံဆိပ်များမှာ My Boyနဲ့ မာရီဂိုးတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၈၀၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၅၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်အဝင်မှာ ဩစတြေးလျနိုင်ငံမှ သုည ဒသမ ဝဝ၅ တန်၊ အိုင်ယာလန်နိုင်ငံမှ သုည ဒသမ ၆၈၇ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၉၄ ဒသမ ၇၅ တန်၊ စင်ကာပူနိုင်ငံမှ ၄ ဒသမ ၅၇၅ တန်နဲ့ စပိန်နိုင်ငံမှ သုည ဒသမ ၁၀၂တန်၊ စုစုပေါင်း ၃၀၀ ဒသမ ၁၁၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၃၃၇ တန်ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၂ မှ ၂၄/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၂ မှ ၁၇/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၈၇.၅၀ | ၂၈၇.၅၀ | (+) | ၁၀၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၇၂၀.၀၀ | ၇၄၄.၅၀ | (-) | ၂၄.၅၀ |
| ၃။ | ချင်းရွှေဟော် | ၄၁၅.၂၅ | ၂၄၂.၇၅ | (+) | ၁၇၂.၅၀ |
| ၄။ | ကန်ပိုက်တီး | ၄၂၇၈.၀၀ | ၅၇၅၉.၀၀ | (-) | ၁၄၈၁.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၅၀၀.၀၀ |
| ၆။ | မြဝတီ | ၁၇၀၃.၈၀ | ၁၀၇၉.၉၀ | (+) | ၆၂၃.၉၀ |
| ၇။ | ကော့သောင်း | ၁၂၄၃၄.၄၀ | ၁၃၅၅၅.၀၄ | (-) | ၁၁၂၀.၆၄ |
| ၈။ | မြိတ် | ၃၄၄၅.၀၀ | ၃၃၇၅.၀၀ | (+) | ၇၀.၀၀ |
| | စုစုပေါင်း | ၂၅၈၈၃.၉၅ | ၂၇၀၄၃.၆၉ | (-) | ၁၁၅၉.၇၄ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၂ မှ ၂၄/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၂ မှ ၁၇/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၄၅၄.၅၀၀ | ၁၁၁၇၁.၂၅၀ | (+) | ၂၂၈၃.၂၅၀ |
| ၂။ | လွယ်ဂျယ် | ၄၅.၀၀၀ | ၉၅.၀၀၀ | (-) | ၅၀.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၉၀.၇၅၀ | ၂၄၃.၀၀၀ | (+) | ၂၄၇.၇၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၃၁၈.၅၀၀ | ၃၃၉.၈၀၀ | (-) | ၂၁.၃၀၀ |
| ၆။ | ကော့သောင်း | ၅၀.၀၀၀ | ၅၀.၀၀၀ | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၈၅၀.၀၀၀ | ၁၉၀၀.၀၀၀ | (-) | ၅၀.၀၀၀ |
| | စုစုပေါင်း | ၁၆၂၀၈.၇၅၀ | ၁၃၇၉၉.၀၅၀ | (+) | ၂၄၀၉.၇၀၀ |

ခင်မိုးသူ

## နှမ်း

# ဝယ်လိုအားနည်းလို့ ပြည်နှမ်းဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ယခင်တစ်ပတ်ထက် ဈေးသိသိသာသာ ကျဆင်းနေတာတွေ့ရပါတယ်။ နှမ်းအဝင်မှာလည်း မြန်အောင်နဲ့ ကြံခင်းဘက်မှ တစ်ရက်လျှင်အိတ် ၂၀၀ မှ ၃၀၀ ခန့်သာ ဝင်ရောက်မှုရှိပေမယ့် ဝယ်လိုအားနည်းနေတဲ့အတွက် နှမ်းဈေးဆက်တိုက်ကျဆင်းနေတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းက နှမ်းနီ တစ်တင်းလျှင် ကျပ်၂၅၀၀၀၊ ရိုးရိုးနှမ်းနက် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဈေးပေါက်ခဲ့တာတွေ့ရပါတယ်။ ယခုမတ်လဆန်းမှာတော့ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ ရိုးရိုးနှမ်းနက်တစ်တင်းလျှင် ကျပ်၂၉၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်း လျှင် ကျပ် ၄၃၀၀၀ ဈေးရှိနေတာ တွေ့ရပါတယ်။ ဖေဖော်ဝါရီလဆန်းနှင့် ယခုမတ်လဆန်းဈေးနှုန်း နှိုင်းယှဉ်ကြည့်ပါက ယခင်လဆန်းက နှမ်းနီနဲ့ရိုးရိုးနှမ်းနက် ဈေးမြင့်ခဲ့တာ တွေ့ရပါတယ်။ စမုံနက်နှမ်းဈေးကတော့ ယခုမတ်လဆန်းမှာ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ စမုံနက်နှမ်းကို အောင်လံဘက်မှ အဝယ်ရှိနေသဖြင့် ဈေးမြင့်လာတာဖြစ်တယ်လို့ သိရပါတယ်။ နှမ်းနီနဲ့ ရိုးရိုးနှမ်းနက်ကတော့ ယခုရက်ပိုင်းတွင် ဝယ်လက်ပျောက်နေသဖြင့် ဈေးဆက်တိုက်ကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၁၈ တန်ခွဲတင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းအမျိုးအစားတွေကတော့ နှမ်းဖြူတန် ၂၀၊ နှမ်းနက် ၁၆၆ တန်ခွဲနဲ့ နှမ်းညို ၃၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းဖြူ /နှမ်းနက် ၆၈ တန်ခွဲသာ တင်ပို့ခဲ့လို့ယခုတစ်ပတ် မူဆယ်မှနှမ်းတန် ၁၅၀ ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၉၃ တန်ကျော်တင်ပို့ခဲ့ရာ တင်ပို့ခဲ့တဲ့နှမ်းအမျိုးအစားများမှာ နှမ်းဖြူ ၇၇ တန်၊ နှမ်းနက် ၂၉၇ တန်နဲ့ နှမ်းညိုတန် ၂၀ နီးပါးဖြစ်ပါတယ်။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၈၀၇ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်ချင်းရွှေဟော်မှ နှမ်းတန် ၄၀၀ခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ၃၆၈၅၅တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်ရက်သတ္တပတ်က မြဝတီမှနှမ်းတင်ပို့မှု မရှိခဲ့ဘူးလို့သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# လေးလအတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းရာမှ မလေးရှားစားအုန်းဆီဈေး ပြန်လည်မြင့်တက်လာ



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် လေးလအတွင်း အနိမ့်ဆုံးဈေးသို့ ရောက်ရှိခဲ့ပြီးနောက် ပဲပုပ်ဆီဈေးများ မြင့်တက်လာခြင်းနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က ပြန်လည်မြင့်တက်လာခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Derivatives Exchange) တွင် မေအတွက် စားအုန်းဆီကြိုရောင်းဈေးမှာ တစ်တန်ကို သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ရင်းဂစ် ၂၇၇၀ (အမေရိကန်ဒေါ်လာ ၆၂၄ ) ရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက် စောစောပိုင်းက စားအုန်းဆီကြိုရောင်းဈေးသည် တစ်တန်ကို ၂၇၂၃ ရင်းဂစ်နှုန်းအထိ ကျဆင်းခဲ့ရာ နိုဝင်ဘာ ၂ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။ စားအုန်းဆီထုတ်လုပ်မှုမြင့်တက်ခြင်းနှင့် ပို့ကုန်ဝယ်လိုအားကျဆင်းခြင်းကြောင့် စားအုန်းဆီဈေးသည် ရက်သတ္တနှစ်ပတ်ဆက်တိုက်ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၂၈ ရက်က စားအုန်းဆီရောင်းချမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၈၀၂၂၂ တွဲ ရှိခဲ့သည်။

စားအုန်းဆီဈေးသည် အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေး မြင့်တက်ခဲ့သည့်အတိုင်း လိုက်ပါမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ကွာလာလမ်ပူရှိကုန်သည်များက ပြောသည်။အခြားကုန်သည်တစ်ဦးကမူ ဈေးတက်စေမည့် အခြားအကြောင်းတရားများ မရှိသေးသည့်အတွက် ရက်အနည်းငယ်အတွင်းတွင် စားအုန်းဆီဈေးသည် ယခုဈေးဝန်းကျင်တွင် ရှိနေဦးမည်ဟုပြောသည်။

မလေးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့ရာတွင် အင်ဒိုနီးရှားပြီးလျှင် ဒုတိယအများဆုံးတင်ပို့သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မလေးရှားနိုင်ငံ၏ စားအုန်းဆီ ပြည်တွင်းတင်ပို့မှုမှာ ဇန်နဝါရီနှင့် နှိုင်းယှဉ်ပါက ဖေဖော်ဝါရီ တွင် ၁၂ရာခိုင်နှုန်းမှ ၁၄ ဒသမ ၂ ရာခိုင်နှုန်းအကြား ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းအဖွဲ့၏ ဖေဖော်ဝါရီ ၂၈ ရက်ကထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

သီးနှံသစ်များ ပေါ်လာပြီးနောက် လက်ရှိအချိန်မှ ယခုနှစ် ဒုတိယသုံးလပတ်အထိ စားအုန်းဆီထုတ်လုပ်မှု မြင့်မားမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် ထုတ်လုပ်မှုကို ထိခိုက်ခဲ့သော်လည်း ဤဂယက်ရိုက်ခတ်မှုက ယခုနှစ်တွင် ပျောက်ကွယ်သွားလိမ့်မည်ဟု လေ့လာဆန်းစစ်သူတို့က ခန့်မှန်းထားသည်။

အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်မှုအဖွဲ့တွင် ပဲပုပ်ဆီဈေးက သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဆီဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက် ချုပ်ဆိုသော စားအုန်းဆီကြမ်းဈေးမှာ သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသည်။

စားအုန်းဆီနှင့် အခြားဟင်းရွက်ဆီတို့မှာ ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ဝေစုရရှိရန် အပြိုင်လှုပ်ရှားလျက်ရှိနေသည့်အတွက် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးသက်ရောက်လျက်ရှိသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၃-၃-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၅၀ | ၂၀၀၀ | ▽ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၄၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၆၀ | ၁၉၅၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၃၀ | ၁၉၅၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မုံရွာ | ၃၈၀၀ | ၃၈၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၂၀၀၀ | ၁၉၈၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃-၃-၂၀၁၇ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီတတိယပတ် | ဖေဖော်ဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၂၅.၀၀ | ၇၀၁.၅၀ | ▽ |
| RBD P.Olein | ၇၄၆.၀၀ | ၇၀၄.၅၀ | ▽ |
| RBD P.Stearin | ၇၃၃.၀၀ | ၇၃၃.၀၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃- ၃ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၆၂.၉၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၁၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၃၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၀.၃၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၂၀.၅၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃-၃-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၅၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃-၃-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# သဘာဝဓာတ်ငွေ့တင်ပို့မှု ၁ ဒသမ ၂ ဘီလီယံ လျော့နည်းသော်လည်း ယခင်နှစ်ထက် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပို၊ ကုန်သွယ်မှုပမာဏ ယခင်နှစ်ထက် မြင့်တက်

| ခင်မာမြင့် |



စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သုံးဆ တိုးမြှင့်ရေးကို အဓိကဦးတည်ချက်ချမှတ်ပြီး လုပ်ဆောင်လျက်ရှိပါတယ်။

ပို့ကုန်ကဏ္ဍတိုးမြှင့်နိုင်မှသာ နိုင်ငံတော်ရဲ့ စီးပွားရေးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ယခုဘဏ္ဍာနှစ်ကုန်ခါနီးကာလရဲ့ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်မည်ဆိုပါက သဘာဝဓာတ်ငွေ့ တင်ပို့မှုကဏ္ဍမှာ လျော့ကျသွားပေမယ့် ကျန်တဲ့ကဏ္ဍများမှ တိုးတက်လာတဲ့အတွက် ပြည်ပပို့ကုန်ကဏ္ဍ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနရဲ့ နှိုင်းယှဉ်ချက်စာရင်းများအရ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် လျော့နည်းတင်ပို့ခဲ့ပေမယ့် အခြားသော ပြည်ပပို့ကုန်များမှ ပို့ကုန်ရငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမို ရရှိလာခဲ့တယ်လို့ ဆို ပါတယ်။

မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏအနေဖြင့် ယခု ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၂၃၁ သန်းခန့်နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀၂၄ သန်းခန့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၂၅၅ သန်းကျော်ခန့် ဆောင်ရွက်နိုင်ပြီးဖြစ်ပါတယ်။

ပြည်ပသို့ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေကို ယခင်နှစ်ကာလတူ နှင့် နှိုင်းယှဉ်တဲ့အခါ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်နဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၅ သန်းကျော် ပိုမိုတင်သွင်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် ပို့ကုန်ပိုင်းမှာရော သွင်းကုန်ပိုင်းမှာပါ အမေရိကန်ဒေါ်လာ ၆၃၆ သန်းခန့် ပိုမိုဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ၂၄ ရက်အထိ ပို့ကုန်ကဏ္ဍကိုကြည့်ရင် ပင်လယ်ရေကြောင်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ကျော်၊ နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ပို့ကုန်တင်ပို့မှုကို ကုန်ပစ္စည်းအမယ်အလိုက် သုံးသပ်ကြည့်မယ်ဆိုရင် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၇၈၉ သန်းတင်ပို့နိုင်ခဲ့ပြီး ပို့ကုန်အများဆုံးတင်ပို့နိုင်ခဲ့တဲ့ကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက အားထားရတဲ့ လယ်ယာကဏ္ဍမှ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၅၀၃ သန်းသာရှိတဲ့အတွက် ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ ဒုတိယနေရာမှာသာ ရပ်တည်နေခဲ့တာကို တွေ့ရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းကဏ္ဍရဲ့ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်ပါက ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလ ၂၄ ရက်အထိ ဆန်နဲ့ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၄၂၈ ဘီလီယံ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကာလတူနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ ကာလတူက တန်ချိန် ၁ ဒသမ ၄ဘီလီယံခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၀ ကျော် ရရှိခဲ့တဲ့အတွက်




ယခုဘဏ္ဍာနှစ်မှာ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုမှ တန်ချိန် နှစ်သောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ထို့ပြင် မတ်ပဲတင်ပို့မှုတွင်လည်း ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၃၅ သန်းကျော် တန်ဖိုးရှိ မတ်ပဲတန်ချိန် ငါးသိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၄၂၅ သန်းကျော် တန်ဖိုးရှိ တန်ချိန် လေးသိန်းကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာသန်း ၂၁၀ ကျော်(တန်ချိန် ကိုးသောင်းကျော်) ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြေပဲဆန်တင်ပို့မှုတွင် ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်(တန်ချိန် ရှစ်သောင်းကျော်) တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၄၃ သန်းဖိုး (တန်ချိန် သုံးသောင်းကျော်) တင်ပို့နိုင်ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၅၆ သန်းကျော်(တန်ချိန် ငါးသောင်းကျော်) ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နှမ်းတင်ပို့မှုကို ကြည့်ရင်လည်း ယခုဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၃၄ သန်းကျော် (တန်ချိန် ၁၀ သိန်းနီးပါး) တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၂၂ သန်းကျော်(တန်ချိန် ကိုးသိန်း) တင်ပို့နိုင်ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် (တန်ချိန် ရှစ်ထောင်ကျော်) ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

သစ်သီးဝလံ တင်ပို့မှုကဏ္ဍမှာ တစ်နှစ်ထက် တစ်နှစ်ပိုမိုတင်ပို့လာနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က သစ်သီးဝလံတွေဖြစ်တဲ့ ဖရဲသီး၊ သရက်သီး၊ သခွားမွေးသီးတင်ပို့မှုမှ အမေရိကန် ဒေါ်လာ သန်း ၆၀ ကျော်(တန်ချိန် ငါးသိန်းနီးပါး) သာ ရရှိခဲ့ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ သန်း ၇၀ နီးပါး(တန်ချိန် ခြောက်သိန်းနီးပါး)ရရှိခဲ့တာကြောင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၅၆ သန်းဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရော်ဘာတင်ပို့မှုမှာလည်း ပို့ကုန်ဝင်ငွေ ပိုမိုရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ သန်း ၉၀ နီးပါး(တန်ချိန် ခုနစ်သောင်းကျော်) တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၁၆၁ သန်းကျော်(တန်ချိန် တစ်သိန်းကျော်) တင်ပို့နိုင်ခဲ့တာကြောင့် အမေရိကန်ဒေါ်လာ ၇၁ သန်းနီးပါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပို့ကုန်ပိုမိုတင်ပို့မှု ကဏ္ဍများကို ကြည့်ပါက ရေထွက်ပစ္စည်းကဏ္ဍ၊ ချုပ်ပြီး အထည်တင်ပို့မှု၊ Re-export စနစ်ဖြင့် သကြားတင်ပို့မှုကဏ္ဍ၊ Re-export စနစ်ဖြင့် တာယာ၊ ဆန်၊ မြေပဲဆန်၊ အဆင့်မြင့်ဒီဇယ်တို့တင်ပို့မှုမှလည်း ပိုမိုရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းတင်ပို့မှုမှာတော့ ယခုဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၇၉ သန်းကျော် တင်ပို့နိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က တင်ပို့ခဲ့တဲ့ အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော်နဲ့နှိုင်းယှဉ်ပါက ၈၃ သန်းကျော် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခုဘဏ္ဍာနှစ်မှာ ပဲစင်းငုံ တင်ပို့မှုကိုကြည့်ပါက ပဲစင်းငုံလျော့နည်းတင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ယခုဘဏ္ဍာနှစ်မှာ ပဲစင်းငုံ အမေရိကန်ဒေါ်လာ သန်း ၁၃၀ ဖိုးတင်ပို့နိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၆၆ သန်းဖိုး တင်ပို့နိုင်ခဲ့တဲ့အတွက် ပဲစင်းငုံလျော့နည်းတင်ပို့ခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်များစွာက သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ များပြားစွာရရှိခဲ့ပေမယ့် ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးနှုန်း ကျဆင်းနေခြင်း၊ ထွက်ရှိမှု လျော့နည်းလာခြင်းတို့ကြောင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ပို့ကုန်ဝင်ငွေလျော့နည်းရရှိနေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က သဘာဝဓာတ်ငွေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ နီးပါး ရရှိခဲ့ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ သန်း ၂၆၀၀ ကျော်သာ ရရှိခဲ့ပါတယ်။ ဒါကြောင့် ဘဏ္ဍာနှစ် နှစ်ခုရဲ့ ကာလတူ ပို့ကုန်ရငွေ ကို နှိုင်းယှဉ်ကြည့်ပါက ယခုဘဏ္ဍာနှစ် မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ တင်သွင်းမှုမှာ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်နဲ့ နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ်မှာ တင်သွင်းမှု လျော့ကျခဲ့တာတွေ့ရပါတယ်။

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ရင်းနှီးမြှုပ်နှံမှု ပစ္စည်းတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ သန်း ၇၀၀၀ ကျော်ရှိခဲ့ ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ကျော်သာ တင်သွင်းခဲ့တဲ့အတွက် တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၅၀၀ နီးပါး လျော့ကျခဲ့တာကို တွေ့ရပါတယ်။

ဒါပေမဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုမှာတော့ ပိုမိုတင်သွင်းလာတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်း နှစ်ရပ်ပေါင်းမှ အမေရိကန်ဒေါ်လာ ၇၂၈၀ သန်းကျော်ဖိုးတင်သွင်းခဲ့ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန် ဒေါ်လာ ၈၈၆၃ သန်းကျော် တင်သွင်းခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၁၅၈၃ သန်းကျော် ပိုမိုတင်သွင်းနိုင်ခဲ့တာကိုတွေ့ရမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်ကဏ္ဍမှာ ကဏ္ဍစုံမှ မြင့်တက်လာစေရေးအတွက် ကုန်သွယ်မှုဖြေလျော့ပေးမှုများကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနဲ့ တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးတို့အတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် Re-export စနစ်နဲ့ ကုန်သွယ်ရာမှာ ပို့ကုန်အမယ်များကို တစ်ဆင့်ပြီး တစ်ဆင့်တိုးပြီး တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရာမှာ သကြား၊ ကွမ်းသီး၊ စက်သုံးဆီတို့အပြင် အခြားသော ပို့ကုန်အမယ်များဖြစ်တဲ့ အဝတ်အထည်၊ ကြက်သွန်ဖြူ၊ နှမ်း(ဖြူ/နက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာတို့ကိုလည်း Re-export စနစ်ဖြင့် တင်ပို့ခွင့်ပြုခဲ့ပါတယ်။

ဒါ့အပြင် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနအသီးသီးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့အပြင် အေးခဲအသားကိုလည်း Re-export စနစ်နဲ့တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့မှာ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှုများ လျော့ကျခဲ့လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ပို့ကုန်ဈေးကွက်များ ရှာဖွေခြင်း၊ ပို့ကုန် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျော့ပေးခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးခဲ့သဖြင့် ကုန်သွယ်မှုကဏ္ဍတွင် မူလထက် ပိုမိုမြင့်တက်အောင် ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေး ရည်မှန်းချက်၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပို့ကုန်သုံး ဆမြင့်တက်ရေး မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးမယ့် အလားအလာကောင်းများအဖြစ် မကြာမီကာလမှာ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တည်ထောင်ပြီးနောက် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်များအား CLMV နိုင်ငံများသို့ တင်ပို့မှုကျဆင်းလာ

အာဆီယံအသိုက်အဝန်း (AEC) ဖြစ်လာပြီး ဒုတိယနှစ်တွင် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်များအား ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် CLMV နိုင်ငံများသို့ တင်ပို့မှု ကျဆင်းခဲ့ပြီး ဈေးကွက်ဝေစု ကျဆင်းလာကြောင်း ထိုင်းကုန်သည်ကြီးများ တက္ကသိုလ်၏လေ့လာမှုတွင် တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် ထုတ်လုပ်မှုကို အဓိကအခြေစိုက်ထားသည့် ဦးဆောင်နိုင်ငံခြားစက်ရုံများသည် ထုတ်လုပ်မှုအခြေစိုက်နိုင်ငံ အသစ်များဖြစ်သည့် CLMV နိုင်ငံများသို့ ပြောင်းရွှေ့၍ ထိုင်းနိုင်ငံ၏ ထုတ်ကုန်များနေရာကို အစားထိုးမည့် ကုန်စည်အသစ်များကို ထုတ်လုပ်လျက်ရှိပါသည်။ ထို့အပြင် CLMV နိုင်ငံများသည် ထိုင်း နိုင်ငံ ၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ တာရှည်ခံထုတ်ကုန်များအား အလွန်ကြီးမားသည့် တရုတ်ဈေးကွက်သို့ ပြန်လည်တင်ပို့မှု (Re-export) ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ CLMV နိုင်ငံ များ၏ စီးပွားရေးတိုးတက်မှုသည် မြင့်မားကြ၍ တစ်နှစ်လျှင် ပျမ်းမျှ တိုးတက်မှုနှုန်းသည် ခုနစ်ရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းခန့်ရှိပြီး ရှေ့လာ မည့် ငါးနှစ်အထိ ဆက်လက်တိုးတက်မည့် အလားအလာကောင်းများ ရှိကြောင်း ထိုင်းကုန်သည်ကြီးများတက္ကသိုလ်၏ လေ့လာမှုတွင် တွေ့ရှိရပါသည်။

၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန် များအား CLMV သို့ တင်ပို့မှုသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၁၀-၂၀၁၅ ခုနှစ်အထိရှိခဲ့သော ပျမ်းမျှတိုးတက်မှု နှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်းထက် အနည်းငယ်ကျဆင်းခဲ့ပါသည်။ AEC အဖြစ် မထူထောင်မီကတည်းက အာဆီယံဒေသရှိ ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ဈေးကွက်သည် အလွန်ကြီးမားခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဈေးကွက် တန်ဖိုး စုစုပေါင်းဘတ် သုံးထရီလီယံ၊ ၂၀၁၆ ခုနှစ်တွင် ဘတ် ၃ ဒသမ ၇ ထရီလီယံနှင့် ၂၀၁၇ ခုနှစ်တွင် ဘတ်လေးထရီလီယံ အထိ တိုးတက်လာမည်ဖြစ်ပါသည်။

AEC ထူထောင်ပြီး တစ်နှစ်အကြာ ၂၀၁၆ ခုနှစ်တွင် မလေးရှား နိုင်ငံ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်များအား အာဆီယံဈေးကွက်သို့ တင်ပို့မှုသည် ၁၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံသည် ၁၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှား နိုင်ငံသည် ၁၆ ဒသမ ၅ ရာခိုင်နှုန်းတိုး တက်မှုရရှိခဲ့ကြပါသည်။

ထိုင်းနိုင်ငံအနေဖြင့် AEC ထူထောင်ပြီးနောက်တွင် ပြောင်း၊ ပဲပိစပ်၊ ၄က်ပျောသီး၊ တာရှည်ခံအသားနှင့် တာရှည်ခံပင်လယ်စာ တင်ပို့မှုများ မြင့်တက်ခဲ့သော်လည်း ဆန်၊ ရော်ဘာ၊ ကော်ဖီ၊ ပီလောပီနံနှင့် သရက်သီး တင်ပို့မှုများ ကျဆင်းခဲ့ပါသည်။ ထို့ကြောင့် တင်ပို့မှုကျဆင်းနေသည့် ကုန်စည်များကို ထုတ်လုပ်နေသည့် ထိုင်းလုပ်ငန်းရှင်များသည် ၎င်းတို့၏ထုတ်လုပ်မှုများကို CLMV နိုင်ငံများသို့ ပြောင်းရွှေ့သင့်ကြောင်း၊ ထိုင်းအစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ၏ ထုတ်ကုန်အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းများ တိုးတက်လာစေရန်အတွက် လိုအပ်သော ကူညီမှုများကို အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းပေးသင့်ကြောင်း ဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# Made in China 2025 Policy ဖြင့် တရုတ်ကုန်ထုတ်လုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မည်

တရုတ်နိုင်ငံတွင် ကုန်ထုတ်လုပ်မှုကဏ္ဍကို စွမ်းရည်မြှင့်တင်ရန် Made in China 2025 နည်းဗျူဟာချမှတ် ဆောင်ရွက်နေပြီး အဓိကအားဖြင့် နည်းပညာမြင့် smart manufacturing၊ high-end equipment နှင့် branding ကို ဦးစားပေး မြှင့်တင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်ကို 1+X ဟုခေါ်ဆိုပြီး 1 မှာ Made in China 2025 ကိုကိုယ်စားပြုပြီး X သည် ကဏ္ဍခွဲ ၁၁ ခု(နည်းပညာမြင့်လုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုနှင့် အဆင့်မြင့်နည်းပညာဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့်လုပ်ငန်းများစသည်) အတွက် အသေးစိတ်ချမှတ်ထားသည့် လမ်းညွှန်ချက်များဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ၌ ကျင်းပခဲ့သည့် နိုင်ငံတော်ကောင်စီ၏ အစိုးရလုပ်ငန်းအစီရင်ခံစာအစည်းအဝေး၌ ဝန်ကြီးချုပ် လီခချန်းက Made in China 2025 နည်းဗျူဟာကို စတင်အဆိုပြုခဲ့ပါသည်။ တရုတ်၏ ထုတ်လုပ်မှုကဏ္ဍအား သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစေခြင်း၊ ခေတ်မီနည်းပညာအသုံးပြုခြင်း၊ အဆင့်မြင့်နည်းပညာပစ္စည်းများထုတ်လုပ်ခြင်း၊ အရင်းအမြစ်ခွဲဝေသုံးစွဲမှု မှန်ကန်စေခြင်း၊ ဈေးကွက်ဝင်ရောက်မှု အခွင့်အလမ်းတိုးချဲ့ခြင်းစသည်တို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်ပြောကြားထားပါသည်။

အဆိုပါနည်းဗျူဟာကို နိုင်ငံတော်ကောင်စီ လက်အောက်ရှိ ဌာနပေါင်း ၂၀ က ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများနှင့် ဒီဇိုင်း၊ ထုတ်လုပ်မှုနည်းပညာ၊ အရည်အသွေးစသည်တို့တွင် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။ လမ်းညွှန်ချက် ၁၁ ရပ်၏ အနှစ်သာရမှာ အစိုးရနှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များကြား လက်တွေ့အကြံပြုဆောင်ရွက်ချက် တစ်ခုဖြစ်ပြီး အဓိကအားဖြင့် အုပ်ချုပ်မှုကိစ္စရပ်များအစား အရင်းအနှီးနှင့်အရင်းအမြစ်ခွဲဝေမှု၊ ဈေးကွက်ရှာဖွေချဲ့ထွင်မှု၊ သုတေသနနှင့်ဖွံ့ဖြိုးမှုကိစ္စရပ်များ၊ သုတေသနအင်စတီကျူအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများဖွဲ့စည်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်နှစ်မှ စတင်၍ တရုတ်သည် ကမ္ဘာ့အကြီးဆုံး ကုန်ထုတ်လုပ်သူ (World's Biggest Manufacturer) ဖြစ်လာခဲ့သော်လည်း အခြား ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက Brand Reorganization & Innovation တွင် နောက်ကျကျန်နေသေးသည့်အတွက် နည်းပညာနှင့် ကုန်စည်အရည်အသွေးကို အာရုံစိုက် ဆောင်ရွက်လျက် ရှိပါသည်။

ယခုလက်ရှိ တရုတ်စီးပွားရေးသည် နှေးကွေးနေပြီး smart manufacturing သည် စီးပွားရေးပြန်လည်ဦးမော့ရန် နည်းလမ်းတစ်ခုဖြစ် သည့်အတွက် Made in China 2025 နည်းဗျူဟာကို အလေးပေးဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အသေးစားချေးငွေလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုပပျောက်ရေးအတွက် တရုတ်နိုင်ငံက စီစဉ်လျက်ရှိ

တရုတ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးသူများအား အသေးစားချေးငွေထုတ်ချေးပေးခြင်းကို ဆင်းရဲမှုပပျောက်ရေး၏ အဓိကလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်နေကြောင်း၊ ၂၀၁၆ ခုနှစ် နှစ်ကုန်၌ ဆင်းရဲသည့် အိမ်ထောင်စု ၇ ဒသမ ၄ သန်းအား ချေးငွေအမေရိကန် ဒေါ်လာ ၄၁ ဒသမ ၂ ဘီလီယံထုတ်ချေးရာ ၂၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ကောင်စီ၏ ဆင်းရဲမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဦးဆောင်ကော်မတီက ပြောကြားခဲ့ပါသည်။

၂၀၁၄ ခုနှစ်၌ ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဗဟိုဘဏ်နှင့် ဆင်းရဲမှုပပျောက်ရေးနှင့် ဖွံ့ဖြိုးမှုဌာန အပါအဝင် ဗဟိုအစိုးရအဖွဲ့၏ ဌာနငါးခုမှ ဆင်းရဲသားများအတွက် အသေးစား ချေးငွေထုတ်ချေးရေးဆိုင်ရာ လမ်းညွှန်ချက်၊ လုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါသည်။ ဗဟိုဘဏ်မှ အပေါင်ပစ္စည်းနှင့် အာမခံသူ မလိုအပ်ဘဲ အများဆုံး တရုတ်ယွမ် ၅၀၀၀၀ အထိ သုံးနှစ်သက်တမ်း ထုတ်ချေးမည်ဖြစ်ပြီး ပေးချေရမည့် အတိုးငွေပမာဏကို ဆင်းရဲမှုပပျောက်ရေးရန်ပုံငွေမှ အတိုးကိုပေးချေမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြည်နယ်ဒေသရှိ ဘဏ်များမှ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရများက အာမခံရန်ပုံငွေများ တည်ထောင်ထားကြောင်း၊ ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသည့် ချေးငွေများအတွက် ထိုရန်ပုံငွေမှ သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၁၆ ခုနှစ်၌ နင်ရှာဟွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယန်ချီမြို့အတွက် အသေးစားချေးငွေတရုတ်ယွမ်သန်း ၅၄၀ ကို ခွင့်ပြုပေးခဲ့ကြောင်း၊ အဆိုပါချေးငွေကို အိမ်ထောင်စုပေါင်း ၈၁၈၁ ခုမှ ကိုယ်ပိုင်သိုးမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် သုံးစွဲ ခဲ့ပြီး မိသားစုတစ်စုလျှင် အပိုဝင်ငွေအဖြစ် တစ်နှစ်လျှင်ပျမ်းမျှ တရုတ်ယွမ် ၁၂၀၀၀ ရရှိခဲ့ကြောင်း သိရှိရပါသည်။ ဗဟိုအစိုးရမှ အဆိုပါ ဆင်းရဲမှုပပျောက် ရေးအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ခုနှစ်၌ အလွန်အမင်းဆင်းရဲမှု ပပျောက်ရေး ရည်မှန်းချက်ကို ဗဟိုအစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ် သတ်မှတ် ဆောင်ရွက်လျက်ရှိပြီး လွန်ခဲ့သည့် နှစ် ၃၀ အတွင်း တရုတ်၌ ဆင်းရဲသူလူဦးရေ သန်း ၇၀၀ (ကမ္ဘာ့ဆင်းရဲသည့် လူဦးရေ စုစုပေါင်း၏ လေးပုံသုံးပုံခန့်) ကို ဆင်းရဲမှုမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၌ လူဦးရေ ၁၀ သန်းခန့်ကို ဆင်းရဲမှုမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း လက်ရှိလူဦးရေသန်း ၆၀ မှာ ဆင်းရဲမှုမျဉ်းအောက်၌ ကျန်ရှိနေသေးကြောင်း သိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃–၃–၂၀၁၇)

ဇော်ဝင်း



## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးဆက်လက်ငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အပြောင်းအလဲမရှိဘဲ ဖေဖော်ဝါရီလလယ်မှစပြီး ယခုတစ်ပတ်အထိ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးကတော့ ၅၀ ကီလိုတစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ် (တစ်တန် ၁၂၈၀ ယွမ် မှ ၁၃၆၀ ယွမ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းမှာ တစ်ဖက်နိုင်ငံသို့ တန်ချိန် ၃၅၂၃၃ တန် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၄၀၆၇ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး အတက်အကျမရှိဘဲ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာ ၂၉၅ ကျပ် (တစ်တန် ၁၈၀၆၅၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းကို ရန်ကုန်ဝယ်လက်၊ မန္တလေးဝယ်လက်၊ မွေးမြူရေးလုပ်ငန်း၊ မြို့ခံအစာစပ်လုပ်ငန်းရှင်များနဲ့ တရုတ်ဝယ်လက်များက ပုံမှန်ဝယ်လိုအားရှိပြီး ယခုတစ်ပတ်အတွင်း ပိဿာချိန် ၅၄၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပိဿာချိန် ၄၈၀၀၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုတစ်ပတ်မှာ ပိဿာချိန် ၆၀၀၀၀ ကျော်ပိုမိုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၃၀၀ ကျပ် (တစ်တန် ၁၈၃၇၁၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ ပြောင်းဈေးငြိမ်ပေမယ့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၀၉၇၀၄၀ ပိဿာအရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၁၆၂၅၁၈၀ ပိဿာဖြစ်တဲ့အတွက် ယခင်တစ်ပတ်ထက် ပိဿာချိန် ၄၇၁၀၀၀ ကျော် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ပြန်လည်ဈေးတက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကိုကျပ် ၉၂၅၀၀၀၊ မတ်ပဲ SQ (RC) တစ်တန်ကိုကျပ် ၁၀၇၅၀၀၀ အထိ ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ် မှာတော့မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၉၉၄၀၀၀ ဖြစ်ခဲ့တဲ့အတွက် တစ်တန်ကို ကျပ် ၆၉၀၀၀ နဲ့ မတ်ပဲ SQ (RC) တစ်တန်ကိုကျပ် ၁၁၆၄၀၀၀ ဖြစ်ခဲ့တဲ့အတွက် တစ်တန်ကို ကျပ် ၈၉၀၀၀ အထိအသီးသီးဈေးတက်သွားခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၇၂၇၀၀၀ အထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတစ်တန် ကျပ် ၇၅၁၀၀၀ ကျပ် အထိ ဈေးမြင့်ခဲ့တာကြောင့်တစ်တန်ကိုကျပ် ၂၄၀၀၀ ခန့် ဈေးတက်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး ပဲတီစိမ်းကတော့ဈေးအနည်းငယ်ကျခဲ့ပါတယ်။ မတ်ပဲအနေနဲ့ ဈေးကွက်အတွင်း အဝင်များလာသလို ရန်ကုန်ဝယ်လက်နဲ့ လှော်ငလက်များက ဝယ်ယူမှုများခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၂၅ ကျပ်မှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၅၈၅ ကျပ် (တစ်တန် ၉၇၀၆၃၈ ကျပ်) နဲ့ ဈေးတက်ခဲ့ပြီး တစ်နေ့ အိတ် ၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကွက်အတွင်းမှာ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများလာပေမယ့် ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပြီး တစ်ပိဿာ ၁၇၂၅ ကျပ် (တစ်တန် ၁၀၅၆၃၇၀ ကျပ်) နဲ့ တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းတစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန် ၉၀၃၂၇၀ ကျပ်) နဲ့ တစ်နေ့အိတ် ၁၀၀၀ ခန့်၊ ပဲလွန်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၂၅ ကျပ် မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၇၅ ကျပ် (တစ်တန် ၁၂၀၉၄၇၀ ကျပ်) နဲ့ ဈေးကျခဲ့ပြီး တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ဆီတိုးကတော့ ယခင်တစ်ပတ်မှာ တစ်ပိဿာ ၁၁၅၀ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၂၀၀ (တစ်တန်၇၃၄၈၆၈ ကျပ်)အထိ ဈေးမြင့်ခဲ့ပြီး တစ်ရက်အိတ် ၈၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်ပြီး ပဲတီစိမ်း ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး အနည်းငယ်တက်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၀ ကျပ်အထိ ဆက်လက်ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၃၅ ကျပ် (တစ်တန် ၆၉၅၀၆၂ ကျပ်) နဲ့ ဈေးအနည်းငယ်တက်ခဲ့ပြီး တစ်နေ့အိတ် ၇၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၆၅၀ ကျပ် (တစ်တန် ၁၀၁၀၄၄၀ ကျပ်) နဲ့ ဈေးငြိမ်ကာ တစ်နေ့အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီနဲ့ နှမ်းနက်တို့ ဈေးငြိမ်နေခဲ့ပြီး သိပ္ပံနှမ်းနက်က ဈေးကျခဲ့ပါတယ်။ နှမ်းနီက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၇၈၀ ကျပ် (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ အလားတူနှမ်းနက်ကလည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၂၂၂၅ ကျပ် (တစ်တန် ၁၃၆၂၅၆၇ ကျပ်) နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ သိပ္ပံနှမ်းနက်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၉၃၅ ကျပ်ကနေ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၉၀ ကျပ် (တစ်တန် ၁၇၆၉၈၀၇ ကျပ်) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၄၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီဈေးတက်ခဲ့ပြီး ပဲတီစိမ်းဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာတော့ မတ်ပဲ၊ ပဲတီစိမ်းတို့ ဈေးနှုန်းတက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၅၀၀ အထိ ဈေးကျခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၇၀ ကျပ် (တစ်တန် ၉၆၁၄၅၂ ကျပ်) နဲ့ ဈေးမြင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီ (အသစ်) က ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၅ ကျပ် ဈေးကနေ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၄၅ ကျပ် (တစ်တန် ၇၀၁၁၈၆ ကျပ်) နဲ့ ရန်ကုန်တင်ပို့မည့်သူများနဲ့ လှော်ငလက်များက ပုံမှန်ဝယ်ယူမှုရှိခဲ့ပြီး တစ်ရက်ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းထိပ်စကို မန္တလေး တင်ပို့မည့်သူများရဲ့ ဝယ်ယူလိုအားရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) နဲ့ တစ်နေ့အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ နှမ်းနီဈေးတက်ရိပ်ပြ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်ဈေးငြိမ်နေခဲ့ပြီး ပဲစင်းငုံနီနဲ့ နှမ်းနီကတော့ ဈေးတက်ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန်ကို ၉၁၈၅၈၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၀ ကျပ်အထိဈေးကျခဲ့တဲ့ ပဲစင်းငုံနီ (အသစ်) က ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၁၄၅ ကျပ် (တစ်တန် ၇၀၁၁၈၆ ကျပ်) နဲ့ ဈေးတက်လာခဲ့ပြီး တစ်နေ့ အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၄၅ ကျပ်မှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၀၇၀ ကျပ် (တစ်တန် ၁၂၆၇၆၄၇ ကျပ်) ထိဈေးတက်ခဲ့ပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်ကတစ်ပိဿာ ၂၉၃၅ ကျပ် အထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၇၁၀ ကျပ် (တစ်တန် ၁၆၅၉၅၇၆ ကျပ်) အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းဆက်လက်ဈေးငြိမ်ခဲ့ပြီး တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန် ၁၄၄၂၁၇၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ပါတယ်။ မြို့ခံပဲခွဲစက်တွေနဲ့ ရန်ကုန်သို့ တင်ပို့မယ့် ကုန်သည်များရဲ့ ပုံမှန်ဝယ်လိုအားရှိနေတဲ့ မတ်ပဲက ယခင်တစ်ပတ်က တစ်ပိဿာ ၁၄၆၇ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၃၀ ကျပ် (တစ်တန် ၉၃၆၉၅၆ ကျပ်) အထိ ဈေးမြင့်ခဲ့ပြီးတစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီ (အသစ်) ကလည်း ရန်ကုန်ဝယ်လက်နဲ့ လှော်ငလက်များက ဝယ်လိုအားကောင်းတာကြောင့် ဈေးမြင့်ခဲ့ပြီး ပဲစင်းငုံနီ (အသစ်) ယခင်တစ်ပတ် တစ်ပိဿာ ၁၁၁၂ ကျပ်မှ ယခုတစ်ပတ်တစ်ပိဿာ ၁၁၅၀ ကျပ် (တစ်တန် ၇၀၄၂၄၈ ကျပ်)၊ ပဲစင်းငုံနီ (အဟောင်း) ယခင်တစ်ပတ်တစ်ပိဿာ ၁၀၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၇၅ ကျပ် (တစ်တန် ၆၅၈၃၁၉ ကျပ်) အထိဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါအသစ်က ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၉ ကျပ်ကနေ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၂၅ ကျပ်) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးတိုင်းဒေသကြီး၊ ရှောက်/သံပုရာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်း

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး အတွင်း ရှောက်/ သံပုရာစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ကို ဖေဖော်ဝါရီ ၂၅ ရက်က ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ သစ်သီးဝလံအသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံအသင်း၊ ညီနောင်အသင်းများဖြစ်သည့် သရက်အစုအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ဌာနအနေဖြင့် အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပြီးသရက်အစုအဖွဲ့၊ ဖရဲသခွား အစုအဖွဲ့၊ ပန်းအစုအဖွဲ့၊ လျှော်ဖြူ (ဆေးကုလားမ)၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းခြင်းစသည်ဖြင့် အသင်းအဖွဲ့များနဲ့ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါတွင်လည်း မိမိတို့အနေနှင့် ကြက်သွန်နီ၊ ဆန်စပါး၊ ပဲမျိုးစုံတို့၏ စိုက်ဧက၊ အထွက်နှုန်း၊ စားသုံးပိုလျှံစသည့် သတင်းအချက်အလက်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအား နည်းပညာများဖလှယ်နိုင်ရန်နှင့် စိုက်ပျိုး ထုတ်လုပ်မှုတွင် လိုအပ်သည့်သွင်းအားစုများကို ပံ့ပိုးကူညီနိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွဲ့စည်းထားသည့် ရှောက်/သံပုရာ အစုအဖွဲ့အနေနှင့် ဖွဲ့စည်းပြီးပါက စဉ်ဆက်မပြတ် စိုက်ပျိုး ထုတ်လုပ်သူများအချင်းချင်း ဈေးကွက်ချိတ်ဆက်ခြင်း၊ နည်းပညာဖလှယ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် အသင်းအောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ အစုအဖွဲ့အနေနှင့် ဌာနနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ရန်ရှိပါက အချိန်မရွေး လာရောက်နိုင်ပါကြောင်း ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ သစ်သီးဝလံအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က မိမိတို့ဆောင်ရွက်နေသည့် အသင်းအဖွဲ့ကို ၂၀၁၆ ခုနှစ်တွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခုအခါ ပြည်နယ်နှင့် တိုင်းအသင်းခွဲ ၉ ခုရှိကြောင်း၊ အသင်းစတင် ဖွဲ့စည်းချိန်တွင် မန္တလေးတိုင်းဒေသကြီးကို အဓိကထားဖွဲ့စည်းခဲ့ကြောင်း၊ သရက်၊ ဖရဲသခွား အစုအဖွဲ့အနေနှင့် မြန်မာတစ်နိုင်ငံလုံးတွင် ၁၂ ဖွဲ့ရှိကြောင်း။ တိုင်းနှင့်ပြည်နယ်အသင်း ခွဲပေါင်း ၂၉ ခုရှိပြီး၊ ရှောက်/သံပုရာအစု အဖွဲ့သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဖွဲ့စည်းသည့် အစုအဖွဲ့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံအသင်းအနေဖြင့်အသင်းဝင်အင်အားလေးသောင်းကျော်ရှိပြီး နိုင်ငံခြားအဖွဲ့ငါးခုနှင့် ချိတ်ဆက်ဆောင်ရွက်နေပါကြောင်း၊ မိမိတို့သစ်သီးဝလံဗဟိုအသင်းကြီးအနေဖြင့် လာမည့် မေလ ၂၁ ရက်မှ ၂၂ ရက်အထိ မန္တလေးတိုင်းဒေသကြီးအား/ကာ သိပ္ပံကျောင်းတွင် စတုတ္ထအကြိမ်မြောက် Trade Fair ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါပွဲတွင် သရက်သီးပွဲတော်နှင့် လက်ဖက်ပွဲကျင်းပရန် ရည်ရွယ်ကြောင်း၊ ပြခန်း ၂၀၀ ခန့် ခင်းကျင်းပြသရန် ရည်ရွယ်ထားသည့်အတွက် မန္တလေးတိုင်းအတွင်းမှ အသင်းသူအသင်းသားများ ပါဝင်ဆောင်ရွက်ပေး ကြရန်လိုအပ်ကြောင်း၊ သံပုရာသီးကို ရွှေလီစက်ရုံအတွက် တန်ချိန်လေးသိန်းဝန်းကျင် ဝယ်ယူရန်စီစဉ်လျက်ရှိကြောင်း၊ Juice လုပ်ရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း၊ ဝယ်လိုအားရှိနေသည့် သံပုရာကို စနစ်တကျ စိုက်ပျိုးပြီး ထုတ်လုပ်မည်ဆိုပါက ပြည်တွင်းသာမက ပြည်ပပို့ကုန် အမယ်ပစ္စည်းတစ်မျိုးတိုးလာနိုင်ကြောင်း၊ ယခုကဲ့သို့ အစုဖွဲ့ပေးမှသာ နောင်တွင် မြန်မာနိုင်ငံ အဆင့်အစုအဖွဲ့အနေဖြင့် တစ်ဦးတစ်ယောက်တည်းမပို့နိုင်သည့် Value Added များကိုအခြား ပြည်ပနိုင်ငံများသို့ ပို့နိုင်ရန်ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယခုဖွဲ့စည်းသည့်အသင်းတွင် CEC များ ရွေးချယ်ရာ၌ အမှန်တကယ်လုပ်ဆောင်နိုင်သူများကိုသာ ရွေးချယ်တင်မြှောက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံအသင်း ဥက္ကဋ္ဌ ဦးနေလင်းမောင်မောင်က မန္တလေးတိုင်းဒေသကြီး ရှောက်/သံပုရာ အစုအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သူများကလည်းအသင်း ရေရှည်တည်တံ့ခိုင်မာစေရေးကိုရည်ရွယ်၍ ရွေးချယ်ပေးကြပါရန် ဆွေးနွေးပြောကြားခဲ့ပါတယ်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး ရှောက်/သံပုရာ အစုအဖွဲ့၏ ဥက္កဋ္ဌအဖြစ် မန္တလေးတိုင်း ဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ကင်းတုံရွာမှ ဦးနေမျိုးနိုင်အား ရွေးချယ်ခဲ့ပြီး အလုပ်အမှုဆောင် ၁၉ ဦးဖြင့်ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး စားသုံးသူ(မန္တလေး)**

## မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကျင်းပ

မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) ကို ဖေဖော်ဝါရီလ ၂၇ ရက်က ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၇ ဦးတက်ရောက်ကြပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးသန်းအေးက မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အစည်းအဝေးကို တာဝန်ယူကျင်းပပြီး ၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၏ ၂၀၁၇ ဇန်နဝါရီလမှ မတ်လအထိ စတုတ္ထသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်း ဆွေးနွေးပါသည်။

မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံအရာရှိဖြစ်သူ ဒေါက်တာစိုးနိုင်က မော်လမြိုင်မြို့သည် နိုင်ငံခြားသား ခရီးသွားများ များပြားစွာ လာရောက်လည်ပတ်ကြသည့်အတွက် အစားအသောက် ရောင်းချသော စားသောက်ဆိုင်များအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြို့နယ်စည်ပင်၊ ကျန်းမာရေးဦးစီးဌာနများပူးပေါင်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ပညာပေးစည်းရုံး ဆောင်ရွက်သွားရန် ဆွေးနွေးပါသည်။

အဖွဲ့ဝင်များမှ မော်လမြိုင်မြို့ပေါ်နှင့် ကမ်းနားလမ်းတို့တွင် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များတွင် ပင်လယ်စာနှင့်ပတ်သက်၍ စားသုံးသူများအတွက် လုံခြုံမှုရှိရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

## ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၂/၃/၄)တွင် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များအား အသိပညာပေးဟောပြော



ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၈ ရက်က ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီရုံး ကနောင်ခန်းမတွင် စီးပွားရေး လုပ်ငန်းရှင်များ သိရှိ လိုက်နာ ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ဟောပြော ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးပွဲတွင် ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၂/၃/၄) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်း ကော်မတီနှစ်ရပ်တို့၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုလို ရွှေပြည်သာစက်မှုဇုန် အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာရန် အချက်များကို လာရောက်အသိပညာပေး ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာ၊ NGOs၊ စီးပွားရေး လုပ်ငန်းရှင်၊ ပြည်သူလူထုများကလည်း ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်ပေးမှသာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အောင်မြင်မှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရန်ကုန်တိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သော်တာဝင်း က စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ စက်မှုလုပ်ငန်းရှင်များ မှတ်ပုံတင်ဆောင်ရွက်ရာတွင် လိုအပ်သည့်လိုင်စင်အထောက်အထားများ၊ လေထု၊ ရေထု၊ ညစ်ညမ်းမှုဖြစ်စေနိုင်သည့် အချက်များအား စစ်ဆေးခြင်းများကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန(ရန်ကုန်တိုင်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များ လူသားများသည် မိမိတို့အသက်ရှင် ရပ်တည်နိုင်ရန် အရေးကြီးလှသည့် သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူအသုံးပြုသည့်အတွက် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာပုံ၊ လေထုထဲတွင် အဆိပ်အတောက် ဖြစ်စေသည့် ဓာတ်ငွေ့အမျိုးမျိုး ပျံ့လွင့်ပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာပုံတို့ကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်တိုင်း) မှ ဦးစီးအရာရှိ ဒေါက်တာနှင်းအိဝေက အစားအသောက်၊ အလှကုန်၊ ဆေးဝါးများဘေးအန္တရာယ် ကင်းရှင်းစေရန် ဌာနမှ ဈေးကွက်မတင်မီစိစစ်ခြင်း၊ ဈေးကွက် နမူနာကောက်ယူခြင်း၊ အစားအသောက်ထုတ်လုပ်ရာ၌ ထောက်ခံချက်ရယူရာတွင် လိုအပ်သည့်အချက်အလက်များကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ (စီမံရေးရာဌာန)မှ ဌာနစုမှူး ဦးစိုးညွှန့်အောင်က စက်မှုဇုန်ရှိ လုပ်ငန်းများ လိုင်စင်လျှောက်ထားရာတွင် လိုအပ်ချက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ လိုက်နာမှုမရှိလျှင် အပြစ်ပေးအရေးယူခံရမည့် အခြေအနေများ၊ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရန်ကုန်တိုင်း)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရန်ကုန်တိုင်း)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်တိုင်း)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (စီမံရေးရာဌာန)တို့မှ တာဝန်ရှိသူများ၊ ရွှေပြည်သာစက်မှုမြို့အပိုင်း(၂/၃/၄) စီမံခန့်ခွဲရေးကော်မတီနာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ဇုန်ကော်မတီဝင်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်မြဦး(စားသုံးသူ) ရန်ကုန်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၀၅ သန်း တန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၆၁၄၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၇၇၆ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၆၆ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တင်ပို့မှု လျော့နည်းခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၄၈ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၀၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲတို့ကို ၄၃၅၉ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၀ သန်းတန်ဖိုးရှိ ပြည်ကြီးငါး၊ ကဏန်း၊ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်တို့ကို ၁၈၃၅ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## မြိတ်ကုန်သွယ်ရေးစခန်းမှ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ၂၄ သန်းကျော် ပိုမိုဆောင်ရွက်

ကုန်သွယ်မှု သတင်းလွှာစာရင်းများအရ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနဲ့ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပြုလုပ်လျက်ရှိတဲ့ မျက်နှာစာအလိုက် ကုန်သွယ်ရေးစခန်းများအနက် မြိတ်ကုန်သွယ်ရေးစခန်းသည် လျာထားချက် ကျော်လွန်ဆောင်ရွက်နိုင်သော စခန်းများအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၇၆ သန်း ပိုမိုဆောင်ရွက်နိုင်ကြောင်း၊ ဖေဖော်ဝါရီလ ၂၄ ရက်က မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး၊ မြိတ်ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်ရုံးမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးက မြိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံမှ ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ဆက်လက်ပြီး ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏလျော့နည်းဆောင်ရွက်ခဲ့တဲ့ စခန်းများအနေဖြင့် မူဆယ်၊ ကျိုင်းတုံ၊ ကော့သောင်း၊ ထီးခီး၊ မောတောင်နဲ့ စစ်တွေ ကုန်သွယ်ရေးစခန်း ခြောက်ခုတို့ဖြစ်ပြီး၊ မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်လျာထားချက်အပေါ် ၁၁၀ ဒသမ ၆၄၀ ရာခိုင်နှုန်း ကျော်လွန်ဆောင်ရွက်နိုင်သော်လည်း ရော်ဘာတင်ပို့မှုမှာ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက လျော့နည်းခဲ့တဲ့အတွက် ရော်ဘာတင်ပို့မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာကြံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနဲ့ သွင်းကုန်ကဏ္ဍ၏ ကာလတူတွင် လျော့နည်းခဲ့သည့် ဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများအား ပြန်လည်တိုးမြှင့်တင်သွင်းနိုင်ရေးကိုလည်း ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်နဲ့ မိမိဘက်ဈေးကွက်ရရှိရေးအတွက် ငါးလေလံကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ရေးအတွက်လည်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို အဆိုပါစခန်းတာဝန်ခံက ဆွေးနွေးပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ကလေးစက်မှုဇုန်ထုတ် ဘေးတွဲဆိုင်ကယ်များကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ

ကလေးစက်မှုဇုန်မှ လူစီးဘေးတွဲဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ပြီး မြို့တွင်း/မြို့ပြင် အငှားယာဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိသဖြင့် ခရီးသွားပြည်သူများအနေဖြင့် သွားလာမှုကိစ္စရပ်များ အဆင်ပြေ ချောမွေ့လျက်ရှိကြောင်း ကလေးမြို့ ခရီးသွားပြည်သူတစ်ဦးထံမှ သိရပါတယ်။

ဆိုင်ကယ်ဘေးတွဲယာဉ် တပ်ဆင်ခ ပစ္စည်းတန်ဖိုးမှာ ကျပ်သုံးသိန်းခန့် (အမိုးပါ)ရှိပြီး မြို့တွင်း/မြို့ပြင် ပြေးဆွဲခမှာ ခရီးအကွာအဝေးအလိုက် ကျပ်၅၀၀မှကျပ် ၂၀၀၀ ခန့်ရှိပြီး၊ တစ်ရက် ကျပ်၇၀၀၀ မှကျပ် ၁၅၀၀၀ အထိ ဝင်ငွေ ရရှိနေကြောင်း ဆိုင်ကယ်တက္ကစီ ပြေးဆွဲနေသူတစ်ဦးထံမှ သိရပါတယ်။



ကလေးမြို့တွင် ဆိုင်ကယ်ဘေးတွဲယာဉ်စီးရေ ၃၀၀ ခန့် ရှိပြီး နေ့စဉ် ပြေးဆွဲလျက်ရှိနေပါတယ်။ ဆိုင်ကယ်ဘေးတွဲယာဉ်က ဆန်အိတ် ငါးအိတ် သယ်ဆောင်နိုင်လို့ ပုဂ္ဂလိက လုပ်ငန်းသုံးယာဉ်အဖြစ် အသုံးပြုလျက်ရှိနေပြီး စုစုပေါင်း အစီးရေ ၅၀ ခန့်ရှိကြောင်း သိရပါတယ်။ **အောင်မင်း(တန့်ဆည်)**

## ပြည်ပမှဆိုင်ကယ်တင်သွင်းမှုလျော့ကျ

ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇၂ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၉၀၂ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၈၀၀ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၉၈ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှုပိုမိုခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်၊ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်တင်သွင်းမှုလျော့ကျခဲ့တဲ့အတွက်ကြောင့် စုစုပေါင်း တင်သွင်းမှုလျော့ကျခဲ့တာ ဖြစ်ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၄၇၁ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၆၈ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၅၀ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၆၈၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၁၄၁၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၈ သန်း၊ တန်ချိန်အားဖြင့် တန်ချိန် ၂၇၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ကဏန်း၊ ငါးခြောက်၊ ငါးဆားနယ်၊ ပုစွန် တင်ပို့မှု လျော့နည်းခဲ့ပေမယ့် ငါးမျိုးစုံ၊ ငါးပူးတင်းအရေခွံခြောက်၊ ငါးလိပ်ကျောက်အရေခွံခြောက်၊ ငါးလေးခြောက်၊ ပုစွန်ခြောက်၊ ပုစွန်ဖွဲ့နဲ့ ငါးမြစ်ချင်းစီဖောင်း ပိုမိုတင်ပို့ခဲ့လို့ ရေထွက်ကုန် တင်ပို့မှု တန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံ ယွမ်ဈေးအနေဖြင့် ငါးရှဥ့် တစ်တန်လျှင် ယွမ် ၃၁၀၀၀၊ ကဏန်း တစ်တန်လျှင် ၅၃၃၈၁ ယွမ်ဈေးရှိတယ်လို့ မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

မော်မော်အောင်

## တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့ပြီး ထိုင်းနိုင်ငံမှ သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၇၇ သန်းတန်ဖိုးရှိ သကြား ၄၉၉၄၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၄၉၈၅၃ တန်ကျော်နဲ့ ချင်းရွှေဟော်မှ သကြားဖြူ ၉၃ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၅၇၈၆၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၃၉ တန်ကျော် စုစုပေါင်း သကြား ၅၈၀၀၅ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြား ၈၀၅၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း သကြားတစ်တန်ကို ကျပ် ၉၇၈၉၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်မှာ ကျပ် ၉၇၁၁၀၀ သို့ဈေးကျဆင်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၄၈-၂၄၉ယွမ်ဈေးရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၆၉ သန်းတန်ဖိုးရှိ Re-export သကြား ၁၄၄၈၉ တန် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၁၃၃၈၅ တန်နဲ့ နှိုင်းယှဉ်ပါက ၁၁၀၄ တန် ပိုမို တင်သွင်းခဲ့တာ တွေ့ရပါတယ်။

မော်မော်အောင်

## မြန်မာ-တရုတ်နယ်စပ်မှ ဖရဲသီးတန်သုံးသောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီစခန်းစုံမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၈၀၅ သန်းတန်ဖိုးရှိ ဖရဲသီး ၂၉၁၇၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၇၅၈၀ တန်၊ လွယ်ဂျယ်မှ ၃၆၄ တန်၊ ချင်းရွှေဟော်မှ ၁၈ တန်ခွဲနဲ့ ကန်ပိုက်တီမှ ၁၂၁၀ တန် ဖြစ်ပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၂ သန်းတန်ဖိုးရှိ သခွားမွှေး ၄၀၃၀ တန်ကိုလည်း တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ဖရဲသီး ၂၆၆၂၆ တန်ခွဲနဲ့ သခွားမွှေး ၁၁၅၀ တန် သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဖရဲသီး ၂၅၄၆ တန်၊ သခွားမွှေး ၂၈၈၀ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၄ သန်းတန်ဖိုးရှိ နာနတ်သီးနဲ့ ထောပတ်သီးတန် ၁၀၀စီ၊ လိမ္မော်သီးတန် ၆၆၀ တို့ကို တစ်ဖက်အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ယခင်တစ်ပတ်က ထောပတ်သီးတန် ၁၀၀ သာတင်ပို့ခဲ့ကြောင်း သိရပါတယ်။

မော်မော်အောင်

## အိန္ဒိယနယ်စပ်သို့ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ -အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၈ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၄၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၃၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၅ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၂ တန်နဲ့ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၃၆ တန်ကို တင်ပို့နိုင်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၈ သန်းတန်ဖိုးရှိ နန့်ဖာလုံအမယ်စုံနဲ့ စီးကရက် ၄၄ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆ သန်းတန်ဖိုးရှိစောင်၊ မဝတ်တီရှပ်တို့ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေး ခန်းမ (၂) တွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပပြုလုပ်ရာ တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/ အမှုထမ်းများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မိတ်ဖက်တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စားသုံးသူ ကိုယ်စားလှယ်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အဖွင့်အမှာ စကားပြောကြားပြီး အတွင်းရေးမှူး တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က (၁၁) ကြိမ်မြောက် တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စားသုံးသူရေးရာဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှာကြားချက်များနှင့် မိတ်ဖက်ဌာနဆိုင်ရာများမှ တင်ပြလာသော အချက်အလက်များကိုစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက သိရှိအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်း ပါဝင် စီမံဆောင်ရွက်နိုင်ရေး၊ ၂၀၁၇ ခုနှစ် မတ်လမှာ တိုင်းဒေသကြီး အတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်ရေး၊ တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ခရိုင်အလိုက် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ ရှောင်တခင်စစ်ဆေးမှုအပိုင်း၌ ဈေးတစ်ဈေး၊ အလုပ်ရုံတစ်ရုံထက်မနည်း စစ်ဆေးမှုများကို လိုအပ်သလိုလမ်းညွှန်မှုများ ပြုလုပ်ပေးရေး၊ ဆဋ္ဌမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်အရ ချောင်းသာ၊ ငွေဆောင်ဒေသများတွင် ဟိုတယ်လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်သွားရေး၊ ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း တိုင်းဒေသကြီး အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် SMEs လုပ်ငန်းများအား သင်တန်း ပို့ချသွား ရေးစသည့်ကိစ္စများကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဌေး (ပုသိမ်)**

## လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကျင်းပ

ကယားပြည်နယ်၊ လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကို ဖေဖော်ဝါရီလ ၂၇ ရက်က ကယားပြည်နယ်၊ လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်၊ လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

လှိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီက ယခင်လ (၁/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရှေ့ဆက်လက်၍ လှိုင်ကော်ခရိုင်အတွင်း စားသုံးသူပြည်သူများ စားသုံးသူ အခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာများကို အုပ်စုခွဲ၍ ဆောင်ရွက်မည့် အသိပညာပေး ဟောပြောပွဲများနှင့် ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည့်စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်း စဉ်များကိုလည်းကောင်း အကျယ်တဝင့်ဆွေးနွေး ပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်များ၏ အပြန်အလှန် ဆွေးနွေးချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## ကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တောင်ကြီးမြို့တွင် ဆွေးနွေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆွေးနွေးဟောပြောပွဲကို ဖေဖော်ဝါ ရီ ၂၃ ရက်ကကျင်းပခဲ့တယ်လို့ သိရပါတယ်။

အဆိုပါဟောပြောပွဲသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ဘဏ္ဍာ ရေးဝန်ကြီး ဦးစိုင်းရွှန်တစ်လုံ၊ စီးပွားရေးပညာရှင်ဒေါက်တာ အောင်ထွန်းသက်နှင့် ကုန်သည်၊ စီးပွားရေး လုပ်ငန်းရှင် စုစုပေါင်း ၄၈ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးဟောပြောပွဲတွင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍသုံးရပ်ဖြစ်သည့်နိုင်ငံတော်ကဏ္ဍ၊ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်အဖွဲ့အစည်းများဖြစ်သည့် NGO ၊ ဘာသာရေး၊ လူမှုရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ အတူတကွ လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို စီးပွား ရေးလုပ်ငန်းရှင်များက ပုဂ္ဂလိကနှင့်တွဲပြီး ကျောင်းများစွာ ဖွင့်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် လက်ရှိစီးပွား ရေးထက် လေးဆတိုးဖို့ ရည်မှန်းထားသည်ကိုလည်း သိရှိရပါကြောင်း၊ မြန်မာ့ပို့ကုန်များ အရည်အသွေးကောင်းမှ ပြည်ပ ဈေးကွက်တွင် နေရာရလာမှာ ဖြစ်ကြောင်းနှင့် ဒေါ်လာဈေး တစ်နှစ်ထက်တစ်နှစ် တရားလွန် မြင့်တက်သွားမှုများသည်လည်း စီးပွားရေးလုပ်ငန်းရှင်များအတွက် အခက်အခဲ ဖြစ်စေပါကြောင်း၊ ရှမ်းပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများများ ဝင်ရောက်လာအောင် မက်လုံးများပေးပြီး ဆွဲဆောင်ရမည် ဖြစ်ပါကြောင်း၊ ၎င်းတို့ဝင်ရောက်လာပါက အရင်းအနှီးများရလာခြင်း၊ ဈေးကွက်ရလာခြင်း၊ နည်းပညာများ ရလာခြင်း၊ စီမံခန့်ခွဲမှုပုံစံများ ရလာမည်ဖြစ်ပါကြောင်း၊ ၎င်းတို့ကိုမိမိတို့၏ ဒေသန္တရဗဟုသုတများဖြင့် ပေါင်းစပ်လိုက်ပါက အောင်မြင်သော စီးပွားရေးလုပ်ငန်းဖြစ်လာနိုင်ပါကြောင်း၊ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ရှမ်းရိုးရာ အစားအစာများဖြစ်သည့် ရှမ်းပဲပုပ်၊ ရှမ်းခေါက်ဆွဲ၊ ဂျုံးမြစ်နှင့် ရွှာငံကော်ဖီ၊ ရပ်စောက်သရက်၊ အောင်ပန်းအာလူး၊ ဟိုပုန်းချင်း/နနွင်း၊ ကျောက်တန်းထောပတ်၊ ပင်းတယ လက်ဖက်တို့ကို ပို့ကုန်များအဖြစ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတိုင်းတွင် မရှိနိုင်သည့် ဆီးနှင်းတို့ဖြင့် လှပသည့် မနောမြေ၊ ကျွန်းစုများဖြင့် သာယာလှပသည့် မြိတ်ကျွန်းစုတို့မှာ တိုင်းပြည်၏အဖိုးမဖြတ်နိုင်သည့်ရတနာများဖြစ်ပါကြောင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားတို့အတွက် စွဲမက်စရာနေရာဒေသပင်ဖြစ်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာကြသော စီးပွားရေး လုပ်ငန်းရှင်များက မေးမြန်းဆွေးနွေးခဲ့သည်များကို ပြည်နယ် အစိုးရဝန်ကြီးများနှင့် ဒေါက်တာအောင်ထွန်းသက်တို့က ပြန်လည်ဖြေကြားပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

## ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ရော်ဘာလုပ်ငန်း ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှုကြီးမှူး၍ Swiss Agency for Development and Cooperation (SDC) CARE Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြုလုပ်သော ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ရော်ဘာလုပ်ငန်း ဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မော်လမြိုင်မြို့၊ ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးထွန်းဌေးနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စက်မှုသီးနှံစိုက်ပျိုးပညာပေးရေး) ဦးဇော်ထွန်းမြင့်က အမှာစကား ပြောကြားခဲ့ကြပါသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူး (နှစ်ရှည်သီးနှံဌာနခွဲ) ဦးထွန်းထွန်းထွေးက ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ CARE Myanmar Senior Advisor ဦးဝင်းနိုင်သိန်းက ရော်ဘာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှင့် ရော်ဘာဥပဒေမူကြမ်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီမြင့်နှင့် ဦးလှမြင့် (အကြံပေး) တို့က မြန်မာ့ရော်ဘာလုပ်ငန်း ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက် ထားရှိမှုအခြေအနေကိုလည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မုဒုံမြို့နယ် ဦးစီးမှူး ဦးဇော်ဝင်းလတ်ကရော်ဘာတစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ကျိုက်မရောမြို့နယ် ဦးစီးမှူး ဦးသိန်းအောင်သန်းက အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့်ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရော်ဘာ အသင်းအဖွဲ့ဝင်များ၊ ခြံရှင်များ၊ လုပ်ငန်းရှင်များ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများကိုCARE Myanmar နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရော်ဘာအများဆုံး စိုက်ပျိုးသောဒေသများဖြစ်သည့် မွန်ပြည်နယ်၊ ကရင်ပြည် နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရော်ဘာလုပ်ငန်း ဥပဒေမူကြမ်းအပေါ် အကြံပြုချက်များအား စုစည်းရယူပြီးပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**အောင်လွင်**


TOE TET LINN CO., LTD.
DIAMOND ARROW GENERAL TRADING CO., LTD.




POE POE
POE POE
CAR SALES CENTRE


KTNS
Services Company Limited
Thet Naing Soe
Managing Director
Yankin Township, Yangon, Myanmar

# YADANAR HTAY

COMPANY LIMITED



HNN MARINE RESOURCES (YGN) LTD.

Sealite

www.sealite.com

Avlite

SOLAR-LED TECHNOLOGY TRADING CO.Ltd





HNN MARINE RESOURCES (YGN) LTD,

Office: No.10/12,1ft, Bogalay Zay St, Botataung Tsp, Yangon,Myanmar   Phone: 01-392210,392278



## ပြောင်း

### ပင်လယ်ရေကြောင်းမှ မြန်မာ့ပြောင်းတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှု နည်းလမ်းဖြင့် မြန်မာ့ပြောင်းကို ၂၀၁၇ နှစ်စမှစ၍ အများအပြားတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၄၄၅၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ့ပြောင်းကို ဗီယက်နမ်နိုင်ငံက အများဆုံးဝယ်ယူလျက်ရှိရာ ယခုတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံသို့ တန် ၂၉၄၀ နဲ့ မလေးရှားနိုင်ငံသို့ ၁၅၁၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၁၄၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၁၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခင်ကပြောင်းကို ပင်လယ်ရေကြောင်းမှ အနည်းငယ်သာ တင်ပို့ခဲ့သော်လည်း ၂၀၁၇ ဇန်နဝါရီမှစ၍ ပိုမိုတင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၃၆၈ ကျော်တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလဆန်းမှ ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ပြောင်း ၁၁၉၄၈ တန်ကျော် တင်ပို့ထားပြီး ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြောင်းတင်ပို့တဲ့နိုင်ငံများအနက် ဗီယက်နမ်နိုင်ငံကို အများဆုံးတင်ပို့တာဖြစ်ပြီး အခြားတင်ပို့တဲ့နိုင်ငံများမှာ တရုတ်နိုင်ငံ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတို့ဖြစ်ကြပါတယ်။

**ယဉ်ယဉ်အေး**

### တရုတ်နယ်စပ်မှရော ထိုင်းနယ်စပ်မှပါ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီစခန်းစုံမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၀၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၇၀၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၀၈၃၀ တန်၊ လွယ်ဂျယ်မှ ၁၇၅၆ တန်ကျော်၊ ချင်းရွှေဟော်မှ ၄၃၇၉ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၆၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းသုံးခုမှ ပြောင်းတန်ချိန် စုစုပေါင်း ၅၀၉၄၄ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ ပြောင်း ၁၃၉၁၈ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ သီတင်းပတ်ရော ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်မှာပါ ပြောင်းတစ်တန်ဈေး ၂၂၅၆၈၁ ကျပ်နဲ့ ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်မှာပြောင်းတစ်ပိဿာကို သယ်ယူစရိတ် ၇၃ ကျပ်မှ ၇၅ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၁၁၀၉ စီးဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၂၅၂၃၉ တန်ဖိုးရှိ ပြောင်းဖူးစေ့တန် ၅၅၀ ကိုယခုသီတင်းပတ်မှာ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလဆန်းပိုင်းက တန် ၁၀၀ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### လွိုင်ကော်မှတစ်ရက်လျှင် ပျမ်းမျှပြောင်းတန်ချိန် ၈၀ ကျော် တင်ပို့

လွိုင်ကော်မြို့နယ်မှ ဖေဖော်ဝါရီလ ၃၁ ရက်မှ မတ်လ ၁ ရက်အထိ သီတင်းပတ်အတွင်း တစ်ရက်လျှင် ပျမ်းမျှပြောင်းတန်ချိန် ၈၆ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ လွိုင်ကော်မြို့နယ်တွင် ပြောင်းဖူးစေ့တန်ချိန် ၆၀၂ တန်ထွက်ရှိကြောင်း သိရပါတယ်။

လွိုင်ကော်မြို့နယ်သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသမှ ဆန်အဝင်မှာ ယခုသီတင်းပတ်အတွင်း ၁၁၈ တန်ဝင်ရောက်ခဲ့ရာ တစ်ရက်လျှင် ပျမ်းမျှ ၁၇ တန်ဝင်ရောက်ခဲ့ကြောင်း ကယားပြည်နယ်မှ ထွက်ရှိသည့် ရွှေရင်အေး (၁)ဆန်တင်ပို့မှုမှာ တစ်ရက်လျှင်တန် ၂၀ ခန့်ရှိကြောင်း သိရပါတယ်။ **စားသုံးသူကယား**

## ဝါ

### မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၈၅၄၂၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၂၆၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၁၁၂ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မူဆယ်မှ တရုတ်နိုင်ငံသို့ ဝါဂွမ်းတန် ၁၅၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နဲ့ ပခုက္ကူခရိုင်တွေမှာ လစဉ် သရုပ်ပြပွဲများ၊ ဝါအကြောင်း သိကောင်းစရာများ၊ စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ရော်ဘာဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀ ကျော် ကျဆင်း

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၇၄ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၀၇၈ တန်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းတစ်ပတ်အတွင်းမှာ တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ရော်ဘာ အမျိုးအစားများမှာ RSS 1 ၄၇၂ တန်ကျော်၊ RSS 3 ၂၂၂၆ တန်ကျော်၊ RSS 5 ၆၅ တန်နဲ့ MSR 20 ၃၁၅ တန်ကျော်ဖြစ်ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၂၅ သန်းတန်ဖိုးရှိ ရော်ဘာ RSS 1 ၄၀၄ တန်ခန့် တင်ပို့ခဲ့ပြီး စခန်းနှစ်ခုပေါင်းရဲ့ စုစုပေါင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၉၉ သန်းတန်ဖိုးနဲ့ တန်ချိန် ၃၄၈၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၃၁၁၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၇၀ ပိုမိုတင်ပို့နိုင်ပါတယ်။

ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန် ကျပ် ၂၇ ဒသမ ၃ သိန်း၊ RSS 5 တစ်တန်ကို ကျပ် ၂၆ ဒသမ ၃၃၇ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၆ သန်းတန်ဖိုးရှိ ရော်ဘာ ၈၈၇ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရော်ဘာကိုအများဆုံးဝယ်လက်ဖြစ်တဲ့ မလေးရှားနိုင်ငံသို့ RSS 3 ၆၇၆ တန်နဲ့ MSR 20 ၁၀၅ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20၊ TSR ၁၀၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၄၇၄ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၅၈၇ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ ယခင်တစ်ပတ်ကထက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀ ကျော် ဈေးကျလာပါတယ်။ ထို့အတူ မြန်မာ့ရော်ဘာ FOB ဈေးကလည်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၀၀ ဈေးကျကြောင်း မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင်ဒေါ်လာ | ၂၂၅၀-၂၃၅၀၊ |
| RSS 2 | တစ်တန်လျှင်ဒေါ်လာ | ၂၂၀၀-၂၃၀၀၊ |
| RSS 3 | တစ်တန်လျှင်ဒေါ်လာ | ၂၁၅၀-၂၂၅၀၊ |
| RSS 4 | တစ်တန်လျှင်ဒေါ်လာ | ၂၁၀၀-၂၂၀၀၊ |
| RSS 5 | တစ်တန်လျှင်ဒေါ်လာ | ၂၀၅၀-၂၁၅၀၊ |
| MSR 3L | တစ်တန်လျှင်ဒေါ်လာ | ၂၃၀၀-၂၄၀၀၊ |
| MSR 10 | တစ်တန်လျှင်ဒေါ်လာ | ၂၀၀၀-၂၁၀၀၊ |
| MSR 20 | တစ်တန်လျှင်ဒေါ်လာ | ၁၉၅၀-၂၀၅၀၊ |
| MSR 50 | တစ်တန်လျှင်ဒေါ်လာ | ၁၈၅၀-၁၉၅၀၊ |
| Crepe Rubber | တစ်တန်လျှင်ဒေါ်လာ | ၁၈၅၀-၁၉၅၀ |

**ယဉ်ယဉ်အေး**

## တစ်သျှူးငှက်ပျော

### တရုတ်နယ်စပ်မှရော ထိုင်းနယ်စပ်မှပါ တစ်သျှူးငှက်ပျောတင်ပို့



မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၂ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၈၂၇၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တာကတော့ ကန်ပိုက်တီမှ ၇၇၅၀ တန်၊ လွယ်ဂျယ်မှ ၅၂၈ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ကန်ပိုက်တီမှ ၃၇၅၀ တန်၊ လွယ်ဂျယ်မှ တန် ၃၂၀ စုစုပေါင်း ၄၀၇၀ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တစ်သျှူးငှက်ပျော ၄၂၀၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၆၅၀၇၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၅၀၀ ကို ယခုတစ်ပတ်မှာ ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ တစ်သျှူးငှက်ပျော တင်ပို့မှုမရှိဘဲ ဖေဖော်ဝါရီ ဒုတိယပတ်က တန် ၂၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မူဆယ်မှ ပျားရည်ပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၁၀၀၀ တန်ဖိုးရှိ ပျားရည် တန်ချိန် ၃၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၂ တန်တင်ပို့ခဲ့တဲ့အတွက် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန် တင်ပို့နေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ ပျားရည်ကို ပြည်ပဈေးကွက်များမှ ဝယ်လိုအားရှိတာကြောင့် မြန်မာနိုင်ငံထွက် ပျားရည်များကို တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဥရောပနိုင်ငံများနဲ့ အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်လျက်ရှိနေတဲ့ အရင်းအနှီးနဲ့ နည်းပညာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပျားလုပ်ငန်းဌာန)မှ ကူညီမယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တာချီလိတ်ကုန်သွယ်ရေး စခန်းမှ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၉၀၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အပို့မရှိဘဲ ဖေဖော်ဝါရီလဆန်းက ၇၅ တန်နီးပါး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက်အခါးခြောက်ကို ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချကြောင်းလည်း သိရပါတယ်။ ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက် စက်ရုံတွင် အခြောက်ခံ၍ ထွက်ရှိတဲ့ လက်ဖက်ခြောက်ကို စံချိန်စံညွှန်းမီသဖြင့် ဂျာမနီနိုင်ငံမှ ဝယ်ယူခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# အမေရိကန် SPF ပုစွန်ဖြူမျိုးဖြင့် ၂၀၂၂ တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တင်ပို့နိုင်ရန်ရည်ရွယ်

ရောဂါကင်းရှင်းရန် အမေရိကန်နိုင်ငံ ဟာဝိုင်အီတွင် ဗီဇပြုပြင်ထားသော SPF ပုစွန်ဖြူမျိုးအား မွေးမြူခြင်းဖြင့် ၂၀၂၂ ခုနှစ်မှစ၍ မြန်မာ့ပုစွန်ထွက်ကုန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးအထိ တင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် Marine Genetics LLC မှ ဥက္ကဋ္ဌ Dr. Jim Wyban နှင့်ဆွေးနွေးပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်တွင်းတွင် မြန်မာ့မျိုးရင်းဖြစ်သည့် ပုစွန်ကြား (Black Tiger)ကို အစဉ်အလာအရ ပိုမိုကျယ်ပြန့်စွာ မွေးမြူနေကြသော်လည်း သားပေါက်များကို ထိုင်းနိုင်ငံမှ အဓိကဝယ်ယူနေရပြီး ဈေးနှုန်းမြင့်မားခြင်းနှင့်အတူ ရောဂါကျရောက်နိုင်မည့် အခြေအနေများကို ရင်ဆိုင်နေရရာ Marine Genetics LLC အနေဖြင့် ပြည်တွင်းပုစွန်မွေးမြူရေးက ရောဂါကင်းရှင်းရန် Pathogen မပါဝင်အောင် ဗီဇပြုပြင်ထားသော SPF (Specific Pathogen Free) ပုစွန်ဖြူသားပေါက်များကို ပြည်တွင်း၌ စမ်းသပ်မွေးမြူသွားမည်ဖြစ်ပြီး အောင်မြင်ပါက ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

SPF ပုစွန်ဖြူသည် ရောဂါခံနိုင်ရည်ရှိခြင်းအပြင် တစ်စတုရန်းမီတာလျှင် ၁ ဒသမ ၅ကီလိုဂရမ်အထိ သိပ်သည်းမှုခံနိုင်ရည်ရှိခြင်း၊ ရက်ပေါင်း ၁၀၀ အတွင်း ၂၀ ဂရမ်အထိ ကြီးထွားနှုန်းမြန်ခြင်းစသည့် အားသာချက်များရှိနေပြီး ရေချိုရေငန်မွေးမြူ၍ ရသည့်အတွက် မြန်မာ့လယ်သမားများ တစ်နိုင်တစ်ပိုင်မွေးမြူ၍ရကြောင်း သိရသည်။

ကမ္ဘာ့ရေထွက်ကုန်ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ တန်ဖိုးဖြင့် ပုစွန်ဖြူက ၈၆ ရာခိုင်နှုန်းအထိ နေရာယူထားပြီး၊ နိုင်ငံတကာဈေးကွက် အဆင်သင့်ရှိနေသည့်အတွက် မြန်မာနိုင်ငံတွင် ပုစွန်ဖြူမွေးမြူရေးလုပ်ငန်းကို အလေးပေးလုပ်ဆောင်သင့်ကြောင်း ပုစွန်ဗီဇဗေဒပညာရှင်ဖြစ်သူ Dr. Jim Wyban က ပြောကြားခဲ့သည်။

Marine Genetics LLC အနေဖြင့် Best Burma PL အမည်ရှိ မြန်မာကုမ္ပဏီအားထူထောင်ကာ ယခုနှစ်အတွင်းတွင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းအပါအဝင် ဒေသသုံးခု၌ SPF ပုစွန်ဖြူအကောင်ရေ ငါးသန်းအထိ စမ်းသပ်သားဖောက်မွေးမြူမည်ဖြစ်ပြီး သားပေါက်များနှင့်အတူ ဇီဝလုံခြုံရေးစနစ်၊ အမေရိကန်စီမံခန့်ခွဲမှု နည်းပညာနှင့် Aeration နည်းပညာတို့ကိုပါ ပြည်တွင်းလုပ်ငန်းရှင်များထံသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း Dr. Jim Wyban ကပြောသည်။

မွေးမြူရေးအောင်မြင်လျှင် ပြည်တွင်းစားသောက်ကုန်လုံခြုံရေး အတွက် ပံ့ပိုးပေးသည်သာမက မြန်မာ့သွင်းကုန်-ပို့ကုန်ကွာဟချက်ကို ၂၅ ရာ ခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းမြင့်က ပြောကြားခဲ့သည်။

နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများကြောင့် အထိနာခဲ့ရသည့် မြန်မာ့ပုစွန် မွေးမြူရေးလုပ်ငန်းကို ပြန်လည်ဦးမော့လာစေရန်မှာ ပြည်တွင်းသားဖောက်လုပ်ငန်းများ ဖွံ့ဖြိုးလာရန် အရေးတကြီးလိုအပ်နေပြီး၊ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် ထည့်သွင်းရန်တင်ပြထားကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုများ လိုအပ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပုစွန်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ရှိနေပြီး မြန်မာ့ပုစွန်ပို့ကုန်မှာ သန်း ၄၀၀ ခန့်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# UOB ၏ တက္ကသိုလ်ပညာသင်ဆုအတွက် အထူးချွန်ဆုံး မြန်မာကျောင်းသူ၊ ကျောင်းသား ၁၅ ယောက်အား ရွေးချယ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်မှ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူ၊ကျောင်းသား ၁၅ ယောက်အား United Oversesas Bank Limited က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပညာသင်ဆုများ ချီးမြှင့်ခဲ့ကြောင်း United Overseas Bank ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။




အဆိုပါပညာသင်ဆုအား ရွေးချယ်ရာတွင် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးတွင် ထူးချွန်အောင်မြင်မှုများ၊ ဘာသာစကားကျွမ်းကျင်မှုနှင့်အလုပ်အကိုင်ရရှိရေး မျှော်မှန်းချက်များ စသည့်အချက်များအပေါ် မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုပညာသင်ဆု ထောက်ပံ့ရေး အစီအစဉ်တွင် ပညာသင်ဆုရရှိသည့် ကျောင်းသူ၊ ကျောင်းသားများအား ဘွဲ့ရသည်အထိ ပညာရေးဆုံးခန်းတိုင်အောင် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

UOB ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အမှုဆောင် အရာရှိချုပ် Mr. Loi Kai Cheow က "UOB ရဲ့ ပညာသင်ဆုထောက်ပံ့ပေးမှု အစီအစဉ်နဲ့ ဒီလိုလူငယ်တွေရဲ့ အနာဂတ် တိုးတက်တောက်ပြောင်လာစေဖို့ ဆက်လက်ကူညီသွားမှာ ဖြစ်ပါတယ်။ ဒီလိုကူညီခြင်းဖြင့်လည်း မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေး တိုးတက်လာစေဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုတစ်ကြိမ်တွင် ပညာသင်ဆု ရရှိသွားသော ကျောင်းသူ၊ ကျောင်းသားများမှာ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသားငါးဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသား ၁၀ ဦးတို့ ပါဝင်ကြောင်း သိရသည်။ ယခုပညာသင်ဆု ရရှိသွားသော ကျောင်းသူ၊ ကျောင်းသားများသည်ပထမနှစ်တွင် ပညာသင်ကြားနေသူများ ဖြစ်ကြသည်။

ပညာသင်ဆုရရှိသော ကျောင်းသူ၊ ကျောင်းသားများအပါအဝင် UOB ၏ ပညာသင်ထောက်ပံ့ပေးမှုအစီအစဉ်ဖြင့် ဆုရရှိထားပြီးသော ကျောင်းသူ၊ ကျောင်းသားပေါင်း ၄၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

UOB ၏ ပညာသင်ဆုထောက်ပံ့ပေးမှု အစီအစဉ်အား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး UOB နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့နှင့် ပူးပေါင်းပြုလုပ်ခြင်းဖြစ်သည်။ အဆင့်မြင့်ပညာရေးအတွက် ရှေ့ဆက်နိုင်ရန် အခက်အခဲရှိနေကြသော ထူးချွန်ထက်မြက်သည့် ကျောင်းသူ၊ ကျောင်းသားများအား ထောက်ပံ့ကူညီသွားရန် ရည်ရွယ်ချက်ဖြင့် ပညာသင်ဆုထောက်ပံ့ခြင်း အစီအစဉ်အား ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာ့ပထမဆုံး Coffee Origin Tour ကို ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့တွင် လေ့လာနိုင်

ကော်ဖီကြိုက်နှစ်သက်သူများနှင့် စိတ်ပါဝင်စားသူများ လေ့လာနိုင်မည့် မြန်မာ့ပထမဆုံး Coffee Origin Tour ကို ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင် လုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ Coffee Origin Tour လုပ်ဆောင်ရခြင်းမှာ ကော်ဖီသောက်သုံးမည့်သူများအား ကော်ဖီစိုက်ပျိုးပုံ စိုက်ပျိုးနည်းနှင့် ကော်ဖီစေ့ကောင်းရရှိရန်၊ အထွက်နှုန်းကောင်းသည့် ကော်ဖီများ ရရှိရန်၊ ဆောင်ရွက်ပုံဆောင်ရွက်နည်းများကို သိရှိစေရန်နှင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"တချို့ကော်ဖီသောက်တဲ့သူတွေက ကော်ဖီဘယ်ကနေ ထွက်တာလဲဆိုတာကို လိုက်ကြည့်ချင်တာရှိတယ်။ ကော်ဖီကလည်း အဆင့်ဆင့်လုပ်တဲ့ပုံပေါ် မူတည်ပြီး ကွဲပြားတာရှိတယ်လေ။ အဲ့ဒါကြောင့် စိုက်ခင်းဆီကို တိုက်ရိုက်သွားပြီး ဘာတွေလုပ်သလဲ ဘယ်လိုလုပ်သလဲဆိုတာတွေကို ကြည့်လို့ရတယ်။ လေ့လာလို့ရတယ်။ အဲဒီ ဒေသက လူတွေနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ဒေသန္တရဗဟုသုတ အနေနဲ့လေ့လာလို့ရတယ်။ အဲဒါတွေ အကုန်လုံးကို ဆက်စပ်ပြီးတော့ Eco-Tourism(သဘာဝအခြေခံခရီးသွားတာ)နဲ့ Agri-Tourism (စိုက်ပျိုးရေး အခြေခံခရီးသွားတာ) တွေကို Coffee Origin Tour နဲ့ပတ်သက်ပြီး တွဲလုပ်တာပါ။ ဒီလုပ်ငန်းမှာပဲတည်း ဖို့ခိုဖို့၊ သွားဖို့လာဖို့တွေကိုလည်း ဉာဏ်ကြီးရှင်ကော်ဖီကပဲ စီစဉ်ပေးတယ်"ဟု ဉာဏ်ကြီးရှင်ကော်ဖီမှ ဒါရိုက်တာဦးငွေထွန်းက ပြောကြားခဲ့သည်။

အဆိုပါ ခရီးစဉ်နှင့်ပတ်သတ်၍ ပြည်တွင်းမှ ဘုရားဖူးခရီးစဉ်နှင့် ဒေသန္တရသွားလာတဲ့ခရီးသွားများမှ လေ့ လာမှုများရှိသလို ပြည်ပမှလည်း လာရောက်လေ့လာလျက်ရှိကြောင်း သိရ သည်။ ပြည်ပမှ လာရောက်လေ့လာသူများမှာ တစ်နှစ်လျှင် သုံးရာလေးရာ ဝန်းကျင်ခန့်ရှိပြီး ပြည်တွင်းအနေဖြင့် လာရောက်လေ့လာသူ ထောင်ဂဏန်းခန့်ရှိကြောင်း သိရသည်။

"ဒီနိုင်ငံကိုလာရင် များသောအားဖြင့် ဘာသာရေးနဲ့ပတ်သက်တဲ့ နေရာ က သွားစရာများတယ်။ အဲဒီအစား တခြားသော အတွေ့အကြုံသစ်တွေလည်း ရစေချင်တယ်။ နောက်ပြီး ကော်ဖီအကြောင်းကိုလည်း လေ့လာရင်း သဘာဝအကြောင်းအရာနဲ့ စိုက်ပျိုးရေးအခြေခံတဲ့ အကြောင်းအရာတွေကိုလည်း လေ့လာစေချင်တယ်။ Agri Tourism ရှိမှလည်း အဲဒီနေရာအထိ ရောက်သွားပြီး ဒေသတွင်းက တချို့ အရာတွေကို ပိုကောင်းအောင်လုပ်ပေး လို့ရတယ်။ အဲဒါကြောင့် ဒီလိုမျိုးစီစဉ် ဖြစ်တာပါ။ ကျွန်တော်တို့ရဲ့ Coffee Origin Tour က မြန်မာနိုင်ငံရဲ့ ပထမဆုံးလို့ ပြောလို့ရတယ်။ တခြားသူလုပ်တာကျတော့ ခရီးသွားအေဂျင်စီက စီစဉ်ခိုင်းလို့လုပ်တာ။ ကျွန်တော်တို့ကတော့ ကိုယ့်ဘာသာသိပြီး လုပ်သင့်လို့ လုပ်တာပါ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် Coffee Origin Tour ကို ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင် စတင်လုပ်ဆောင်ထားပြီး ကျန်သည့်မြို့နယ်များ၌လည်း တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုလိုရာသီတွင် လာရောက် လေ့လာသူများပြားပြီး သွားရောက်လေ့လာချင်သူများအနေဖြင့်လည်း ဉာဏ်ကြီးရှင်ကော်ဖီကို ဆက်သွယ်၍ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မယ်သီတာ**




## မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် စင်ကာပူနိုင်ငံမှ Surbana Jurong တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တန်ဖိုးနည်းအိမ်ရာပေါင်း တစ်သန်း အကောင်အထည်ဖော်မည်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် စင်ကာပူနိုင်ငံမှ Surbana Jurong တို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် တန်ဖိုးနည်းနှင့်တန်ဖိုးမျှတ အိမ်ရာပေါင်းတစ်သန်းအား အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ အကောင်အထည်ဖော်နိုင်ရန်အတွက် စာချုပ်လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရန်ကုန်မြို့၊ ဆူးလေရှန်ဂရီလာဟိုတယ်တွင် မတ် ၃ ရက်ကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းသည် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့အပြား၌ တန်ဖိုးမျှတနှင့် တန်ဖိုးနည်း အိမ်ရာပေါင်းတစ်သန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ယခုကဲ့သို့ စင်ကာပူနိုင်ငံအခြေစိုက် Surbana Jurong နှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း အသီးသီးကို ဖွဲ့စည်းထားပြီးဖြစ်ရာ အဆိုပါအသင်းများနှင့်ချိတ်ဆက်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသာဌေးက ပြောကြားခဲ့သည်။

စင်ကာပူအခြေစိုက် Surbana Jurong သည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်ကတည်းကရောက်ရှိကာ ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိသည်။ Surbana Jurong အနေဖြင့် ရန်ကုန်မြို့တွင် ဒဂုံဆိပ်ကမ်းအိမ်ရာ၊ ရတနာနှင်းဆီအိမ်ရာ၊ ပိုလိုကလပ်ရက်ဆီးဒင့်၊ ဂိုးလ်ဒင်းဗယ်လီအိမ်ရာစီမံကိန်း၊ ဆီဒိုးနားတိုးချဲ့အဆောက်အဦ၊ မန္တလေးအဝေးပြေးကားဂိတ်ဝင်းစီမံကိန်း၊ ရတနာကားဂိတ်နှင့်ကားဝင်း၊ Wilmar မြန်မာဆိပ်ကမ်း(သီလဝါ)လီမိတက်၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်၊ မအူပင်-ဖျာပုံချိတ်ဆက်ထားသည့်လမ်း ပြန်လည်တည်ဆောက်ခြင်း၊ မဲခေါင်ဒေသကြီး အရှေ့အနောက် ကော်ရစ်ဒါ(အင်ဒုမှကော့ကရိတ်)စသည့် အဆောက်အအုံများနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ Surbana Jurong အနေဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းသို့ တန်ဖိုးနည်းနှင့်တန်ဖိုးမျှတအိမ်ရာများကို တည်ဆောက်ရာတွင် နည်းပညာနှင့်အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာပုံစံငယ်များ ပြုစုခြင်းတို့ကို ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်းသိရသည်။ **မယ်သီတာ**

## မြန်မာနိုင်ငံ၊ ကမ္ဘောဇဘဏ်မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ တိုက်ရိုက်ငွေလွှဲနိုင်ပြီ







မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ တိုက်ရိုက် ငွေလွှဲမည့်အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း ကမ္ဘောဇဘဏ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် နိုင်ငံတကာ ဘဏ်တစ်ခုဖြစ်သည့် ဆူမီတိုမိုမတ်ဆုအိ ကော်ပိုရေးရှင်းဘဏ်၏ နယူးယောက်ဘဏ်ခွဲနှင့်အတူ USD Settlement Account တစ်ခုအား ဖွင့်လှစ်ခဲ့ပြီး ချောမွေ့ထိရောက်သည့် ငွေလွှဲဝန်ဆောင်မှုများကို ပိုမိုမြန်ဆန်စွာ ပေးနိုင်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ပိုမိုအဆင်ပြေကောင်းမွန်သည့် ငွေကြေးကုန်သွယ်မှုနှင့် ငွေလွှဲပြောင်းမှုများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားခဲ့ပြီးနောက် ပထမဦးဆုံးအကြိမ်အနေဖြင့် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တိုက်ရိုက်ငွေလွှဲမှုများကို ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်၏ ဘဏ်လုပ်ငန်းဌာနမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင်က ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်ကြောင့် ကမ္ဘောဇဘဏ်သည် SMBC နယူးယောက်မှတစ်ဆင့် USD Settlement Account ကို အဓိကထားလုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဘဏ်အများအပြားမှစရိတ်အသီးသီးဖြင့် လွှဲပြောင်းမှုပြုလုပ်ရာတွင် ကျသင့်မည့်ကုန်ကျစရိတ်များကို လျှော့ကျစေမည်ဖြစ်သည်။

ထို့ပြင် ယခင်က အမေရိကန်နိုင်ငံသို့ ငွေလွှဲရာတွင် ၁၀ ရက်မှ တစ်လနီးပါး ကြာမြင့်ခဲ့သော်လည်း ယခုအခါတွင် တစ်ရက်အတွင်း အပြီးလွှဲပြောင်းနိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် ကမ္ဘောဇဘဏ်နှင့် ဆူမီတိုမိုမတ်ဆုအိ ကော်ပိုရေးရှင်းဘဏ်တို့ ပူးပေါင်းလုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံသားများအတွက် အချိန်ကုန် ငွေကုန်သက်သာစေမည့် အစီအစဉ်ပင်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်နှင့် ဆူမီတိုမိုမတ်ဆုအိကော်ပိုရေးရှင်းတို့သည် ၂၀၁၂ ခုနှစ်အတွင်းက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် မိတ်ဖက်ကော်မတီအား ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တိုက်ရိုက်ငွေလွှဲခြင်းအစီအစဉ်ကို ဖေဖော်ဝါရီလလယ်ပိုင်းမှ စတင် လုပ်ဆောင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## ဈေးတန်းမြင့်တက်မည့် အခြေအနေကြောင့် အဝယ်များရှိလာ

ရန်ကုန်မြို့ကားဈေးကွက် မတ်လဆန်းပိုင်း အခြေအနေမှာ ယခင်လများကဲ့သို့ပင် ကားတစ်စီးအတွက် ထပ်မံတိုးမြှင့်ကောက်ခံသွားမည့် အခွန်ဆိုင်ရာကိစ္စရပ်များသတင်းကြောင့် အင်ဂျင်ပါဝါသေးကားလေးများ အဝယ်ရှိလာသလို စလစ်ကပ်ကားများလည်း အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

စလစ်ကပ်ကားများအား ဧပြီလ ၁ ရက်မှစတင်၍ အထူးကုန်စည်ခွန်ကောက်ခံမည့်သတင်းကြောင့် မတ်လကုန်သည်အထိ ရသည့်အချိန်အတွင်း ဆောင်ရွက်ရန် လိုင်စင်လျှောက်ထားမှုများနှင့် စလစ်ဝယ်ယူမှုများပြားလာသဖြင့် စလစ်ဈေးတန်းမှာ ယခင်တစ်ပတ်များထက်ပင် လေးသိန်းခန့်ထပ်မံမြင့်တက်ကာ ၁၁၈ သိန်း၊ သိန်း ၁၂၀ ခန့်ရောက်ရှိလာကြောင်း နောက်ထပ်စလစ်လိုအပ်ချက် များပြားနေမည်ဖြစ်၍ စလစ်ဈေးတန်းမှာ မတ်လကုန်ခါနီးအထိ ပိုမိုမြင့်တက်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ရှင်းပြသည်။

ရန်ကုန် ကားဈေးကွက်နှင့် မန္တလေး အစရှိသည့် မြို့ကြီးများ၏ ဈေးကွက်များတွင်ပါ ကားဈေးနှုန်းအတက်ဘက်သို့ ဦးတည်နေကြောင်း ခန့်မှန်းပြောဆိုနေကြသဖြင့် ဈေးတန်းအား ယခုဈေးနှင့်မီရန်အတွက် အရန်ဝယ်ယူမှုများရှိလာကြောင်း၊ သို့ရာတွင် ဈေးကွက်လိုအပ်ချက်မှာ ယခင်နှစ်များစွာက တင်သွင်းခဲ့သည်အတွက် ယခုအချိန်တွင် ပြည့်မီနေသဖြင့် ထူးထူးခြားခြား အရောင်းအဝယ် တိုးတက်လာခြင်း မရှိသေးကြောင်း ၎င်းမှပြောသည်။

မြင့်တက်လာသော ဈေးတန်းအရ စလစ်ကပ်ကားများမှာ ထိပ်ဆုံးမှရှိနေပြီး ဒုတိယအနေဖြင့် နံပါတ်ထွက်ပြီးကားသစ်လေးများ၊ အကွာရာနိမ့်အသုံးပြုဆဲ ရန်ကုန်လိပ်စာပေါက် ကားဟောင်းများ ဈေးကွက်အဆင့်ဆင့်ရှိနေပြီး အသုံးများသည့် အငှားယာဉ်တက္ကစီအချို့လည်း ဈေးကွက်ရနေကြောင်း၊ ဈေးတန်းကာမိစေရန် ယခုအချိန်ဝယ်ယူသူများမှာ သိန်း ၁၅၀ ဝန်းကျင်ကားလေးများနှင့် သိန်း ၂၅၀၊ သိန်း ၃၀၀ ဝန်းကျင်စလစ်ကပ်ကားများ ဝယ်ယူလာကြသဖြင့် အရောင်းအဝယ်လှုပ်လှုပ်ရှားရှားရှိနေကြောင်း သိရသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၂။ | ဗီလ်ဒါ (၂၀၀၆) | ယာယီ | ၂၁၀ သိန်း | 1.8 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | တိုယိုတာ/ဗင် | 7M | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ကလူဂျာ (၂၀၀၁) | 9D | ၂၄၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | အာဗီအာ (၂၀၁၁) | ယာယီ | ၃၃၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၃၃၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ဗန်းဂတ် (၂၀၀၆) | ယာယီ | ၄၉၅ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | ဝှရှ် (၂၀၀၃) | ယာယီ | ၂၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား | - | ၁၁၀ သိန်း | |

# ပုသိမ်မြို့တွင် 'ပြည်ပပို့ကုန်အလားအလာရှိသော ဒေသထွက်ကုန်နှင့် နိုင်ငံတကာထုတ်ကုန် ကုန်စည်ပြပွဲ' ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ပြည်ပပို့ကုန် အလားအလာရှိသော ဒေသထွက်ကုန်နှင့် နိုင်ငံတကာထုတ်ကုန်ကုန်စည်ပြပွဲ (Ayeyar Trade Fair 2017) ကို မတ်လ ၁ ရက်က ဖွင့်လှစ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးဝင်းဌေး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီးထွက် ပြည်ပပို့ကုန်နှင့်ဒေသထွက် ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် စားသောက်ကုန်အမျိုးမျိုးနှင့် အဖျော်ယမကာများ၊ စက်မှုဝန်ကြီးဌာနထုတ် လူသုံးကုန်ပစ္စည်းများ၊ ပြည်တွင်းဖြစ် ချည်ထည်အမျိုးမျိုးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် အလှကုန်ပစ္စည်းများ၊ ကျောက်စိမ်း/ကျောက်မျက်နှင့် အမှတ်တရပစ္စည်းဆိုင်များ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ ဘဏ်လုပ်ငန်းနှင့်ခရီးသွားဝန်ဆောင်မှုအမျိုးမျိုး၊ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ပြခန်းများအပြင် နိုင်ငံတကာထုတ်ကုန်များဖြစ်သော ဂျပန်နိုင်ငံထုတ် အိမ်သုံးပစ္စည်းများ၊ ထိုင်းနိုင်ငံထုတ် လူသုံးကုန်နှင့် အလှကုန် ပစ္စည်းများ၊ ထုတ်ကုန်များ၊ စုစုပေါင်းပြခန်း ၇၀ ဖြင့် မတ်လ ၁ ရက်မှ ၃ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး ပြပွဲလာ ပရိသတ်များအား ခေတ်ပေါ်အကများ၊ မြန်မာ့ရိုးရာအကများနှင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်းသိရပါသည်။

ကုန်စည်ပြပွဲ ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမန်းဂျော်နီက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုတိုးမြှင့်ရေးနဲ့ နိုင်ငံစီးပွားရေးကို အဓိကမောင်းနှင်နေသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ ဒေသထွက်ကုန်ပစ္စည်းများ၊ ကုန်စည်များ၊ အခြားလူသုံးကုန်ပစ္စည်းများ၊ နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးလျက် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်ပစ္စည်းများ၊ ကျေးလက်အသေးစားထုတ်ကုန်များ၊ Handmade အမယ်သစ် ထုတ်ကုန်များအား ဖော်ထုတ်ပြီး ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာပြီး ပုသိမ်မြို့ရှိ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် လာရောက်ပြသကြသည့် ပြည်တွင်း/ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်မှုများရရှိ၍ အနာဂတ်စီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ ယခုလို ကုန်စည်ပြပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)၊ ထွန်းထွန်း**

# ရတနာပုံကုန်သွယ်မှုဗဟိုဌာနက ကြီးမှူး၍ "ဒေသထွက်ကုန်များ ကုန်စည်ပြပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ရတနာပုံကုန်သွယ်မှု ဗဟိုဌာနက ကြီးမှူး၍ဒေသထွက်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲအား မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိ အားကစားကွင်း၌ မတ်လ ၂ ရက်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊သက်ဆိုင်ရာအသင်းအဖွဲ့ဝင်များ၊ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ပြီးကုန်စည်ပြပွဲအား မတ်လ ၂ ရက်မှ ၄ ရက်နေ့အထိ ဒေသထွက်ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၆၀ ခန့်ဖြင့် ကျင်းပခဲ့ပါသည်။

ပြပွဲနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက ကုန်သွယ်မှု မြှင့်တင်ရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က သစ်သီးဝလံပို့ကုန်များအခြေအနေကိုလည်းကောင်း၊ ဆီထွက်သီးနှံများ အရည်အသွေးမြင့်မားရေးစီမံကိန်း မန်နေဂျာဒေါက်တာသစ်သစ်လွင်က မန္တလေးတိုင်း၊စစ်ကိုင်းတိုင်း၊ မကွေးတိုင်းဒေသကြီးများတွင် ဆီထွက်သီးနှံများအရည်အသွေးကောင်းမွန်ရေး စီမံချက်ဆောင်ရွက်မှုများကိုလည်းကောင်း၊ မြင်းခြံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ရှိန်းက ကြက်သွန်နီပို့ကုန် တိုးတက်ရေးကိုလည်းကောင်း ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

# ဈေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နယ်သာလန်နိုင်ငံ (CBI) ဌာန၊ ဗီယက်နမ်နိုင်ငံလက်မှုအနုပညာရှင်များအသင်း၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၊ မြန်မာ့လက်မှုအနုပညာအသင်းနှင့် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့်"အိမ်အလှဆင်ပစ္စည်းများနှင့်လက်ဆောင်ပစ္စည်းများ ဈေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"ကို ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်မြို့ရှိ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၊သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ CBI ၏ ဌာနအကြံပေးဖြစ်သူ ဒေါ်သက်ဆုလှိုင်က ရှင်းလင်းတင်ပြရာတွင် CBIသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တွန်းအားပေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယခုအလုပ်ရုံဆွေးနွေးပွဲ ကိုလည်း မြန်မာနိုင်ငံထွက်လက်မှုအနုပညာပစ္စည်းများအား အီးယူဈေးကွက်သို့ တင်ပို့နိုင်ရေး ဦးတည်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ CBI မှ Programmer Manager Mr. Koos Van Eykv တို့က အသီးသီးအမှာစကားများ ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက်နေ့မှ ၂၈ ရက်အထိကျင်းပခဲ့ပြီး သင်တန်းသား စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်မျိုးအောင်(Myantrade)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၆-၃-၂၀၁၇ မှ ၁၂-၃-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အငြင်းပွားစရာကိစ္စများကြုံရတတ်သည်။ မိမိလုပ်ငန်းကိုသူတစ်ပါးဝင်ရောက်လုပ်ခြင်းမျိုးရှိတတ်သည်။ ယှဉ်ပြိုင်ရမှုကြုံသော်လည်း မိမိကအနိုင်ရတတ်ပါသည်။ ငွေကြေးကံကောင်းနေတတ်သည်။ လျှို့ဝှက်ကြံစည်ဆောင်ရွက်သောကိစ္စများ အကျိုးအမြတ်ရရှိတတ်ပါသည်။ ကျန်းမာရေးအားနည်းနေတတ်သည်။ စိတ်ကူးမရှိဘဲခရီးသွားရခြင်းမျိုးရှိမည်။ လူမှုရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ သူတစ်ပါး၏အကူအညီများလည်း ရရှိတတ်ပါသည်။ ဝင်ငွေထွက်ငွေမျှနေတတ်ပါသည်။

**ယတြာ။ ။မင်္ဂလာသုတ်ပရိတ်တော် ရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** မမျှော်လင့်ဘဲငွေကြေးကံကောင်းမည့်သဘောဖြစ်မည်။ ထီကံကောင်းတတ်သည်။ အလုပ်အကိုင်အဆင်မပြေသောအခါ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေအောင်မြင်သွားတတ်ပါသည်။ တရားဘာဝနာပွားများရင်း လုပ်ငန်းအဆက်အသွယ်ရရှိတတ်သည်။ ဆရာသမား၊ အထက်လူကြီးများနှင့်စိတ်ဝမ်းကွဲမှုဖြစ်တတ်သည်ကို သတိရှိပါ။ မိမိအခွင့်အရေးများသူတစ်ပါးလက်ထဲရောက်ရခြင်းမျိုးလည်းကြုံရတတ်ပါသည်။ ကျန်းမာရေးဂရုစိုက်ပါ။ **ယတြာ။ ။ရတနသုတ်ပရိတ်ရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** ဘာသာရေးဆိုင်ရာ မေ့လျော့ထားမှုရှိလာတတ်သည်။ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးများသဖြင့် မိမိအကျိုးနည်းရတတ်သည်။ မမျှော်လင့်ဘဲခရီးထွက်ရခြင်း၊ နေရာပြောင်းကိစ္စများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်များအတွက် စဉ်းစဉ်းစားစားပြုလုပ်ပါ။ သတိလက်လွတ် ဆောင်ရွက်မှုများကြောင့် အမှားတွေ့ရတတ်သည်။ တရား၊ ဘာဝနာကိုမဖြစ်မနေဆောင်ရွက်နိုင်ပါက လမ်းမှန်၊ အတွေးမှန်ရောက်ပါလိမ့်မည်။ **ယတြာ။ ။မေတ္တာသုတ်ပရိတ်တော်ကိုရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် အတိုက်အခံများပြီးမှ မိမိ၏ သဘောထားကြီးမှု ဖြေရှင်းနိုင်မှုကြောင့် ပြေလည်သောသဘောသို့ ရောက်မည်။ မိမိကိုကူညီနေသူများ အထင်လွဲမှုကြုံရတတ်သည်။ အခက်အခဲကြုံပြီးမှ ငွေကြေးရရှိမှုလည်း ကြုံရတတ်သည်။ စိတ်လှုပ်ရှားရသော အလုပ်အကိုင်အမျိုးမျိုးလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးညံ့နေတတ်သည်။ ဦးနှောက်ကြည်လင်မှုအားနည်းနေမည်။ သတိဖြင့်နေထိုင်သင့်ပါသည်။ စကားပြောဆိုမှုအဆင်မပြေဖြစ်တတ်သည်။ ကတိပေးမလွယ်သင့်ပါ။

**ယတြာ။ ။မောရသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်ဆန္ဒများလောကြီးနေတတ်သည်။ ငွေကြေးကိစ္စများ၊ ဆင်ဆင်ခြင်ခြင်ဆောင်ရွက်နိုင်မှ သင့်တော်ရုံရှိမည်။ သတိ၊ ပညာနှင့်ဆောင်ရွက်မည်ဆိုလျှင် အိမ်၊ ခြံ၊ မြေ၊ အဆောက်အဉီကိစ္စများ အောင်မြင်မှုရရှိမည်။ မိတ်ဆွေ သစ်များထပ်မံရရှိလာတတ်ပါသည်။ စည်းစိမ်သစ်များရရှိတတ်သည်။ ကြိုးစားမှု၊ ဆောင်ရွက်မှုများအနေနှင့် မရပ်မနား ဆောင်ရွက်နေမှုမျိုးရှိနေတတ်သည်။ လူမှုရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးတို့ ကောင်းမွန်နေမည်။

**ယတြာ။ ။ဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** အေးအေးဆေးဆေးနားနားနေရသည်ဟူ၍ မရှိအောင်ပင် လှုပ်ရှားနေရသောကာလဖြစ်သည်။ လူပင်ပန်းသောအလုပ်မျိုးမဟုတ်သည့်တိုင် နားရသည်မရှိဖြစ်နေမည်။ ရန်များခံရခြင်း၊ အတိုက်အခံပြုခံရခြင်းများလည်း ရှိတတ် သည်။ စိတ်ဆင်းရဲစရာတွေ့သော်လည်း ရင်ဆိုင်နေလို့မဖြစ်သောကာလဖြစ်သည်။ အရာရာသတိနှင့်ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ သတ္တိရှိရှိနှင့်လုပ်ဆောင်သမျှ အောင်မြင်လာပါလိမ့်မည်။ အပြိုင်အဆိုင်ကိစ္စများတွင် မိမိက နိုင်ပါလိမ့်မည်။ ငွေကြေးကိစ္စ အဆင်ပြေလာတတ်ပါသည်။ **ယတြာ။ ။အာဋာနာဋိယသုတ်ရွတ်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းအဆက်အသွယ်ရရှိတတ်သည်။ ငွေကြေး၊ စီးပွားရေးကိစ္စများသတိဖြင့်ဆောင်ရွက်ပါ။ တစ်ဇွတ်ထိုးဆန်ဆန် ပြုလုပ်မိပါကအမှားနှင့်သာ ရင်ဆိုင်ရတတ်သည်။ ဆရာသမားအကြီးအကဲများ၏ စကားကို လိုက်နာဆောင်ရွက်ပါကအကျိုးကျေးဇူးကောင်းများရရှိမည်ဖြစ်သည်။ ဘာသာတရားကိုမဖြစ်မနေလုပ်ပါက ဘဝအတွက်များစွာ အထောက်အကူရရှိလာပါလိမ့်မည်။ မိမိ၏စေတနာနှင့်ဆောင်ရွက်ချက်များကြောင့် လုပ်ငန်းပိုင်းတွင်နာမည်ရလာတတ်ပါသည်။ မိမိစိတ်ကူးများ အကောင်အထည်ဖော်ခွင့်ရမည့်ကာလဖြစ်ပါသည်။ **ယတြာ။ ။ပုဗ္ဗဏှသုတ်ရွတ်ဖတ်ပူဇော်ပါ။**

## မကွေးမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးပြခန်းဖွင့်လှစ်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးပြခန်းဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ကုန်စည်ဒိုင်(ခန်းမ)တွင် မတ် ၂ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပါသည်။

အဆိုပါပြပွဲသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်း၊ တိုင်းအဆင့်ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။ ဝန်ကြီးနှင့် အဖွဲ့တို့အား မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးက စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၁၄ ခုနှစ် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ စားသုံးသူ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ သတိပြုဖွယ်ရာ အစားအသောက်များ၊ FDA မှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သည့် လူသုံးကုန်၊ စားသောက်ကုန်များ၊ ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များ အလွယ်တကူ သိရှိနိုင်ရန် ကာတွန်းပြကွက်များ၊ ဗဟုသုတစာပေများ၊ ကျန်းမာရေးအသိပညာပေး စာစောင်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော လူသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရောဆီ၊ ငရုတ်သီး၊ မှုန့်၊ ငါးခြောက်ဆေးဆိုး၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရသည့် အစားအစာများ စသည့်ပြခန်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြပါသည်။

အဆိုပါ မကွေးတိုင်းဒေသကြီး၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးပြခန်းကို မတ် ၂ ရက်မှ ၄ ရက်အထိ ပြသသွားမည်ဖြစ်ပြီး မကွေးမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြသပေးခြင်းဖြစ်ကြောင်း သိရပါသည်။

**ဝင်းမောင်(မကွေး)**

## ပုသိမ်မြို့တွင် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအသင်းဖွဲ့စည်းရန်အတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ (၂)တွင် ဖေဖော်ဝါရီ ၂၇ ရက်ကကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ၊ ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဦး၊ ကောင်းမွန်ဟာလဝါ၊ ဝေဖာမုန့်ဆိုင်၊ ရွှေပြားပဲပြားပြာရည် စားသောက်ကုန်လုပ်ငန်းရှင်များနှင့် Nectar၊ ချိုအေးမြ၊ ကောင်းသန့်၊ ရွှေကသစ် ရေသန့် ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ရန်ကုန်မြို့) ၏ ညွှန်ကြားချက်အရ ဧရာဝတီတိုင်းဒေသကြီး စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို မကြာမီကာလတွင် ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်လုပ်သော စားသုံးကုန်စည်များ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ခွင့်မပြုဆိုးဆေးများ အသုံးမပြုရေး၊ သက်တမ်းကုန်ရက်စွဲများ ထည့်သွင်းနိုင်ရေးအပြင် လူတိုင်းကျန်းမာစွာ သက်တမ်းစေ့နေနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်သာမက ယခုအချိန်သည် စားသုံးသူရေးရာကိစ္စရပ်များကို ပြည်သူလူထုကြားတွင် ဟောပြောပွဲများ၊ မီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေချိန်ဖြစ်ရာ စားသောက်ကုန်ထုတ်လုပ်ရောင်းချနေသူများ၏ အခန်းကဏ္ဍအရေးပါမှုများနှင့် စားသောက်ကုန်အသင်းကိုလည်း ခိုင်ခိုင်မာမာဖြစ်အောင် ဖွဲ့စည်းရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မင်းမင်းဦး(ပုသိမ်)**

## ကလေး၊ တမူးဒေသထွက် မျောက်ငိုသီးများ ဈေးကောင်းရ

ကလေး၊ တမူးဒေသထွက် မျောက်ငိုသီးများ အထွက်လှိုင်နေပြီဖြစ်၍ တမူးနန့်ဖါလုံဈေးသို့နေ့စဉ်ဆိုင်ကယ်စီးရေ ၃၀ ခန့် ပုံမှန်တင်ပို့နေပြီဖြစ်ကြောင်း ဒေသခံခြံရှင်များထံမှ သိရပါတယ်။ မျောက်ငိုပင်သည် စိန်ပန်းပင်နှင့် သဏ္ဍာန်တူပြီး အသီးကအခိုင်လိုက်ကိုင်းများမှာ သီးပါတယ်။ ပင်စည်ချောကာ သစ်ပင်တက်ကျွမ်းကျင်သော မျောက်များပင်တက်ရန်ခက်ခဲ၍ ဒေသခေါ်မျောက်ငိုပင်လို့ လူသိများပါတယ်။ အိန္ဒိယကသည်းလူမျိုးများ နှစ်ခြိုက်စွာ စားသုံးပြီး၊ မျောက်ငိုသီးစားပွဲတော်များပင် နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရပါတယ်။

အရသာမှာ ဒညင်းသီးအရသာနှင့်တူပြီး ဒေသတွင်းပေါက်ဈေးမှာ အစေ့ငါးစေ့ပါ မျောက်ငိုသီးတစ်ထောင့် မြန်မာငွေကျပ် ၇၀ ခန့် ပေါက်ဈေးရှိပြီး နန့်ဖါလုံဈေးတွင် မျောက်ငိုသီးအထောင့် ၁၀၀ ပါ တစ်တွဲရူပီး ၅၀၀ မှ ၇၀၀ ထိ ဈေးရှိပါတယ်။ ဒေသခံများက မျောက်ငိုသီးကို ပင်ပြတ်ဝယ်ယူလေ့ရှိပြီး ကလေးမြို့နယ်၊ ခုံသာရွာမှ အပင် ခုနစ်ပင်ရှိသော ခြံရှင်တစ်ဦးက ၎င်းအနေဖြင့် မျောက်ငိုသီးရောင်းရငွေ ခုနစ်သိန်းရရှိကြောင်း၊ ယခုနှစ်တွင် အသီးထွက်ရှိမှုနည်းခဲ့ကာ အပွင့်ပွင့်စဉ်အချိန်က ကျိုင်းကောင်များ ကျရောက်ခဲ့ကြောင်း သိရပါတယ်။

**အောင်မင်း(တန့်ဆည်)**



## မြို့ကြီးများ၏ ၆-၃-၂၀၁၇ မှ ၁၀-၃-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၃-၂၀၁၇) | အင်္ဂါ(၇-၃-၂၀၁၇) | ဗုဒ္ဓဟူး(၈-၃-၂၀၁၇) | ကြာသပတေး(၉-၃-၂၀၁၇) | သောကြာ(၁၀-၃-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| ရန်ကုန်မြို့ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| လားရှိုး | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| ကျိုင်းတုံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၂°C/၈၉°F |
| လွိုင်ကော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| တောင်ကြီး | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၇°C/၈၀°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| မုံရွာ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| ပုသိမ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| မြိတ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| မကွေး | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| ဖလမ်း | နေသာ ၂၂°C/၇၂°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားအသင့်အတင့်ရှိသည့် ငလျင်လှုပ်ခတ်

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၈ ရက်က အင်အားအသင့်အတင့်ရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိကြောင်း အမေရိကန်နိုင်ငံ ဘူမိဗေဒတိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အင်အားအသင့်အတင့်ရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် ဖူကူရှီးမား စီရင်စုကမ်းခြေဒေသ ၅၂ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖူကူရှီးမားစီရင်စုသည် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ရှိရာ ဒေသတစ်ခုဖြစ်သဖြင့် ငလျင်လှုပ်ခတ်မှုများကြောင့် အဆိုပါစက်ရုံများ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်လျက်ရှိသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ပမာဏသည် အင်အားအသင့်အတင့်ရှိသည်ဟု ဆိုသော်လည်း ယခင်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ထပ်မံထိခိုက်ပျက်စီးမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးနောက် အဆိုပါစက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့ကြကြောင်း၊ ယင်းကဲ့သို့စစ်ဆေးရာတွင် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း အန်န်အိတ်ချ်ကေသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဖူကူရှီးမားစီရင်စုတွင်ရှိသည့် ရှင်ရှီရာကာဝါ ဘူတာရုံနှင့် မီယာဂီစီရင်စုတွင်ရှိသည့် ဖူရူကာဝါဘူတာရုံနှစ်ရုံကြားဆက်သွယ်ထားသည့် တိုဟိုခုရှင်ကန်ဆန် ကျည်ဆန်ရထားလမ်းကြောင်းကို ခုနစ်မိနစ်မျှ ရပ်ဆိုင်းထားခဲ့သည်ဟု ဆိုသည်။

မီယာဂီစီရင်စုနှင့် ဖူကူရှီးမားစီရင်စုတို့မှ အာဏာပိုင်များက ငလျင်လှုပ်ခတ်မှုကြောင့် ဒေသအတွင်း ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ဖူကူရှီးမားစီရင်စုတွင် ၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် အများအပြား ပျက်စီးဆုံးရှုံးခဲ့ရာ နျူကလီးယားဓာတ်ပေါင်းဖိုစက်ရုံများလည်း ပါဝင်ခဲ့သည်။

**မယ်သီတာ**

# ချီလီနိုင်ငံ ဆန်တီယေဂိုမြို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများ ဖြစ်ပွား

ချီလီနိုင်ငံ၊ ဆန်တီယေဂိုမြို့တွင် ဖေဖော်ဝါရီ ၂၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါဖြစ်ရပ်များကြောင့် အနည်းဆုံး လူသုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ဆန်တီယေဂိုမြို့ရှိ အဓိကမြစ်ကြီးများတွင် မြစ် ရေလျှံတက်မှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ဆန်တီယေဂိုမြို့တွင် လူဦးရေ ၆ ဒသမ ၅ သန်းနေထိုင်လျက်ရှိရာ ရေလွှမ်းမိုးမှုများကြောင့် မြို့တော်နေ ပြည်သူလေးသန်းခန့်မှာသောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

ထို့ပြင် ဆန်တီယေဂိုမြို့အနီးရှိ မိုင်ပိုမြစ်တွင် မြစ်ရေများလျှံတက်ကာ မြေပြိုကျမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့ပေါ်ရှိ ပြည်သူများအား သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကူညီပံ့ပိုးလုပ်ဆောင်ပေးလျက်ရှိကြောင်း ဆန်တီယေဂိုမြို့မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် နေအိမ်ပေါင်း ၁ ဒသမ ၄၅ သန်းခန့် ပျက်စီးဆုံးခဲ့ရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုသည် ဖေဖော်ဝါရီ ၂၅ ရက်မှစတင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မုန်တိုင်းဒဏ်မှ လွတ်မြောက်ခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရာ မြို့တော်တစ်ဝန်း ရေပေးဝေမှုများလည်း ပြတ်တောက်ခဲ့ရကြောင်း ဆန်တီယေဂိုမြို့တော်ဝန် ဗာနက်ဆာမာရီမွန်က အေအက်ဖ်ပီသတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးရာ ဒေသများသို့ ရဟတ်ယာဉ်သုံးစီးဖြင့် စားနပ်ရိက္ခာအကူအညီများ ပေးပို့လျက်



ရှိရာ ရေလီတာပေါင်း ၁၀၆၅ လီတာ၊ ခွဲတမ်းစနစ်ဖြင့် ပေးဝေမည့်ရိက္ခာ ၁၁၇ ထုပ်၊ အိမ်သာ ၁၆၅ လုံးတို့ကို ထောက်ပံ့ကူညီပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**မယ်သီတာ**




# The 2nd Housing & Building 2017 ပြပွဲ ပြသမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ၏ပံ့ပိုးကူညီမှုဖြင့် The 2nd Housing & Building 2017 (ဒုတိယအကြိမ် အိမ် ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်း၊ ကြွေပြား ကျောက်ပြားများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ လာရောက်ပြသရောင်းချကြမည်ဖြစ်ကြောင်း သိရ သည်။

ပြပွဲကို အဆင့်မြင့်အိမ်ရာ တိုက်ခန်းများ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အရောင်းမြှင့်တင်ခြင်းပြုလုပ်ရာတွင် သုံးစွဲသူပြည်သူလူထုအနေဖြင့် ကျယ်ပြန့်စွာ တိုက်ရိုက်သိရှိ ဆက်သွယ်ဝယ်ယူနိုင်စေရန်နှင့် ဈေးကွက်အတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန်နှင့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် အောင်မြင်မှု ပိုမိုခိုင်မာစွာ ရရှိစေရန် ရည်ရွယ်၍ စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မတ် ၁၇ ရက် တွင် ဦးခင်မောင်ညို(ဘောဂဗေဒ) လာရောက်ဟောပြောမည်ဖြစ်သည်။ ထို့ပြင် ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့်ပရိသတ်များအားလည်း အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် မိုဘိုင်းဟန်းဆက်များကို နေ့စဉ်ကံစမ်းမဲများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# KBZ Gateway ၏ အဆင့်မြင့် VSAT နည်းပညာများကို မြန်မာနိုင်ငံတွင် စတင်အသုံးပြုလာ

ကမ္ဘောဇအုပ်စု ကုမ္ပဏီများ၏ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီလီမိတက်အနေဖြင့် ကမ္ဘောဇဘဏ်ခွဲများ၏ လုပ်ငန်းလည်ပတ်မှုနှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန်အတွက် ၎င်း၏ Very Small Aperture Terminal(VSAT) ဂြိုဟ်တုနည်းပညာသုံး ကွန်ရက်ဆက်သွယ်ရေးစနစ်နှင့် အိုင်စီတီဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းရှိ ကမ္ဘောဇဘဏ်ခွဲပေါင်း ၂၀၀ကျော်၌ အောင်မြင်စွာချိတ်ဆက်ပေးနိုင်ခဲ့ကြောင်း KBZ Gateway ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။



KBZ Gateway ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့်ကမ္ဘောဇဘဏ်ခွဲများ၏ ချိတ်ဆက်မှုကွန်ရက်စနစ်သည် ထိရောက်သော ကုန်ကျစရိတ်ဖြင့် လုပ်ငန်းလည်ပတ်မှုကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ ၉၉ ဒသမ ၉၇ ရာခိုင်နှုန်း ပြတ်တောက်ခြင်းမရှိ စိတ်ချရသော အဆင့်မြင့်ကွန်ရက်ချိတ်ဆက်မှုတို့အပါအဝင် ဗဟိုအချက်အလက်သိမ်းဆည်းရာဌာနသို့ ချိတ်ဆက်ရန်ပင်မနှင့် အရန်ချိတ်ဆက်မှု လမ်းကြောင်းများပါရှိသောကြောင့် ကွန်ရက်တည်ငြိမ်မှု၊ အရည်အသွေးပြည့် ဝန်ဆောင်မှုပေးအပ်နိုင်မှု၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပိုမိုကောင်းမွန်မှုစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ VSAT ချိတ်ဆက်မှုကို ဝေးလံခေါင်သီသော အရပ်ဒေသများတွင်ပင် လျင်မြန်ဆန်စွာ ကွန်ရက်ချိတ်ဆက်ပေးနိုင်ခြင်း၊ ကွန်ရက်ဝန်ဆောင်မှုကို စနစ်တကျ စီမံနိုင်ခြင်း စသည့်အချက်များကြောင့် ဘဏ်ခွဲများ၏ လုပ်ဆောင်ချက်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ရုံးချုပ်ဌာနများမှ စောင့်ကြည့်စီမံခန့်ခွဲနိုင်ခြင်း အစရှိသည့် အကျိုး ကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါသည်။

ကမ္ဘောဇဘဏ်၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးက "ကျွန်တော်တို့ ရဲ့ဘဏ်ခွဲတွေကို KBZ Gateway ရဲ့ အဆင့်မြင့်နည်းပညာနဲ့ ချိတ်ဆက်လုပ်ဆောင်စေခြင်းကြောင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်ကို တိုးမြှင့်နိုင်မှာဖြစ်ပြီး၊ နိုင်ငံတစ်ဝန်းမှာရှိတဲ့ Customer တွေကို ပိုမိုလွယ်ကူအဆင်ပြေစေမယ့် ဝန်ဆောင်မှုတွေနဲ့ များစွာအကျိုးရရှိစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးသော ပုဂ္ဂလိကဘဏ်အနေနဲ့ ကျွန်တော်တို့ရဲ့ ဘဏ်ခွဲတွေနဲ့ ဝန်ဆောင်မှုတွေကို နောက်ဆုံးပေါ် နည်းပညာတွေနဲ့ ပူးပေါင်းချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ လည်ပတ်မှုတစ်ခုလုံးအား အဆင့်မြှင့်တင်ပေးသွားဖို့ ရည်ရွယ်ချက်ကောင်းထားပြီး ဆက်လက်လုပ်ဆောင်နေပါတယ်"ဟု ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူများအား သတင်းအချက်အလက်ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် KBZ Gateway မှခေတ်မီဆန်းသစ်သော ဂြိုလ်တုဆက်သွယ်ရေးမြေပြင်အခြေစိုက်စခန်းကို ပဲခူးတွင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီမှုစာချုပ်နှင့်အညီ ပြည်တွင်း၊ ပြည်ပရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် သုံးစွဲသူများအတွက်လုံခြုံစိတ်ချရသော ဆက်သွယ်ရေးစနစ်ကို ကုမ္ပဏီကဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း၏ အသိအမှတ်ပြုလက်မှတ်ကို Vietjet ရရှိ

ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းလေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်းအား နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း(Inernational Air Transportation Association-IATA) ၏ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခဲ့ပြီဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ အသိအမှတ်ပြုခြင်းသည် Vietjet လေကြောင်းလိုင်းအား ဗီယက်နမ်နှင့် ပြည်ပလေကြောင်းဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကြားတွင် အနာဂတ်လုပ်ငန်းနေရာတစ်နေရာအဖြစ် ခိုင်မာစွာရပ်တည်လာစေမည်ဖြစ်သည်။ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်မရမီကVietjet အနေဖြင့် IATA ၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပြီးဖြစ်သည်။

နိုင်ငံတကာလေကြောင်းဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် IATA သည် အဖွဲ့ဝင်လေကြောင်းလိုင်းများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အစဉ်ရှေးရှုလုပ်ဆောင်ပေးလျက်ရှိကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

IATA သည် အဖွဲ့ဝင်များအား အသိအမှတ်ပြုခြင်း၊ ၎င်းတို့၏ လုပ်ငန်းများအား ဦးစားပေးဖော်ထုတ်ကြေညာပေးခြင်း၊ လုပ်ငန်းများ တိုးတက်လည်ပတ်နိုင်ရန် အားပေးမြှင့်တင်ခြင်း၊ အသုံးစရိတ်များ စီမံခန့်ခွဲခြင်းနှင့် ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန်တည်ဆောက်ခြင်း၊ သင်တန်းပေးခြင်းနှင့် အခြားသောဝန်ဆောင်မှုများအတွက် လှုပ်ရှားမှုအစီအစဉ်များ လုပ်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဟိုချီမင်းမြို့တော် လူထုကော်မတီဖြစ်သည့် ဆိုင်ဂွန် Hi-tech Park ဘုတ်အဖွဲ့သည် Vietjet ၏ လေကြောင်းပညာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ လေကြောင်းပညာသင်တန်းကျောင်းတည်ဆောက်ခြင်း စီမံကိန်းကို ၂၀၁၇ ခုနှစ် မတ်လအတွင်း စတင်မည်ဖြစ်ပြီး ဒီဇင်ဘာလတွင် တည်ဆောက်ခြင်းလုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း သိရသည်။

Vietjet ၏လေကြောင်းစက်မှုပညာသင်တန်း စင်တာသည် ဆိုင်ဂွန် Hi-tech Park ၏ အလယ်သိပ္ပံနယ်မြေနှင့် R&D လေ့ကျင့်ရေးစခန်းအတွင်းရှိ မြေ ၅ ဒသမ ၅၄ ဟက်တာပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

စနစ်တကျစီစဉ်ထားရှိမှု၊ တိကျရှင်းလင်းသောဖွဲ့စည်းမှုများနှင့်အတူ Vietjet လေကြောင်းစက်မှုပညာသင်တန်းစင်တာသည် နိုင်ငံတကာအဆင့်မီ လေကြောင်းဆိုင်ရာသုတေသနနှင့် လေ့ကျင့်ရေးသင်တန်းစင်တာတစ်ခုအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

**မယ်သီတာ**

# ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးစားပေးမည့် ဂျပန် SME များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်

စတုတ္ထအကြိမ်မြောက် မြန်မာ-ဂျပန် စီးပွားရေးဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်တွင် ကျင်းပခဲ့သည်။ အဆိုပါ 4th Myanmar-Japan Business Matching တွင် Japan-Myanmar Association ဒုဥက္ကဋ္ဌ Mr.Yoishito Sengoku က ဂျပန် SME များအနေဖြင့် အနောက်နိုင်ငံများမှအချို့သော SME များကဲ့သို့ အကျိုးအမြတ်ကိုသာမကြည့်ဘဲ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက်ကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

"မြန်မာစီးပွားရေးရဲ့ ၉၅ ရာခိုင်နှုန်းမှာ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖြစ်တဲ့အတွက် မူဝါဒများချမှတ်ပြီး အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှေ့လာမယ့် ငါးနှစ်အတွင်း ကဏ္ဍပေါင်းစုံမှာပူးပေါင်းဆောင်ရွက်မယ့် Japan-Myanmar Cooperation Program ကို အကောင်အထည် ဖော်သွားမှာဖြစ်ပါတယ်" ဟု အသင်းချုပ်ဒုဥက္ကဋ္ဌ ဦးသိန်းဟန်က ပြောကြားခဲ့သည်။

နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များသည် Business Matching တွင် လက်လီလက်ကား၊ စက်မှုကဏ္ဍ၊ သံနှင့်သတ္တုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာများ၊ စားသောက်ကုန်၊ အာမခံလုပ်ငန်းနှင့် ICT ကဏ္ဍ အစရှိသည်တို့ကို အသီးသီးဆွေးနွေးခဲ့ကြသည်။ အဆိုပါ မြန်မာ-ဂျပန်စီးပွားရေးဖလှယ်ပွဲကို စက်မှုဝန်ကြီးဌာန၊ ကုန်သည်စက်မှု အသင်းချုပ်နှင့် မစ္စတာ ဟီဒဲအိုဝါတာနာဘေး ဦးဆောင်သည့် Japan-Myanmar Association တို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။

ဂျပန်စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများတွင် တစ်နှစ်ထက်တစ်နှစ်ပိုမို လာရောက်လုပ်ကိုင်သူများပြားလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## ဘောလုံးအကယ်ဒမီကျောင်းများတက်ရောက်ရန် ပဏာမကစားသမား ၂၀၀ ဦးရွေးချယ်မည်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က လာမည့် ဘောလုံးရာသီပညာသင်နှစ်တွင် ဖွင့်လှစ်သွားမည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)၊ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် ပုသိမ်ဘောလုံး အကယ်ဒမီများအတွက် နိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၅၂ မြို့နယ်မှ ပဏာမကစားသမား ၂၀၀ ဦးကို ရွေးချယ်သွားမည်ဖြစ်သည်။ ကစားသမား ရွေးချယ်ခြင်း အစီအစဉ်အား AYA Bank Scouting Tour 2017 အမည်ဖြင့် ခရီးစဉ်များပြုလုပ်၍ ကွင်းဆင်းရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ ကွင်းဆင်းရွေးချယ်မှု အစီအစဉ်ကို မတ် ၁၄ ရက်မှ စတင်သွားမည်ဖြစ်ပြီး ဧပြီလ ၁၀ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်းသိရသည်။ ပဏာမကစားသမား ၂၀၀ဦးကိုရွေးချယ်ပြီးနောက် မေ ၂ ရက်မှ ၄ ရက်အထိ အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)တွင် လည်းကောင်း၊ မေလ ၈ ရက်မှ ၁၀ ရက်အထိ မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)တွင် လည်းကောင်း နောက်ဆုံးအပြီးသတ် ရွေးချယ်သွားမည်ဖြစ်သည်။

ခရီးစဉ်များတွင် နိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၅၂ မြို့သို့ ရွေးချယ်ရေးအဖွဲ့လေးဖွဲ့ခွဲကာ ရွေးချယ်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ကစားသမားရွေးချယ်ရာတွင် ပဏာမကစားသမားဦးရေ ၂၀၀ ကို ဦးစွာရွေးချယ်ထားမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် အသက် ၁၁ နှစ်အောက် ၇၀ ဦးနှင့် အသက် ၁၂ နှစ်အောက် ၁၅ ဦး စုစုပေါင်း ၈၅ ဦးအား ရွေးချယ်သွားမည်ဖြစ်သည်။

ရွေးချယ်ခံရသည့် ကစားသမားများသည် အထက်မြန်မာပြည်ရှိမြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၊ အောက်မြန်မာပြည်ရှိ အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)နှင့် ပုသိမ်ဘောလုံးအကယ်ဒမီတို့တွင် ဘောလုံးပညာနှင့် အတန်းပညာများကို တက်ရောက်သင်ယူခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံကြမည့် ကစားသမားများအနေဖြင့် နိုင်ငံသားမှတ်ပုံတင်၊ ကျောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ မွေးစာရင်းတို့ကို မှန်ကန်စွာတင်ပြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အကယ်ဒမီကျောင်းများတွင် ဘောလုံးပညာနှင့် ကျောင်းပညာသင်ယူလိုသည့် အသက် ၁၁နှစ်နှင့် အသက် ၁၂ နှစ်အောက် မျိုးဆက်သစ်လူငယ်ကစားသမားများနှင့် မိဘများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးများတွင် လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင်လည်းကောင်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

## ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲများအတွက် အုပ်စုများထွက်ပေါ်

၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် AFF U-18 Championship 2017, AFF U-15 Championship 2017 နှင့် AFF Futsal Championship 2017 ပြိုင်ပွဲများအတွက် အုပ်စုမဲခွဲပွဲကို ရန်ကုန်မြို့ Novotel Yangon Max ဟိုတယ်တွင် ကျင်းပခဲ့သည်။

AFF U-18 Championship 2017 ကို စက်တင်ဘာ ၄ ရက်မှ ၁၇ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ နယူးဇီလန်တို့နှင့် ကျရောက်လျက်ရှိသည်။ နယူးဇီလန်အသင်းကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ဧည့်သည်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။

AFF U-15 Championship 2017 ကို ဇူလိုင်လအတွင်း ထိုင်းနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် အိမ်ရှင် ထိုင်း၊ ဩစတြေးလျ၊ လာအို၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့နှင့် ကျရောက်လျက်ရှိသည်။ AFF Futsal Championship 2017 ကို အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပမည်ဖြစ် ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ဩစတြေးလျအသင်းတို့နှင့် ကျရောက်လျက်ရှိသည်။

AFF Women Championship 2017 ပြိုင်ပွဲကိုယခင်က မေလအတွင်း ကျင်းပရန် လျာထားခဲ့သော်လည်း ၂၀၁၇ခုနှစ်အတွင်းကျင်းပမည့် အမျိုးသမီးဘောလုံးပြိုင်ပွဲများ များစွာရှိနေသည့်အပြင် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အာဆီယံဒေသတွင်းနိုင်ငံများမှ အသင်းများသာ ယှဉ်ပြိုင်ရမည်ဖြစ်သဖြင့် AFF Women's Championship 2017 ပြိုင်ပွဲကို ကျင်းပတော့မည်မဟုတ်ကြောင်း AFF Council Meeting က ဆုံးဖြတ်ခဲ့ကြသည်။

## ၂၀၂၄ အိုလံပစ်အားကစားပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ကို ဟန်ဂေရီပြည်သူများက ကန့်ကွက်

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံများ၏မြို့များ အမည်စာရင်းများကို တင်သွင်းလျက်ရှိရာ ဟန်ဂေရီအစိုးရက ဘူဒါပက်စ်မြို့ကို အမည်စာရင်း တင်သွင်းခဲ့သည်။

သို့သော် ဘူဒါပက်စ် မြို့သူ၊ မြို့သားပေါင်း ၂၆၀၀၀၀ ကျော်တို့က ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပခွင့်ကို လက်မခံကြောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး ဟန်ဂေရီအစိုးရထံ တင်သွင်းခဲ့ကြောင်း၊ ထို့ကြောင့် ဟန်ဂေရီအစိုးရက အမည် စာရင်းတင်သွင်းမည့်အစီအစဉ်ကို လက်လွှတ်ခဲ့ကြောင်း ဟန်ဂေရီအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၄ အိုလံပစ်ပြိုင်ပွဲအတွက် အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့နှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တို့ အမည်စာရင်းတင်သွင်းထားပြီး ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့သည် ၂၀၁၅ ခုနှစ်က အမည်စာရင်းတင်သွင်းထားပြီးမှ နုတ်ထွက်သွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ၂၀၂၄ အိုလံပစ်ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရရှိမည့်မြို့ အမည်ကို ပီရူးနိုင်ငံ၊ လီမာမြို့တွင် ထုတ်ဖော်ကြေညာမည်ဖြစ်သည်။

အဆိုပါ အမည်စာရင်းတင်သွင်းထားမှုမှ နုတ်ထွက်ရန် ဟန်ဂေရီနိုင်ငံ ဝန်ကြီးချုပ်၊ ဘူဒါပက်စ်မြို့တော်ဝန်နှင့် ဟန်ဂေရီနိုင်ငံအိုလံပစ်ကော်မတီတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ဟန်ဂေရီအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘူဒါပက်စ်မြို့တွင် အိုလံပစ်ပြိုင်ပွဲကျင်းပလျှင် ကုန်ကျမည့်ငွေများအား ဆေးရုံများနှင့်ကျောင်းများတွင် အသုံးပြုခြင်းဖြင့် အကျိုးရှိအောင် အသုံးချစေလိုသည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ကန့်ကွက်ရခြင်းဖြစ်သည်ဟု ကန့်ကွက်ခဲ့သူများက ပြောကြားခဲ့သည်။ အဆိုပါကိစ္စအား ဆန္ဒမဲပေးခြင်းကို မြို့တော်ဘူဒါပက်စ်၏ လွှတ်တော်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

## ဓနသဟာယအားကစားပြိုင်ပွဲကို ဒူရာဘန်မြို့က လက်ခံကျင်းပနိုင်ခြင်းမရှိ၍ လီဗာပူးမြို့က လက်ခံကျင်းပရန် အမည်စာရင်းတင်သွင်း

၂၀၂၂ ခုနှစ်တွင်ကျင်းပမည့် ဓနသဟာယ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လီဗာပူးမြို့က အမည်စာရင်းတင်သွင်းလိုက်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင်ဖော်ပြထားသည်။ အဆိုပါအားကစားပြိုင်ပွဲကို မူလကတောင်အာဖရိကနိုင်ငံမှ မြို့တစ်မြို့ဖြစ်သည့် ဒူရာဘန်းမြို့တွင် လက်ခံကျင်းပမည်ဟု အမည်စာရင်း တင်သွင်းထားသော်လည်း ယခုအခါ အမည်စာရင်းတင်သွင်းထားခြင်းမှ ပယ်ဖျက်သွားပြီဖြစ်သည်။

တောင်အာဖရိကနိုင်ငံအားကစားဝန်ကြီး ဖီကီလီမာဘူလူလာက အစိုးရအနေဖြင့် ဘဏ္ဍာငွေအကျပ်အတည်းများဖြစ်ပေါ်နေခြင်းကြောင့် အားကစားပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကို ပြန်လည်သုံးသပ်ရန်တိုက်တွန်းခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါဓနသဟာယ အားကစားပြိုင်ပွဲအား အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် အမည်စာရင်းတင်သွင်းထားခြင်းအား ပယ်ဖျက်ခဲ့ရခြင်းဖြစ်ကြောင်း ဘီဘီစီသို့ ပြောကြားခဲ့သည်။

လီဗာပူးမြို့အနေဖြင့်လည်း မူလက ၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် ဓနသဟာယအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန်အမည် စာရင်းတင်သွင်းခဲ့သော်လည်း ဒူရာဘန်းမြို့ ပယ်ဖျက်သွားခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လီဗာပူးမြို့တော်ဝန် ဂျိုးအန်ဒါဆင်က လီဗာပူးမြို့တော်တွင် အဆိုပါအားကစားပြိုင်ပွဲကိုကျင်းပရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် လိုအပ်မည့်အရာများအားလုံးကို ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီး ထရေစီခရော့ချ်က စာတစ်စောင် ရေးသားပေးပို့ခဲ့သည်ဟု ဆိုသည်။

"လီဗာပူးအနေနဲ့ ၂၀၂၂ ခုနှစ်မှာကျင်းပမယ့် အဲဒီအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ စိတ်ဝင်စားလျက်ရှိပါတယ်"ဟုလီဗာပူး မြို့တော်ကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဓနသဟာယအားကစားပြိုင်ပွဲကျင်းပရေး အဖွဲ့ချုပ်အနေဖြင့် ၂၀၂၂ ခုနှစ် ဓနသဟာယ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် တောင်းခံထားသည့် ဒူရာဘန်းမြို့ ပယ်ဖျက်သွားသည့်ကိစ္စနှင့်ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

## MFF Myanmar Futsal League 2017 တွင် ဆုကြေးများ တိုးမြှင့်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Myanmar Futsal League 2017 ပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် စတင်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများသာမက ပြိုင်ပွဲဝင်အသင်းများအားလုံးအား ဆုကြေးများ တိုးမြှင့်ပေးလိုက်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါပြိုင်ပွဲကို Title Sponsor အဖြစ် Myanmar နှင့် Main Sponsor အဖြစ် ရွှေသံလွင် (SKY NET) မီဒီယာတို့က အသီးသီး ပံ့ပိုးကူညီထားသည့်အတွက် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခုနှစ်တွင် ယခင်နှစ်ပြိုင်ပွဲများထက် ဆုကြေးပိုမိုတိုးမြှင့်ခံစားခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကျင်းပရန် စတင်စီစဉ်က ဆုကြေးအဖြစ် ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ်၁၀ သိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် ယခုအခါတွင်မူ ရွှေသံလွင်မီဒီယာက Main Sponsor အဖြစ် ကျပ်သိန်း ၁၀၀၀ ပံ့ပိုးကူညီခဲ့သည့်အတွက် ဆုကြေးများ တိုးမြှင့်ခံစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုကျင်းပလျက်ရှိသည့်ပြိုင်ပွဲတွင် ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ် ၇၅ သိန်း၊ တတိယဆု ကျပ်သိန်း ၅၀၊ စတုတ္ထနှင့် ပဉ္စမဆု ကျပ်သိန်း ၃၀ စီ၊ အဆင့် ၆ မှ အဆင့် ၁၀ အထိ ကျပ်သိန်း ၂၀ စီရရှိမည်ဖြစ်ကြောင်း သိရသည်။



## ဖျာပုံမြို့အမှတ်(၉၇)ခြေလျင်တပ်ရင်းတွင် စားသုံးသူအသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်အောင်ဦးဆောင်၍ ဖျာပုံမြို့နယ်ဦးစီးမှူးနှင့် ဒုတိယမြို့နယ်ဦးစီးမှူးတို့ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က ဖျာပုံမြို့ အမှတ်(၉၈)ခြေလျင်တပ်ရင်းရှိ တပ်မိသားစုများအား စားသုံးသူ အသိပညာပေးဟောပြောပွဲအခမ်းအနားကို တပ်ရင်းအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်က ဥပဒေပါ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်သက်ဆိုင်သော တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဌာနမှဆောင်ရွက်နေသည့် အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းစစ်ဆေးမှုများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က လုပ်ဆောင်လျက်ရှိသော လုပ်ငန်းများအကြောင်းတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ဦးစီးမှူးဦးမင်းဇော်က စားသုံးရန်မသင့်သော ဆိုးဆေးလေးမျိုးအကြောင်း၊ FDA မှ ထုတ်ပြန်ထားသော အစားအစာများ၊ စားဆီများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ပိုးသတ်ဆေးအန္တရာယ်နှင့်တားမြစ် ထားသောအအေးဘူးများ၊ မှိုဆိပ်ပါငရုတ်သီးမှုန့်နှင့်မဆလာမှုန့်များ၊ မြန်မာစာသားမပါ အသင့်စား အစားအစာများအကြောင်းများကို ဟောပြောခဲ့ပါသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက စားသုံးသူအကာအကွယ် ပေးရေးဥပဒေစာအုပ်၊ FDA မှထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအစာများ၊ တားမြစ်ဆေးဝါးများနှင့် ကုန်စည်များ၊ မှတ်တမ်းစာအုပ်၊ ဂျာနယ်များအား တပ်စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းရာ ဗိုလ်ကြီးသော်ဇင်နိုင်ကလက်ခံရယူပါသည်။

အဆိုပါ အခမ်းအနားသို့ တပ်တွင်းရှိအရာရှိများ၊ စစ်သည်များနှင့် ရဲမေမိသားစုများ စုစုပေါင်း ၉၅ ဦး တက်ရောက်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## စစ်ကိုင်းမြို့ မြို့မဈေးအတွင်း စားသုံးရန်မသင့်သည့် ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုး၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်စိမ်းစိမ်းလှဲ့နှင့် ဝန်ထမ်းများဦးဆောင်ပြီး မိတ်ဖက်အဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က စစ်ကိုင်းမြို့ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်နှင့် ငါးပိ၊ ငါးခြောက်ဆိုင် ၁၀ ဆိုင်၊ လက်ဖက်ဆိုင် ခြောက်ဆိုင်၊ စားသုံးဆီ အရောင်းဆိုင်လေးဆိုင်၊ ငရုတ်သီး အရောင်တင်မှုန့်ဆိုင် ငါးဆိုင်၊ စုစုပေါင်း ၂၅ ဆိုင်တို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

မိတ်ဖက်အဖွဲ့မှ အဖွဲ့ဝင်များအနေဖြင့် စစ်ကိုင်းမြို့မဈေးအတွင်းရှိ ငါးပိ၊ ငါးခြောက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်နှင့် လက်ဖက်ရောင်းချသောဆိုင်များတွင် ခွင့်မပြုဓာတု ဆိုးဆေးနှင့် မှိုဆိပ်ပါဝင်မှုမရှိသော ကုန်ပစ္စည်းများကို ရောင်းချကြရန်၊ လက်ဖက်ဆိုင်နှင့် မုန့်မျိုးစုံဆိုင်များတွင်လည်း ကုန်ပစ္စည်းတစ်ခုတွင် ဖော်ပြရန်သတ်မှတ်ချက်များ ပါဝင်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်ပါရှိသော ကုန်ပစ္စည်းများကိုသာ ရွေးချယ်ရောင်းချကြရန်၊ စားသုံးဆီအရောင်းဆိုင်များတွင်လည်း ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေနိုင်သော ရောဆီများကို မရောင်းချရန်နှင့် ဈေးကွက်အလိုက် ရောင်းချလျက်ရှိသော စားဆီများကိုလည်း စားဆီအမျိုးအစားလိုက် တံဆိပ်များ သတ်မှတ်ရောင်းချရန်၊ စားသုံးသူကို အရည်အသွေးအလိုက် ဈေးနှုန်းပြောရောင်းရန်နှင့် စားသုံးသူဘက်မှ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်အောင် ရောင်းချသူမှ ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း ကွင်းဆင်းစစ်ဆေး ဆွေးနွေးခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း၊ မြတ်လေးနွယ်(စစ်ကိုင်း)**

## ကယားပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၇)ကျင်းပ



ကယားပြည်နယ်၊ ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၇) ကို ဖေဖော်ဝါရီ ၂၈ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် တက်ရောက်လာကြသော အဖွဲ့ဝင်အသီးသီးက ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် စားသုံးသူအကာအကွယ်ပေးရာတွင်လည်း ပိုမိုကျယ်ပြန့်ထိရောက်မှုရှိစေရန် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ရပ်ကွက်အတွင်းရှိ အိမ်ဆိုင်၊ ကုန်စုံဆိုင်များသို့ အရောက်သွားရန်၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စားသုံးသူများအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး လိုက်ပါဆောင်ရွက်ရန်၊ စားသုံးသူအကာအကွယ်ပေးရာတွင် ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုအညွှန်းကိန်းကျဆင်းရေး၊ ကုန်ဈေးနှုန်းသတင်းအချက်အလက်များ နေ့စဉ်ထုတ်ပြန်ကြေညာရန်နှင့် စီးပွားရေးသတင်းအချက်အလက်များ ကောက်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်းသတင်းရရှိပါသည်။

**စားသုံးသူရေးရာဦးစီးဌာန(ကယား)**

## ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဦးက သက်ဆိုင်ရာဌာနမှ လုပ်ငန်းလမ်းညွှန်ချက်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တို့မှ လုပ်ငန်းလမ်းညွှန်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအားတင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်းမိမိတို့ဌာနနှင့် သက်ဆိုင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား တစ်ဦးချင်းတင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက လုပ်ကိုင်ရာ၌ တွေ့ကြုံရသော အခက်အခဲ၊ အားနည်းချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် မိမိတို့ အဖွဲ့ အားစားသုံးသူများမှ အလေးထား အားကိုးယုံကြည်လာမည် ဖြစ်ပါကြောင်း၊ စားသုံးသူများအနေနှင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်သလို ကုန်စည်နှင့် ဝန်ဆောင်မှုများတွင်လည်း စားသုံးသူအခွင့်အရေးများ ရရှိရန်လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ခင်စွာ လုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များ၊ ဗဟိုနှင့် တိုင်း အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့မှ လုပ်ငန်းလမ်းညွှန် မှာကြားချက်များအားလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဖွဲ့ဝင်အားလုံးကြိုးစားဆောင်ရွက်သွားကြရန်ပြောကြားခဲ့သည်။ **မောင်ပုသိမ်**

## ကလောမြို့နယ်နှင့်အောင်ပန်းမြို့နယ်များအတွင်းရှိ ဈေးကြီးများအတွင်း ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးအောင်ကျော် ဦးဆောင်သော စားသုံးသူရေးရာဝန်ထမ်းများနှင့် သက်ဆိုင်ရာမြို့နယ် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်က ကလောမြို့မဈေးနှင့် အောင်ပန်းမြို့ ပြည်သာယာဈေးတို့တွင် အရည်အသွေးမပြည့်မီသော စားသောက်ကုန်၊ လူသုံးကုန်များ၊ ဆေးဝါးအတုများနှင့် တရားမဝင် ဆေးဝါးများရောင်းချမှု ရှိ/မရှိအား ဈေးကွက်စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပါတယ်။

ကလောမြို့၊ မြို့မဈေး၌စစ်ဆေးရာတွင် တရားဝင်ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့် ကုန်ပစ္စည်းများရောင်းချမှုမရှိဘဲ ထုတ်ကုန်လုံခြုံစိတ်ချရမှုစံနှုန်းများနှင့် ကိုက်ညီမှုအားနည်းသော ကုန်စည်များကိုသာတွေ့ရှိရပါသည်။ အောင်ပန်းမြို့ ပြည်သာယာဈေးတွင် စစ်ဆေးရာ၌ သက်တမ်းလွန် စားသောက်ကုန်များ၊ ပစ္စည်းများရောင်းချနေမှုများ တွေ့ရှိရ၍ အဖွဲ့မှ ဖျက်ဆီးရန်သိမ်းဆည်းခဲ့ပြီး သိမ်းဆည်းခဲ့သောကုန်ပစ္စည်းများအား မတ် ၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး (အောင်ပန်း) ဦးဆောင်သော ဌာနစုံအဖွဲ့မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါတယ်။

**အောင်ကျော်(တောင်ကြီး)**

# မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၇) ကျင်းပပြုလုပ်



မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၇)ကို မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်က ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၆)ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ်ကျင်းပပြုလုပ်ခဲ့ကာ အစည်းအဝေးဆုံးဖြတ်ချက် ငါးချက်နှင့်(၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်တွင် ဒုတိယအကြိမ်ပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်လေးချက်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ မိတ်ဖက်ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အတွက် ထိရောက်အောင်မြင်ခဲ့ပါကြောင်း၊ ယနေ့ တတိယအကြိမ်ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၇) တွင်လည်း ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးခရိုင်ဦးစီးမှူး ဒေါ်မျိုးသီတာက ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည့် (၁/၂၀၁၆) နှင့် (၁/၂၀၁၇) ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေများ၊ ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့၊ အရာရှိစစ်သည် မိသားစုများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခဲ့မှုအခြေအနေ၊ (၁၅)ကြိမ်မြောက် မန္တလေးမြို့တော်ဝန် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ပြပွဲ/ ပြိုင်ပွဲတွင် အသိပညာပေးပြခန်း ပါဝင်ပြသခဲ့မှုနှင့် စားသုံးသူပညာပေး ပဟေဠိအစီအစဉ်များ ပြုလုပ်ခဲ့မှု မတ်လအတွင်း ဆက်လက်ဆောင်ရွက်သွားမည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ၊ မန္တလေးမြို့၊ မြို့တော်ခန်းမ၌ မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည့် "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" World Consumer Rights Day အထိမ်းအမှတ် အခမ်းအနားတွင် အသိပညာပေးပြခန်းများ၊ ဈေးအရောင်းပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်၊ ကာတွန်းပြိုင်ပွဲပြုလုပ်မည့် အခြေအနေများ၊ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား မြို့နယ်အလိုက် စုစည်း၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးနိုင်ရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေမှုများကို ပါဝါပွိုင့်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာအေး**
**စားသုံးသူ(မန္တလေး)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၁၇) ကျင်းပ

ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကို ဖေဖော်ဝါရီ ၂၄ ရက်က ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ကသာခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦးနှင့် ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက (၃/ ၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းခဲ့ပြီး အင်းတော်မြို့မဈေးတွင် နမူနာသိမ်းဆည်းရရှိသော တရုတ်စာတမ်းပါ ခေါက်ဆွဲအစိမ်းထုပ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ခရိုင်မွေးကုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေ၍ ကသာမြို့နယ်အတွင်း၌ ကြက်သားနှင့် ကြက်ဥကို စစ်ဆေးလျက်ရှိပါကြောင်း၊ ကြက်ငှက်တုပ်ကွေးသည် တစ်ချိန်မှာ ကပ်ရောဂါသဖွယ်ဖြစ်လာနိုင်သောကြောင့် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်နေကြောင်း ဆွေးနွေးပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူးက တရုတ်ခေါက်ဆွဲခြောက် အစိမ်းထုပ် ရောင်းချသည့် ဦးတင်ဝင်းအားနောင်ကို ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ဝန်ခံကတိ ပြုလုပ်ပြီးပါကြောင်းနှင့် ရေသန့်စက်ရုံသည် FDA မှ ထောက်ခံချက်ပြုလုပ်နေချိန် သက်တမ်းတိုးခြင်းကာလတွင် ထုတ်လုပ်ဖြန့်ဖြူးခွင့်မရှိပါကြောင်း ဆွေးနွေးခဲ့ပါသည်။ စည်ပင်ဌာနမှ တားမြစ်စားသောက်ကုန်စာရင်းများကို ဈေးကြော်ငြာဆိုင်းဘုတ်များတွင် ကပ်ထားပြီးကြောင်းနှင့် သိလိုသည်များကိုလည်း ပြန်လည်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ရက်လွန်အစားအသောက်များအား ဝယ်ယူသည့် ပင်ရင်းသို့ အရောင်းပြေစာပြ၍ လဲလှယ်သွားရန် အကြောင်းကြားပြီးဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ သောက်ရေသန့်များအား တိတိကျကျ စစ်ဆေးပြီး ထုတ်လုပ်ခွင့်မရခင် မရောင်းချရေးအတွက် လုပ်ငန်းရှင်များအား ဥပဒေအရ ခေါ်ယူတွေ့ဆုံရှင်းပြရန် လိုအပ်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းအတွက် ထုတ်လုပ်မှုလိုင်စင်များကို အချိန်မီရယူသင့်ကြောင်း၊အင်းတော်မြို့နယ်မှ သိမ်းဆည်းရရှိသော ခေါက်ဆွဲအစိမ်းထုပ်များအား အဖွဲ့စုံရှေ့တွင် မီးရှို့ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**

# ယင်းမာပင်ခရိုင်တွင် ဖေဖော်ဝါရီလအတွင်း စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး (၂၆ )ကြိမ်ဆောင်ရွက်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုဦးဆောင်၍ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်း စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲအကြိမ်ပေါင်း ၂၆ ကြိမ် ဟောပြောဆောင်ရွက်ခဲ့ပါသည်။

ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် သက်ဆိုင်ရာမိတ်ဖက်ဌာနများမှ မြို့နယ်တာဝန်ခံများနှင့် ပူးပေါင်း၍ ယင်းမာပင်မြို့နယ်ရှိ ပေါက်ပန်းဖြူမူလွန်၊ ရုံလေးပင်လ(ခွဲ)၊ ပြောင်ပြာအမက၊ လက်လှုပ်အမကတို့တွင် လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ မိုးကြိုးပြင်(မ)အမက၊ မိုးကြိုးပြင်(တ)မူလွန်၊ ဖောင်းကား(မ)လခွဲ၊ ဖောင်းကား(တ) အမက၊ တောင်ပလူအမကတို့တွင် လည်းကောင်း၊ ပုလဲမြို့နယ်အတွင်းရှိ သေတ္တရာလခွဲ၊ ဇေတိသျှံအမက၊ လက်ပုတန်လခွဲ၊ နှောကန်အမက၊ ဇောင်ဂျမ်းကုန်းအမက၊ ကျွန်းဘိုကုန်းအမက၊ မြကုန်းအမကတို့တွင် လည်းကောင်း၊ ကနီမြို့နယ်အတွင်းရှိ ကံကြီးအမက၊ ပျဉ်ထောအထက၊ ပျဉ်တောကျေးရွာ၊ တပုန်းလခွဲ၊ တပေါင်း လ(ခွဲ)၊ ဆူးလေကုန်းတခွဲ၊ ဝရာလခွဲ၊ ဖန်းခါးကုန်းအမကတို့၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူအကာကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် စားသုံးသူအကာအကွယ်ပေးရေးလှုပ်ရှားမှုများအကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲတွင် ဆရာ/ဆရာမများ ကျောင်းသား/ကျောင်းသူများ၊ ဈေးသည်များ၊ လေ့လာသူ များ စုစုပေါင်း ၄၄၄၉ ဦးတက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင် ၂၀၅ စောင်နှင့် တရားဝင်တားမြစ်ထားသော ခွင့်မပြု ဓာတုဆိုးဆေးပါဝင်သည့် အစားအသောက်စာရင်း ၁၄၀ ကို ဖြန့်ဝေပေးခဲ့ပါသည်။ **မိုးမိုးမြင့် (ဆားလင်းကြီး)**

# ကနီမြို့နယ်နှင့်ဆားလင်းကြီးမြို့နယ်ရှိ အခြေခံပညာ ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်

ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် ဖေဖော်ဝါရီလအတွင်း ကနီမြို့နယ်ရှိ ကံကြီး အမက၊ ဖန်းခါးကုန်း အမက၊ တပုန်း အလက(ခွဲ)၊ တပေါင်း(ခ)ပလင် အလက(ခွဲ)၊ ဝရာ အလက(ခွဲ)၊ ဆူးလေကုန်း အထက(ခွဲ)၊ ပျဉ်တော အထကကျောင်းနှင့် ပျဉ်တောကျေးရွာ ဆီစက်လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေး ပညာပေးခဲ့ပြီး ဆားလင်းကြီးမြို့နယ်တွင် မိုးကြိုးပြင်(မ) အမက၊ မိုးကြိုးပြင်(တ) မူလွန်၊ ဖောင်းကားတောင်ရွာ အမက၊ ဖောင်းကား(မ) အလက(ခွဲ) နှင့်တောင်ပလူ အမကကျောင်းတို့တွင်လည်း စားသုံးသူအသိပညာပေး ဟောပြောခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲများတွင် ကျန်းမာရေးနှင့်ညီညွတ် သည့် အစားအသောက်များကို မိမိတို့ကိုယ်တိုင်ရွေးချယ်ဝယ်ယူစားသောက်သင့်ကြောင်း၊ စားသုံးသူပြည်သူတို့ စားသောက်နေသော စားသောက်ကုန်ပစ္စည်းများမှာ လူကိုအန္တရာယ်ပေးပြီး ဒုက္ခဖြစ်စေနိုင်သော ဘေးထွက်ဆိုးကျိုး ဖြစ်ပေါ်စေသော ဓာတုပစ္စည်းများ ပါဝင်နေကြောင်း၊ မှိုတက်နေသော အစားအစာများ၊ ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများ အလွန်အကျွံအသုံးပြုထားသော အစားအစာများ မစားသုံးသင့်ကြောင်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပါသည်။

ဆွေးနွေးပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ဈေးသည်များ၊ လေ့လာသူများ စုစုပေါင်း ၃၀၆၄ ဦးတက်ရောက်ခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာလက်ကမ်းစာစောင် ၁၂၀ စောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော ခွင့်မပြုဆိုးဆေးပါဝင်သည့် စားသုံးရန်မသင့် အစားအသောက်စာရင်း ၆၂ စုံကို စားသုံးသူပြည်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပုလဲ)**

Vol: 17, No.10 Monday March 6 2017

|သိန်းမြင့်ဝေ|

> AEC အဖွဲ့ဝင်နိုင်ငံများသည် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုအတားအဆီး အမျိုးမျိုး (Various Non-tariff barriers) ကို ကျင့်သုံးနေကြသည်။



အဖွဲ့ဝင် (၁၀) နိုင်ငံပါဝင်သော အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ) သည် စီးပွားရေးအသိုက်အဝန်း ကို အကောင်အထည်ဖော်ခဲ့သည်မှာ တစ်နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်ပါသည်။ တစ်နှစ်တာကာလအတွင်း ဂျပန် အပါအဝင် အာဆီယံမဟုတ်သော နိုင်ငံများထံမှ အာဆီယံနိုင်ငံများအတွင်းသို့ စီးဝင်သော ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ တိုးပွားလျက်ရှိသည်။ အာဆီယံ (၁၀) နိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း တစ်ခုတည်းသော ဈေးကွက် (Single market) ကို တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်လျက်ရှိသည်။

အရှေ့တောင်အာရှဒေသ၏ ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများသည် အာဆီယံဒေသတွင်းသို့ များပြားစွာ စီးဝင်လျက်ရှိသည်။ ထိုသို့ စီးဝင်ရခြင်းမှာ အကြောင်းနှစ်ချက်ကြောင့်ဖြစ်သည်။ ပထမအချက်မှာ အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်း (Economic growth rates) မြင့်မားနေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ လုပ်အားခ နိမ့်ကျသည့် လုပ်သားအရေအတွက်ပေါများခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအပြင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုပမာဏသည်လည်း သိသိသာသာ တိုးတက်နေပါသည်။ ထိုနည်းတူစွာပင် ဂျပန်နှင့်ပူးပေါင်းဆောင်ရွက်နေသော ကမ္ဘောဒီးယားအထူးစီးပွားရေးဇုန် (Special Economic Zone-SEZ) သည်လည်း တိုးတက်အောင်မြင်နေပါသည်။ အထူးသဖြင့် ဂျပန်ကုမ္ပဏီများဖြစ်သော Toyota Tsusho ကော်ပိုရေးရှင်း၊ နာဂိုယာ အခြေစိုက် ရောင်းဝယ်ရေးကုမ္ပဏီ၊ NHK Spring ကုမ္ပဏီနှင့် ယိုကိုဟားမား အခြေစိုက် မော်တော်ကားပစ္စည်းစက်ရုံတို့က SEZ များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော နိုင်ငံတကာ ကုမ္ပဏီအချို့သည် ၎င်းတို့ ရင်းနှီးမြှုပ်နှံမှုများကို ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းနိုင်ငံတွင် လုပ်သားစရိတ် (Labor Costs) ကြီးမြင့်နေသောကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဂျပန်ကုမ္ပဏီကြီးများသည် လုပ်ခသက်သာသော ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်သည်။ အဆိုပါ အစိတ်အပိုင်းများကို ထိုင်းနိုင်ငံတွင် တပ်ဆင်ပြီး ကုန်ချောအဖြစ် ထုတ်လုပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် AEC က ဂျပန်ကုမ္ပဏီများအား စရိတ်သက်သာသည့် ကောင်းကျိုးကို ရရှိစေသည်။

စီးဝင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုများက အာဆီယံ၏ စီးပွားရေးလုပ်ဆောင်ချက်များကို ပိုမိုအားကောင်းစေပါသည်။ သို့သော်လည်း အာဆီယံအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များစွာ ကျန်ရှိနေသည်။အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်ရွယ်ချက်တစ်ခုမှာ အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများ (Tariffs and NTBs) ကို လျှော့ချဖယ်ရှားပြီး ကုန်စည်၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သား စီးဆင်းမှုကို မြှင့်တင်ရန်ဖြစ်သည်။ AEC အကောင်အထည်ဖော်ခဲ့သည့် တစ်နှစ်တာကာလအတွင်း ကုန်စည်လိုင်း စုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းကို အကောက်ခွန်ဖယ်ရှားပြီးဖြစ်သည်။ အကောက်ခွန်ဖယ်ရှားပြီးသည့်နှုန်း (Tariff elimination rate) ၉၆ ရာခိုင်နှုန်းရှိသည်ဟူ၍ ဆိုလိုပါသည်။

အရှေ့တောင်အာရှဒေသတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရန်များစွာ လိုအပ်နေပါသည်။ သို့သော်လည်း အခြေခံအဆောက်အအုံတည်ဆောက်ရေးသည် လျင်မြန်စွာ တိုးတက်နေသည်။ ဥပမာအားဖြင့် AEC စတင်ပြီး နောက်ပိုင်းတွင် လမ်းများတည်ဆောက်ပြီး တိုးတက်နေသောကြောင့် သယ်ယူပို့ဆောင်ရေးကို ပိုမိုစွမ်းဆောင်ရည်ရှိစွာ ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် အီလက်ထရောနစ် အကောက်ခွန် ရှင်းလင်းရေးစနစ် (Electronic customs clearing system) ကို စတင်ကျင့်သုံးနေပြီ ဖြစ် သည်။

သို့သော်လည်း AEC အဖွဲ့ဝင်နိုင်ငံများသည် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှုအတားအဆီး အမျိုးမျိုး (Various Non-tariff barriers) ကို ကျင့်သုံးနေကြသည်။ အကောက်ခွန် အဟန့်အတားများကို ပယ်ဖျက်ထားသောကြောင့် အကောက်ခွန်မဟုတ်သော အတားအဆီးများဖြင့် မိမိတို့၏ ပြည်တွင်းလုပ်ငန်းများကို ကာကွယ်ကြခြင်းဖြစ်သည်။ ဥပမာ-အချို့နိုင်ငံများတွင် တင်သွင်းလာသော မော်တော်ကားများအပေါ် အထူးစားသုံးခွန် (Special consumption tax) ကောက်ကြသည်။ ထို့အတူ အချို့နိုင်ငံများကလည်း ပြည်ပမှ တင်သွင်းသော စားသောက်ကုန်များတွင် ပါဝင်သော အမျိုးအစားများကို ပြည်တွင်းဘာသာစကား (Local Languages) ဖြင့် စာသားကပ်ပေးရန် ညွှန်ကြားထားသည်။ ထို့ပြင် အခြားမသိသာသော အဟန့်အတားများကိုလည်း ချမှတ်ကျင့်သုံးနေကြသည်။

အကောက်ခွန်မဟုတ်သော အတားအဆီးများဆိုသည်မှာ နိုင်ငံများသည် သွင်းကုန်ပစ္စည်းများ၏ ရိုက်ခတ်မှုဒဏ်ကို ကုစားရန်အတွက် အကောက်ခွန်ကောက်ခံခြင်းမပြုဘဲ အခြားသော အစီအမံများကို ချမှတ် ကျင့်သုံးခြင်းဖြစ်သည်။ ထိုသို့ကျင့်သုံးခြင်းအားဖြင့် မိမိတို့၏ ပြည်တွင်းလုပ်ငန်းများကို ကာကွယ်ခြင်းဖြစ်သည်။ ဥပမာ-အခြားနိုင်ငံများမှ တင်သွင်းလာမည့် သွင်းကုန်ပစ္စည်းအရေအတွက် အများဆုံး သတ်မှတ်ချက် (Upper Limits on the volume of imported product) ထားရှိခြင်းဖြစ်သည်။ နောက်ထပ် အစီအမံတစ်မျိုးမှာ သွင်းကုန် ပစ္စည်းများအပေါ် တင်းကျပ်သော စစ်ဆေးရေးစံများ (Strict inspection criteria) ချမှတ် ကျင့်သုံးခြင်းဖြစ်သည်။ ထို့ပြင် ပြည်တွင်းလုပ်ငန်းများအား ထောက်ပံ့ကြေး (Subsidies) ပေးသည့် နည်းလမ်းကိုလည်း ကျင့်သုံးကြပါသည်။ မိမိ၏ ပြည်တွင်းလုပ်ငန်းများကို ထိုကဲ့သို့ ထောက်ပံ့ကြေးပေးခြင်းအားဖြင့် ပြိုင်ဖက်ဖြစ်သည့် နိုင်ငံခြားကုမ္ပဏီများ ကို ထိခိုက်နစ်နာစေပါသည်။

တစ်ခါတစ်ရံတွင် အကောက်ခွန်ရှင်းလင်းရာ၌ ထင်သာမြင်သာမရှိခြင်း၊ မလိုလားအပ်သော အပို ကုန်ကျစရိတ်များ ပေးဆောင်ရခြင်းရှိသည်။ ထို့ကြောင့် AEC မတိုင်မီအခြေအနေနှင့် AEC စတင်နေသည့် အခြေအနေသည် မည်သို့မျှထူးခြားမှု၊ ပြောင်းလဲမှုမရှိပါကြောင်း နိုင်ငံတကာလုပ်ငန်းရှင်များက ထောက်ပြ ဝေဖန်ကြသည်။

နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများသည် ၂၀၁၇ ခုနှစ်တွင် နှစ် (၅၀) ပြည့်မြောက်သည့် အာဆီယံနှင့် ပတ်သက်ပြီး မျှော်လင့်ချက်ထားရှိကြသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်ဈေးကွက်ပြီးလျှင် ကြီးမားသော ဈေးကွက်မှာ အာဆီယံဈေးကွက်ဖြစ်လာနိုင်သောကြောင့်ဖြစ်သည်။ AEC ၏ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ဒေသ၏ စီးပွားရေးပတ်ဝန်းကျင် (Business environment) ကောင်းမွန်ရန်လိုအပ်ပါသည်။ သို့မှသာ နိုင်ငံခြားကုမ္ပဏီကြီးများသည် အရှေ့တောင်အာရှဒေသသို့ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ပါသည်။

**Source: the japan news**

# ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရယူရန် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးရှိ လုပ်ငန်းရှင်များ စိတ်အားထက်သန်

ဟောင်ကောင်နှင့်တရုတ်ပြည်မကြီးရှိ လုပ်ငန်းရှင်များသည် လာမည့်တစ်ဆယ့်နှစ်လအတွင်း ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အစီအစဉ်များရေးဆွဲထားကြောင်း၊ Hang Sang Bank ၏ သုတေသန စစ်တမ်းတွင် ဖော်ပြထားသည်။ စစ်တမ်းတွင် ရှန်ဟိုင်း၊ ရှန်းကျန့်၊ ပေကျင်း၊ ကွမ်ကျိုးနှင့် ဟောင်ကောင်တို့ရှိ အနည်းဆုံး ဟောင်ကောင်ဒေါ်လာ တစ်သန်းခန့် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင် ၃၀၀၀ ဦးတို့၏ သဘောထားအား ဇန်နဝါရီလတွင် စုစည်းကောက်ခံထားခြင်းဖြစ်သည်။

စစ်တမ်းကောက်ခံမှုတွင် ပါဝင်သော တရုတ်ပြည်မကြီးမှ လုပ်ငန်းရှင်များ၏ ၇၀ ရာခိုင်နှုန်းနှင့်ဟောင်ကောင်လုပ်ငန်းရှင်များ၏ ၅၅ ရာခိုင်နှုန်းမှာ လာမည့် ၁၂ လအတွင်း ပြည်ပဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်ကြကြောင်း၊ ပြည်ပဈေးကွက်ဟုဆိုသော်လည်း တရုတ်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာဈေးကွက်ရွေးချယ်မှုအတွက် ဟောင်ကောင်စတော့အား ပထမဦးစားပေးအဖြစ် ရွေးချယ်ထားသကဲ့သို့ ဟောင်ကောင်လုပ်ငန်းရှင်များ၏ ၂၀ ရာခိုင်နှုန်းမှာလည်း တရုတ်ပြည်မကြီးဈေးကွက်အား ပထမဦးစားပေးအဖြစ်ရွေးချယ်ထားကြောင်း ဖော်ပြထားသည်။

ဟောင်ကောင်-ရှန်ဟိုင်းနှင့် ဟောင်ကောင်-ရှန်းကျန့် စတော့ဈေးကွက်များမှတစ်ဆင့် ဟောင်ကောင်နှင့် တရုတ်ပြည်မကြီးကြားများစွာ ချိတ်ဆက်မှုအားကောင်းလာခဲ့ကြောင်း Hang Sang Bank ၏ စီးပွားရေး အကြံပေး Rosata Lee က ပြောကြားခဲ့သည်။ ဟောင်ကောင်နှင့် တရုတ်နိုင်ငံသားများမှာ အမေရိကန်အား ဒုတိယ ဦးစားပေးပြည်ပဈေးကွက်အဖြစ် ရွေးချယ်ထားပြီး၊ ၎င်းနောက် ဗြိတိန်၊ စင်ကာပူနှင့် ဆွစ်ဇာလန်တို့အား ရွေးချယ်ထားကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

ဟောင်ကောင်ရင်းနှီးမြှုပ်နှံသူများ၏ ၁၄ ရာခိုင်နှုန်းမှာ အမေရိကန်တွင် ရင်းနှီးမြှုပ်နှံရန် အဓိကဆန္ဒရှိပြီး၊ ဗြိတိန်၊ ဂျပန်နှင့်သြစတြေးလျတို့တွင်လည်း ရင်းနှီးမြှုပ်နှံလိုကြောင်း၊ အဓိကအားဖြင့် စက်မှုဆိုင်ရာ စတော့များမှာ ကာလလတ်တွင် ပိုမိုကောင်းမွန်မည် ခန့်မှန်းထားကြပြီး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကုမ္ပဏီများမှာ စာရင်းဝင်လုပ်ငန်းများတွင် ထိပ်တန်းလုပ်ငန်းများဖြစ်ပြီး၊ ၎င်းနောက် အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုမ္ပဏီများမှာ ဒုတိယဦးစားပေးလုပ်ငန်းများဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# အိန္ဒိယပဲရက်သတ္တပတ်




အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံရက်သတ္တပတ် အစီရင်ခံစာကို အဂရီဝပ်ချ်က ဖေဖော်ဝါရီ ၂၇ ရက်က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ယခုနှစ်အတွင်း ပဲမျိုးစုံထုတ်လုပ်မှု၊ ပြည်ပမှပဲမျိုးစုံ ကုန်သေတ္တာ တင်သွင်းမှုနှင့်ဈေးနှုန်း အခြေအနေတို့ကို ဖော်ပြထားသည်။

## ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု

ကုလားပဲစိုက်ပျိုးသောဒေသများတွင် အပူရှိန် တဖြည်းဖြည်း မြင့်တက်လျက်ရှိသည့်အတွက် အထူးသဖြင့် နောက်ကျစိုက် ကုလားပဲသီးနှံများ၏ အထွက်နှုန်းကျဆင်းနိုင်မည်။ မဒ္ဒရာပရာဒေ့ရှ်နှင့် မဟာရသျှတ္တရာဒေသများတွင် အချို့သောဒေသများ၌ သီးနှံပျက်စီးမှု သတင်းများရရှိထားသည်။ အကယ်၍ ရာသီဥတုက ဆက်လက် ပူပြင်းနေပါက ယခုနှစ် ကုလားပဲထုတ်လုပ်မှုကို ထိခိုက်နိုင်ဖွယ်ရှိပြီး မတ်လအလယ်လောက်တွင် အခြေအနေကို ပြတ်ပြတ်သားသား သိရှိနိုင်မည်။ ကာလတိုအတွင်းမှာ ပဲမျိုးစုံဈေးကွက် အခြေအနေက အားနည်းနေဆဲဖြစ်သည်။

ယခုနှစ်တွင် ပဲနီလေးစိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁၂ သိန်း ထွက်ရှိမည်ဟု ခန့်မှန်းထားသည့်အတွက် နှစ်အလိုက် တိုးတက်မှုနှုန်း ၁၄ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရှိပါသည်။ စိုက်ဧရိယာမှာ ဟက်တာ ၁၆ ဒသမ ၅၀ သိန်းအထိ မြင့်မားခဲ့ပြီး ယခုအချိန်ထိ ရာသီဥတုအခြေအနေကလည်း ကောင်းမွန်နေသည့်အတွက် စိုက်ပျိုးထုတ်လုပ်မှုပမာဏ မြင့်မားမည်ဟု ခန့်မှန်းရသည်။ သီးနှံထွက်ရှိမှုအခြေအနေမှာ ယခုအချိန်ထိ ကောင်းမွန်လျက်ရှိပြီး ဘီဒီရှားနှင့် ရာဂျာဂတ်ဒေသရှိ ဈေးကွက်များအတွင်း ပဲနီလေးများ အနည်းငယ် စတင်ဝင်ရောက်လာပြီဖြစ်သည်။ ရာဂျာဂတ် ဈေးကွက် အတွင်းသို့ အိတ် ၃၅၀၀ ခန့်ဝင်ရောက်ထားပြီးဖြစ်သည်။

## ပဲမျိုးစုံပြည်ပမှ တင်သွင်းမှု

၂၀၁၇ ခုနှစ်ဖေဖော်ဝါရီ ၁၅ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ချန်နိုင်းဆိပ်ကမ်းသို့ အိန္ဒိယတောင်ပိုင်းမှ သွင်းကုန်လုပ်ငန်းရှင်များက တင်သွင်းသော ပဲမျိုးစုံကုန်သေတ္တာ အရေအတွက်မှာ ၃၂ ဒသမ ၁ သန်းရှိသည်။ ယခုအရေအတွက်မှာ ယခင်ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်းကျဆင်း သည်။ ပြည်တွင်းပဲမျိုးစုံအထွက်နှုန်းမှာ မိုးရာသီကလည်း ကောင်းမွန်ခဲ့ သည့်အပြင် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုကလည်း ကောင်းမွန် မည်ဖြစ်သည့်အတွက် ပြည်ပမှ ပဲမျိုးစုံစီးဝင်မှုမှာ ကျဆင်းမည့် အနေအထားရှိနေသည်။ တင်သွင်းမှု အဓိကကျဆင်းသော သီးနှံမှာ ကုလားပဲဖြစ်ပြီး၊ ကုန်သေတ္တာ ၁၀၅ လုံး တင်သွင်း ရာမှ ၂၉ လုံးအထိ ကျဆင်းခဲ့သည်။ ပဲနီလေးတင်သွင်းမှုမှာလည်း ကုန်သေတ္တာ ၃၉ လုံးမှ ၂၉ လုံးသို့ ကျဆင်းခဲ့သည်။ သို့သော်လည်း မတ်ပဲတင်သွင်းမှုမှာ ကုန်သေတ္တာ ၁၈၅ လုံးအထိရောက်ရှိပြီး ၁ ဒသမ ၀၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ကျန်ကုန်သေတ္တာများမှာ အခြားပဲများဖြစ်သည်။

## ပဲဈေးနှုန်း

မွမ်ဘိုင်းတွင် ပဲစင်းငုံနီအဖွင့်ဈေးမှာ ဖေဖော်ဝါရီ ၂၇ ရက် က တစ်ကွင်တယ်ကို ရူပီး ၄၁၅၀ ရှိပြီး မက်ဒယာပရာဒေ့ရှ်မှ ပဲသစ်များ ကလည်း ဝင်ရောက်နေဆဲဖြစ်သည်။ မတ်ပဲ FAQ ဈေး မှာ အပြောင်းအလဲမရှိဘဲ တစ်ကွင်တယ်ကို ရူပီး ၅၂၅၀ နှုန်းရှိပြီး SQ က ရူပီး ၆၀၀၀ နှုန်းရှိသည်။ မွမ်ဘိုင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသော ကုလားပဲဈေးက တစ်ကွင်တယ်ကို ရူပီး ၂၀၀ သည် ကျဆင်းပြီး အနိမ့် ရူပီး ၄၇၅၀ နှင့်အမြင့် ရူပီး ၄၈၀၀ နှုန်းရှိသည်။ ဤဈေးနှုန်းမှာ မတ်လတွင် တစ်ကွင်တယ်ကို အနိမ့် ၄၅၀၀ နှင့် အမြင့် ၄၆၀၀ နှုန်းအထိ ကျဆင်းလာနိုင်သည်။ ပဲစင်းငုံနီဈေးမှာ မန္ဒရာဆိပ်ကမ်းတွင် တစ်ကွင်တယ်ကို အမြင့် ၄၈၀၀ နှုန်းထိရှိသည်။

တန်ဇန်နီးယား ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို အနိမ့် ရူပီး ၄၇၀၀ နှင့် အမြင့်ရူပီး ၄၇၅ နှုန်းရှိသည်။ ကနေဒါပဲနီလေးပေါက် ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၁၀၀ နှုန်းရှိပြီး ဩစတြေးလျ ပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၃၈၅၀ နှုန်းရှိသည်။ စိုက်ပျိုး ထုတ်လုပ်မှု အလားအလာကိုမူတည်၍ ပဲနီလေးဈေးနှုန်း အတက်အကျ အပေါ်တွင် အကျိုးသက်ရောက်မှုရှိနိုင်သည်။

မြန်မာပဲစင်းငုံဈေးမှာ CIF အခြေခံအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၈၀ ရှိခဲ့ရာ ယခင်ရက်သတ္တပတ်နှင့်နှိုင်းယှဉ်ပါက တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာနှုန်းကျဆင်းသည်။ မတ်ပဲဈေးမှာ တစ်တန်ကို FAQ က အမေရိကန်ဒေါ်လာ ၇၂၅ နှင့် SQ က တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၃၀ နှုန်းရှိသည်။ ပဲစင်းငုံနှင့်မတ်ပဲ CIF ဈေးမှာ ကျဆင်းလျက်ရှိနေသည်။ ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအားဘက်က မြင့်တက်ပြီး မြန်မာနိုင်ငံမှ ပဲအသစ်များလည်း ဝင်ရောက်လျက်ရှိနေသဖြင့် ယခုရက်သတ္တပတ်အတွင်း ပဲဈေးဆက်လက်ကျဆင်းမည် လက္ခဏာကိုတွေ့မြင်နေရသည်။

ပဲနီလေးအသစ်ဈေးက ဘီဒီရှားတွင် တစ်ကွင်တယ်ကို ရူပီး ၃၆၅၀ နှင့် ရာဂျာဂတ်တွင် တစ်ကွင်တယ်ကို ရူပီး ၃၉၅၀ နှုန်းရှိခဲ့ သည်။ ပဲသစ်များဝင်ရောက်လျက်ရှိနေသည့်အတွက် မတ်လလယ်တွင် ပဲနီလေးဈေးက အနိမ့်ဆုံးထောက်ပံ့ကြေးဈေးနှုန်းအောက်ကို ကျဆင်းနိုင်ပါသည်။

ပြည်ပမှတင်သွင်းလာသော ပဲနီလေးကုန်သေတ္တာဈေးနှုန်းက မွမ်ဘိုင်းတွင် ရူပီး ၄၁၀၀ ဝန်းကျင်ရှိနေပြီး ပဲနီလေးအခြေအနေကို ခြုံငုံတွက်ချက်ပါက ဈေးနှုန်းကျဆင်းလျက်ရှိသည်။ ဘီဟားနယ်တွင် ပဲနီလေးအသစ်များ မတ် ၁၅ ရက်နေ့တွင် စတင် ဝင်ရောက်မည်။

## အပြည်ပြည်ဆိုင်ရာဈေးကွက်

မကြာသေးမီရက်များအတွင်းက ဈေးနှုန်းများ ကျဆင်းမည့် အလားအလာရှိနေသော်လည်း ၂၀၁၆-၁၇ ခုနှစ်အတွက် ပဲမျိုးစုံ ပျမ်းမျှ ဈေးနှုန်းများကို ကနေဒါနိုင်ငံက ပြန်လည်ပြင်ဆင် ခန့်မှန်းခဲ့သည်။

ကနေဒါလယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာအစားအစာ အေဂျင်စီ (Agriculture and Agro Food Canada) သည် ၂၀၁၇-၁၈ ခုနှစ်အတွက် စားတော်ပဲအထွက် တန်ချိန်ကို ၄၂ ဒသမ ၅ သိန်းရှိ မည်ဟု ခန့်မှန်းထားသည်။ ၂၀၁၆-၁၇ ခုနှစ်ကထွက်ရှိခဲ့သော ပမာဏဖြစ်သည့် တန်ချိန် ၄၈ ဒသမ ၃၅ သိန်းအောက် တန်ချိန် ၆သိန်းခန့် ကျဆင်းခဲ့သည်။ သို့သော်လည်း ကုလားပဲနှင့် ပဲနီလေး ထုတ်လုပ်မှုမှာ တန်ချိန် ၁၄ ဒသမ ၅၀ သိန်းနှင့် ၃၅ သိန်း အသီးသီးရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၆-၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံက ပဲနီလေး တန်ချိန် ၃၂ ဒသမ ၄၈ သိန်းထုတ်လုပ်ခဲ့သည်။

၂၀၁၆-၁၇ ခုနှစ်အတွက် ကနေဒါ စားတော်ပဲ ထုတ်လုပ်မှုမှာ တန်ချိန် ၄၈ ဒသမ ၃၅ သိန်းရှိခဲ့သည့်အတွက် ၂၀၁၅-၁၆ ခုနှစ် ထုတ်လုပ်မှုဖြစ်သော တန်ချိန် ၃၂ ဒသမ ၀၁ သိန်းထက် ပိုမို ခဲ့သည်။ ယခုနှစ်အတွက် စားတော်ပဲ စုစုပေါင်း ဝယ်လိုအားမှာ တန်ချိန် ၄၁ ဒသမ ၆၀ သိန်းရှိမည်ဟု ခန့်မှန်းထားရာ ယခင်နှစ် ဝယ်လိုအားဖြစ်သော တန်ချိန် ၃၇ ဒသမ ၂၄ သိန်းထက်ကျော်လွန်ခဲ့သည်။

ကနေဒါပဲနီလေးထုတ်လုပ်မှုမှာ ၂၀၁၆-၁၇ ခုနှစ်တွင် တန်ချိန် ၃၂ ဒသမ ၄၈ သိန်းရှိမည်ဟု ခန့်မှန်းထားရာ ၂၀၁၅-၁၆ ခုနှစ်က ထုတ်လုပ်မှုဖြစ်သော တန်ချိန် ၂၅ ဒသမ ၄၁ သိန်းထက် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ ယခုနှစ်အတွက် စုစုပေါင်း ဝယ်လိုအားမှာ တန်ချိန် ၂၇ ဒသမ ၉၆ သိန်းရှိမည်ဟု ခန့်မှန်းထားရာ ယခင်နှစ် ဝယ်လိုအားဖြစ်သော တန်ချိန် ၈၈ ဒသမ ၄၉ သိန်းအောက်ကျဆင်းခဲ့သည်။

# တင်ဒါစနစ်ဖြင့် ဂျုံတန်ချိန်တစ်သိန်းကျော် ဝယ်ယူရန် ဂျပန်နိုင်ငံက ကမ်းလှမ်း



လူစားသုံးနိုင်သည့် အရည်အသွေး မီဂျုံတန်ချိန် ၁၁၃၁၆၇ တန်ကို အမေရိ ကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံမှ တင်ဒါစနစ်ဖြင့် ဝယ်ယူရန် ဂျပန်နိုင်ငံက ကမ်းလှမ်းထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဂျုံများကို အမေရိကန်ပြည်ထောင်စုမှ ဂျုံဖြူ ဆောင်းရာသီ စိုက်ဂျုံနှင့် နွေဦးရာသီစိုက်ဂျုံဟူ၍ အမျိုးအစား အသီးသီးခွဲ၍ ဝယ်ယူသွား မည်ဖြစ်သည်။ ဩစတြေးလျ နိုင်ငံမှ ဂျုံများကိုမူ ဩစတြေးလျ အနောက်ပိုင်း ဒေသမှ ထွက်ရှိသော Australia Standard White အမျိုးအစားကို တန်ချိန် ၂၇၇၅၀ ဝယ်ယူသွားမည်ဖြစ်သည်။ ကျန်ဂျုံ ပမာဏကို အမေရိကန်ပြည်ထောင်စုမှ မှာယူ တင်သွင်းမည်ဖြစ်သည်။

သဘော်တင်ရက်ကိုအမေရိကန်ပြည်ထောင်စု ဂျုံများအတွက် ဧပြီ ၂၁ ရက်မှ မေ ၂၀ ရက်တွင်လည်းကောင်း၊ ဩစတြေးလျမှ ဂျုံများကို မေ ၁ ရက်မှ မေ ၃၁ ရက်အထိ လည်းကောင်း စတင်ဆောင်ရွက်ရန် သတ်မှတ်ထားသည်။

# ပဲမျိုးစုံ ထုတ်လုပ်မှုမြှင့်တင်ရန် အိန္ဒိယအစိုးရက ငါးနှစ်စီမံကိန်း ချမှတ်

နိုင်ငံ၏ ပဲမျိုးစုံ နှစ်စဉ်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် အိန္ဒိယအစိုးရက ငါးနှစ် စီမံကိန်း တစ်ရက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။ အစိုးရ၏ ရည်မှန်းချက်မှာ ၂၀၂၀-၂၁ ခုနှစ်အတွင်း တစ်နှစ်ကို ပဲမျိုးစုံတန်ချိန် ၂၄ သန်း ထုတ်လုပ်ရန်ဖြစ်ပြီး ဤပမာဏအတိုင်းသာ ထုတ်လုပ်နိုင်မည်ဆိုပါက ပဲမျိုးစုံထုတ်လုပ်မှုမှာ ပြည်တွင်း စားသုံးမှုအတွက် ဖူလုံမှုရှိမည်ဟု ခန့်မှန်းထားသည်။

ယခုစီမံကိန်းကို ချမှတ်နိုင်ရန်အတွက် ပြည်တွင်းရှိ လယ်ယာစိုက်ပျိုးရေး ထိပ်တန်းသိပ္ပံပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းကာ ရေးဆွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်အသီးသီးရှိ မိုးရေသောက် ဧရိယာများ ပိုမို များပြားလာအောင် ဆောင်ရွက်ရန်ဖြစ်ပြီး အိန္ဒိယအရှေ့ပိုင်းဒေသ စားသုံးသီးနှံ၊ ဆီထွက်သီးနှံ နှင့် စီးပွားဖြစ်သီးနှံကို အလှည့်ကျ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမြင့်တက်လာအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။

ယခု ငါးနှစ်စီမံကိန်း အခြေခံ နှစ်ဖြစ်သော ၂၀၁၆-၁၇ ခုနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှုကို တစ်နှစ်ကို မက်ထရစ်တန် ၂၂ သန်း ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။ ဤ ရည်မှန်းချက်မှာ မူလရည်မှန်းထားသော ပမာဏထက် သုည ဒသမ ၉ မက်ထရစ်တန် ပိုမို၍ ရည်မှန်းထားခြင်း ဖြစ်သည်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ဆမ်ဆောင်းထွက်ခွာသွားသော ကွက်လပ်နေရာတွင် စမတ်ဖုန်းအသစ်များဖြင့် ဟွာဝေးက ဝင်လာမည်

ဘက်ထရီ ချို့ယွင်းချက်ကြောင့် ဖုန်းများ မီးလောင်မှု ဖြစ်ပွားပြီးနောက် ဆမ်ဆောင်း၏ Galaxy Note 7 ဆုတ်ခွာသွားသဖြင့် ဖြစ်ပေါ်သော ကွက်လပ်နေရာတွင် ဟွာဝေးက ပရီမီယံအတန်းအစားဖုန်းများကို အလုံးအရင်းဖြင့် တင်သွင်းကာ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဟွာဝေးကုမ္ပဏီသည် အက်ပဲလ်နှင့် ဆမ်ဆောင်းပြီးလျှင် ကမ္ဘာ့တတိယအကြီးဆုံး ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး Android စမတ်ဖုန်းထုတ်လုပ်သော ကုမ္ပဏီများအနက် မျှော်လင့်ချက် အကောင်းဆုံး လုပ်ငန်းတစ်ခုဖြစ်သည်။

ဆမ်ဆောင်း၏ Note 7 ပြဿနာမပေါ်မီက ပင် လာမည့်နှစ်အတွက် ဟွာဝေးကုမ္ပဏီသည် အလတ်စားနှင့် အဆင့်မြင့်ဖုန်းများကို တိုးချဲ့ဖြန့်ဖြူးပြီး အာရှနှင့် ဥရောပ ပရီမီယံဖုန်းဈေးကွက်တွင် အက်ပဲလ်နှင့် ဆမ်ဆောင်းတို့နှင့် ထိပ်တိုက် ပြင်းပြင်းထန်ထန် တွေ့ဆုံကာ ဈေးကွက်ချဲ့ထွင်လာသည်။ ဟွာဝေးကုမ္ပဏီ သည် စမတ်ဖုန်းထုတ်လုပ်ရာတွင် ကမ္ဘာတွင် နံပါတ် ၂ နေရာ၌ ရရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဟွာဝေးကုမ္ပဏီ၏ စားသုံးစီးပွားရေးလုပ်ငန်းဌာန အမှုဆောင်ချုပ် ရစ်ချတ်ယူက ပြောသည်။

ဖေဖော်ဝါရီ ၂၆ ရက်က စပိန်နိုင်ငံ ဘာစီလိုနာတွင် ကျင်းပသော Mobile World Congress နှစ်ပတ်လည် အခမ်းအနားတွင် ဟွာဝေးက P10 နှင့် P 10 plus ကို ထုတ်ဖော်ပြသပေးခဲ့သည်။ အဆိုပါဖုန်းများတွင် ကင်မရာနှစ်လုံးပါဝင်ပြီး ဘတ်ထရီသက်တမ်းမှာလည်း ၄၀ ရာခိုင်နှုန်း ပိုမိုခံနိုင်သည်။ အလိုအလျောက် ဆော့ဖ်ဝဲများကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ထားသည်။

ဖုန်းများ၏ သွင်ပြင်လက္ခဏာများမှာ နိုဝင်ဘာလက ဈေးကွက်တွင်ရောင်းချခဲ့သော ကုမ္ပဏီ၏ အကောင်းစားဖုန်းအမျိုးအစားဖြစ်သည့် Mate 9 နှင့် တူညီမှုရှိသည်။ သို့သော်လည်း ဈေးကွက်တွင် ရောင်းချရာ၌ ဟွာဝေးကုမ္ပဏီက အစဉ်အလာအားဖြင့် ဆောင်ရွက်တက်သော ဈေးနှုန်းဗျူဟာ အရ ဖုန်းမိုဒယ်အသစ်များကို တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ခန့်လျှော့ပြီး ရောင်းချလိမ့်မည်ဟု ခန့်မှန်းထားသည်။ ကုမ္ပဏီသည် P 10 ဖုန်းအမျိုးအစားများ၏ ဈေးနှုန်းကို မသတ်မှတ်ရသေးပါ။

## ထရမ့်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒများကြောင့် အမေရိကန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲဖြစ်

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးအစီအမံများကြောင့် လုပ်ခသက်သာသော နိုင်ငံခြားသား လုပ်သားအင်အားစုကို အကြီးအကျယ် မှီခိုနေရသော အမေရိကန်ပြည်ထောင်စု၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် အခက်အခဲများ ဖြစ်ပေါ်စေခဲ့ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ထရမ့်သည် "America First" ဟူသော ကြွေးကြော်သံဖြင့် သမ္မတရာထူးကို စတင်ထမ်းဆောင်ချိန်မှစ၍ လူဝင်မှုကြီးကြပ်ရေးကို မူဝါဒ အခြေခံ အုတ်မြစ်အဖြစ် ဆောင်ရွက်ခဲ့သည်။ လူဝင်မှုဆိုင်ရာ ကြီးကြပ်ရေး အစီအမံများအနက် တရားမဝင် ဝင်ရောက်လာသူများအား ထိန်းသိမ်းပြီး ပြန်လည်နှင်ထုတ်ခွင့်အာဏာကို သက်ဆိုင်ရာတို့အား ကျယ်ကျယ်ပြန့်ပြန့် ပေးထားသည်။ လုပ်သားဈေးကွက်တွင် လုပ်သားရှားပါးသဖြင့် ဟင်းသီးဟင်းရွက်ခူးသော အလုပ်သမားများကို ရှာဖွေရာတွင် အချို့လုပ်ငန်းများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ပေကျံညစ်ပတ်သော နွားနို့ညှစ်သည့် အလုပ်ကို လူအတော်တော်များက လုပ်ကိုင်လိုသော ဆန္ဒမရှိကြောင်း နယူးယောက်စီးတီးမှ နှစ်နာရီခန့်သွားရသော နေရာရှိ ကျေးရွာတစ်ရွာတွင် နို့ထုတ်လုပ်ရေးလုပ်ငန်းကို နွားကောင်ရေ ၄၅၀ ဖြင့်ဆောင်ရွက်နေသော တဲရစ်အွမ်းက အေအက်ဖ်ပီသတင်းဌာနကို ပြောသည်။

အလုပ်လက်မဲ့နှုန်းက ငါးရာခိုင်နှုန်းအောက်တွင်သာ ရှိနေသော ဒေသတစ်ခုတွင် တစ်နာရီကို အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၀ ရရှိမည့် လုပ်ငန်းမျိုးက အမေရိကန်နိုင်ငံသား တို့ကို ဆွဲဆောင်နိုင်ခြင်း မရှိပေ။

လယ်ယာလုပ်ငန်းခွင်တွင် အလုပ်အကိုင်နေသူ ၇၀ ရာခိုင်နှုန်းခန့်မှာ အမေရိကန်ပြည်ထောင်စု ပြင်ပမှ လာရောက်သူများဖြစ်ပြီး အများစုမှာ မက္ကဆီကိုမှ ဖြစ်သည်။

လုပ်သားအများစုမှာ အမေရိကန်ပြည်ထောင်စုတွင် တရားဝင်နေထိုင်ခွင့်ရသူများ မဟုတ်သည့်အတွက် ထရမ့်၏ လူဝင်မှုနှင့်ဆိုင်သော ရပ်တည်ချက် ပြင်းထန်မှုက အမေရိကန် လယ်ယာလုပ်ငန်းများအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေခဲ့သည်။

အကယ်၍ စာရွက်စာတမ်း အထောက်အထားမရှိသော အလုပ်သမားများကို ဆုံးရှုံးရမည်ဆိုပါက လယ်ယာလုပ်ငန်း၏ အသားတင်ဝင်ငွေမှာ ၁၅ ရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းအကြား ကျဆင်းနိုင်ပြီး သစ်သီးထုတ်လုပ်မှုလုပ်ငန်း ၆၀ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်းနှင့် စားသုံးသူဈေးနှုန်းများက ငါးရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အမေရိကန် လယ်ယာလုပ်ငန်းဗျူရိုမှ လေ့လာချက်စစ်တမ်းအရ သိရသည်။

## စက်မှုလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရရှိရေး ပြဿနာများကို ဖြေရှင်းရန် မလေးရှား SME များ ဆွေးနွေး

စက်မှုလုပ်ငန်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ် (Industrial Certificate) များ ရရှိအောင် ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(အက်စ်အမ်အီး) များ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူပေးနိုင်ရန် အစီအစဉ်တစ်ခုအဖြစ် (One- on -One Consultancy Programme) ကို Steinbeis Malaysia Foundation နှင့် မလေးရှား တက္ကသိုလ်တို့ ပူးတွဲကျင်းပခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

မကြာသေးမီက မလေးရှားတက္ကသိုလ်တွင် ကျင်းပသည့် ဤအလုပ်ရုံဆွေးနွေးပွဲသို့ ကဏ္ဍအသီးသီးမှ ကုမ္ပဏီပေါင်း ၄၄ ခု တက်ရောက်ခဲ့ပြီး မိမိတို့ စီးပွားရေးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးရန်အတွက် ကျွမ်းကျင်သူများထံမှ အကြံဉာဏ်များကို ရယူခဲ့သည်။ Steinbeis Malaysia Foundation သည် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ အက်စ်အမ်အီးများနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခဲ့ရာ အဆိုပါ လုပ်ငန်းအများစုမှာ လုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လုပ်ငန်း လည်ပတ်မှုနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိရသည်။

အက်စ်အမ်အီးအများစုအတွက် စက်မှုလုပ်ငန်း အသိအမှတ်ပြု လက်မှတ်ရရှိရေးမှာ အထူးသဖြင့် လုပ်ငန်းစတင်ဆောင်ရွက်စတွင် ဦးစားပေး လုပ်ငန်းတစ်ခုမဟုတ်ပေ။ လုပ်ငန်းတည်မြဲရေးနှင့် အကျိုးအမြတ်ရရှိရေးမှာသူတို့အတွက် ပို၍အရေးကြီးသည်။

"ဒါပေမယ့် ကုမ္ပဏီဖွံ့ဖြိုးတိုးတက်လာပြီး ဝယ်လိုအားတွေ ပိုမိုတိုးတက်လာတဲ့အချို့နိုင်ငံခြား ဈေးကွက်ကို ဈေးကွက်တိုးချဲ့ဖို့ ဆောင်ရွက်တဲ့ အချို့မှာ ကုမ္ပဏီအတွက် အသိအမှတ်ပြုလက်မှတ်တွေရရှိဖို့လိုလာပါပြီ" ဟု သူကပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကုမ္ပဏီတစ်ခုချင်းအလိုက် သီးသန့်ဆွေးနွေးချိန်မိနစ် ၃၀ ပေးထားပြီး အသိအမှတ်ပြုလက်မှတ်ရရှိရေး၊ ကုမ္ပဏီ တစ်ခုချင်းအလိုက် တွေ့ကြုံနေရသော နည်းပညာဆိုင်ရာနှင့် နည်းပညာမဟုတ်သော ပြဿနာများကို တိုင်ပင်ညှိနှိုင်းခွင့်ပြုထားသည်။

ကုမ္ပဏီအများစုတွင် ထုတ်ကုန်ကောင်းများရှိနေသော်လည်း ဟိုက်ပါမားကက်များတွင် ရောင်းချရန် သို့မဟုတ် နိုင်ငံခြားသို့ တင်ပို့ရန် ဆောင်ရွက်သောအခါ လိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက် ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း Steinbeis Malaysia Foundetioon အမှုဆောင် ဒါရိုက်တာ ဒေါက်တာ အဗ္ဗဒူရီးဇား အဗ္ဗဒူလာတစ်က ပြောသည်။

## ဗီယက်နမ်လယ်ယာလုပ်ငန်းသစ်များအတွက် အကူအညီများပိုမိုလိုအပ်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဟန့်အတားပြုနေသော လယ်ယာမြေ ကန့်သတ်ချက်ကို အစိုးရက ဖယ်ရှားပေးသင့်သည်ဟု ဖေဖော်ဝါရီ ၂၄ ရက်ညနေက အစိုးရပို့တယ် (Goverment Portal) ၌ကျင်းပသော အွန်လိုင်းဆွေးနွေးပွဲတွင် ဗီယက်နမ်ကုန်သည်ကြီးများနှင့် စက်မှု အသင်းမှ ဥပဒေရေးရာဌာန အကြီးအကဲဒေါ်အန်းတွမ်က ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

"အောင်မြင်တဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေဖြစ်အောင် ဆောင်ရွက်မယ်ဆိုပါက အကြီးစား ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ဖို့ လိုအပ်ပါတယ်။ ပြန့်ကျဲနေတဲ့ နေရာအမျိုးမျိုးမှ လယ်ယာထွက်ကုန်များကို စုစည်းယူရမယ်ဆိုရင် အရည်အသွေး တည်ငြိမ်ဖို့၊ ပင်ရင်းကို ခြေရာခံဖို့နဲ့ အစားအသောက်ဘေးကင်းလုံခြုံဖို့အတွက် အခက်အခဲ



ဖြစ်နိုင်ပါတယ်"ဟု သူကပြောသည်။

၂၀၁၃ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေ (Law on Land) အရ လယ်ယာ ပိုင်ဆိုင်မှုကို ကန့်သတ်ထားသည်။ တစ်သီးပုဂ္ဂလ သို့မဟုတ် အိမ်ထောင်စုများအတွက် နှစ်ဟက်တာမှ သုံးဟက်တာနှင့် ရော်ဘာ၊ ကော်ဖီစေ့ သို့မဟုတ် လက်ဖက် လုပ်ငန်းအတွက် ၁၀ ဟက်တာမှ ဟက်တာ ၃၀ အထိ ကန့်သတ်ထားသည်။

"ဒီလိုလယ်ယာမြေ ကန့်သတ်ချက်များကြောင့် ကုန်ထုတ်စရိတ် မြင့်တက်စေပါတယ်။ လယ်ယာ လုပ်ငန်းကို တိုးချဲ့ချင်တဲ့ စိတ်ဓာတ်စေ့ဆော်မှုကိုပျက်စီးစေပါတယ်"ဟုသူက ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနသည် လယ်ယာစိုက်ပျိုးရေး မြေဧရိယာ ကန့်သတ်ချက်များကို လျှော့ပေါ့ပေးရန် စဉ်းစားလျက်ရှိသည်။ ဤအခြေအနေက အပြုသဘောလက္ခဏာဖြစ်ပြီး လုံးဝဖျက်သိမ်းပေးသည်အထိ ဖြစ်လာမည်ဟု ခန့်မှန်းထားကြောင်း တွမ်ကပြောသည်။

အစိုးရအနေဖြင့် ထုတ်လုပ်မှုခွဲတမ်းသတ်မှတ်ချက်ကို ဖယ်ရှားပေးရန် အစိုးရကို သူကအကြံပြုသည်။ နမူနာအဖြစ် ကြည့်ပါက ၂၀၂၀ ပြည့်နှစ်အတွက် ထရာငါးနှင့် ပင်လယ်ပုစွန် ထုတ်လုပ်ရမည့် ခွဲတမ်းများကို သတ်မှတ်ပေးထားရာ ထရာငါးအတွက် တန်ချိန် ၁ ဒသမ ၉ သန်းနှင့် ပင်လယ်ပုစွန်အတွက် တန်ချိန် ၁၉၄၀ သတ်မှတ်ပေးထားကြောင်း တွမ်ကပြောသည်။ ဤကဲ့သို့ ဆောင်ရွက်မှုသည် အစိုးရက ဈေးကွက်တွင် ဝင်ရောက်စွက်ဖက်မှုဖြစ်ကြောင်း သူကပြောသည်။

"အစိုးရက စီမံကိန်းဥပဒေ (Law on Planning) ကိုပြင်ဆင်လျက်ရှိပါတယ်။ ထုတ်လုပ်မှု စီမံကိန်းနဲ့ ဆိုင်တဲ့ ထိန်းချုပ်မှုများကို ဖယ်ရှားပေးမှာ ဖြစ်ပါတယ်။ အစိုးရက နိုင်ငံတော်အဆင့် စီမံကိန်းကို ပြုလုပ်ပြီး ကုန်ထုတ်လုပ်မှုကို ဈေးကွက်က အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်" ဟု သူကပြောသည်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

မတ် ၂ ရက်က ငွေကြေးဈေးကွက်တွင် အဓိကငွေကြေးများနှင့်ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် အာရှငွေကြေး အများစု၏ တန်ဖိုးကျဆင်းခဲ့သည်။

ယခုလအကုန်တွင် ဗဟိုဘဏ် အတိုးနှုန်းကို တိုးမြှင့်ပေးရန်ဆန္ဒရှိကြောင်း အမေရိကန်ဗဟိုဘဏ်မှ တာဝန်ရှိသူများက ပြသလာပြီးနောက်ပိုင်း ယခုကဲ့သို့ ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းဖြစ်သည်။

အမေရိကန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းများကို မကြာမီမြှင့်တင်ပေးတော့မည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် အမေရိကန်စီးပွားရေးခိုင်မာလာခြင်းကို ကိုးကားပြီး အမေရိကန် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး Lael Brainard က မတ် ၁ ရက်နေ့က ပြောကြားခဲ့သည်။ အလားတူ နယူးယောက်ဗဟိုဘဏ် ဥက္ကဋ္ဌ ဝီလီယံဒပ်တလေနှင့် ဆန်ဖရန်စစ္စကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျွန်ဝီလီယံတို့ကလည်း မကြာမီအချိန်အတွင်း အတိုးနှုန်းများကို မြှင့်တင်ပေးမည့် အလားအလာရှိကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ပြောကြားခဲ့သည်။ ဗဟိုဘဏ်မူဝါဒ ရေးဆွဲသူတို့၏ ပြောကြားချက်က ဒေါ်လာတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့သည်။

### တရုတ်ယွမ်

အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင် မိန့်ခွန်းမပြောမီ ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည့်အတွက် ယွမ်ငွေတန်ဖိုးသည် မတ် ၃ ရက်က ကျဆင်းခဲ့ရာ ဇန်နဝါရီ ၁၆ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။

ရှန်ဟဲတွင် ရောင်းဝယ်လျက်ရှိသော Onshore ယွမ်သည် မတ် ၃ ရက်နံနက် ၁၀ နာရီ ၁၅ မိနစ်က ဒေါ်လာနှင့်ဖလှယ်ရာတွင် သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၈၂ ယွမ်နှုန်း ရှိခဲ့သည်။ ဟောင်ကောင်တွင်ရောင်းဝယ်လျက်ရှိသော Offshore ယွမ်တန်ဖိုးမှာ သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၇၄ ယွမ်နှုန်းရှိခဲ့သည်။ တရုတ်နိုင်ငံ ဗဟိုဘဏ်ကလည်း ရည်ညွှန်းဖလှယ်နှုန်းကို သုည ဒသမ ၁ ရာခိုင်နှုန်း လျှော့ချသတ်မှတ်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၉၆ ယွမ်နှုန်းသတ်မှတ်ပေးခဲ့သည်။

### အိန္ဒိယရူပီး

သွင်းကုန် လုပ်ငန်းရှင်များ၏ အမေရိကန်ဒေါ်လာဝယ်လိုအားမြင့်တက်မှုကြောင့် မတ် ၃ ရက်က အိန္ဒိယနိုင်ငံဘဏ်အချင်းချင်းနိုင်ငံခြားငွေဈေးကွက်၌ ရူပီးတန်ဖိုးကသုည ဒသမ ၁၈ ရူပီးနှုန်းကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ ဒသမ ၈၈ ရူပီးနှုန်းဖြစ်ခဲ့သည်။ ထို့ပြင် အမေရိကန်ဗဟိုဘဏ်က ယခုလအတွင်း အတိုးနှုန်းမြှင့်တင်ပေးမည့် မျှော်လင့်ချက်ကြောင့် ပြည်ပဈေးကွက်တွင် ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးငွေကြေးအပေါ် ယုံကြည်မှုကို ကျဆင်းစေခဲ့သည်။ စတော့ဈေးကွက်တွင် ပြည်တွင်းစတော့ရှယ်ယာများတန်ဖိုးကျဆင်းမှုကလည်း ရူပီးငွေကြေးတန်ဖိုးအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ဝယ်ရောင်းသမားတို့ကပြောသည်။

### ဂျပန်ယန်း

မတ် ၃ ရက်က ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာ တန်ဖိုးသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၄ ဒသမ ၁၁ ယန်းနှုန်းရှိခဲ့သည်။ မတ် ၂ ရက်က ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၄ ဒသမ ၅၉ ယန်းနှုန်းဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နောက်ပိုင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီးနောက် ယခုကဲ့သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယူရိုငွေကြေးတန်ဖိုးသည် သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၂၀ ရှိခဲ့သည်။ မတ် ၂ ရက်က တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၉၅ အထိကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

### မလေးရှားရင်းဂစ်

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများပြန်လည်မြှင့်တင်ပေးတော့မည်ဟူသော မျှော်လင့်ချက်ကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး ခိုင်မာလာပြီးနောက်ပိုင်း ဒေါ်လာနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုးမှာ နှစ်ရက်ဆက်တိုက်ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတို့ကပြောသည်။

ရင်းဂစ်တန်ဖိုးသည် မတ် ၂ ရက်က အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၄၄၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉နာရီ ၈ မိနစ်တွင် တစ်ဒေါ်လာကို ၄ ဒသမ ၄၄၈၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ သို့သော် ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် မလေးရှားဗဟိုဘဏ်က ရည်ညွှန်းအတိုးနှုန်းကို သုံးရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းသိမ်းထားသဖြင့် ရင်းဂစ်တန်ဖိုး ကျဆင်းမှုကို သက်သာရာရစေခဲ့သည်။

အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်ငွေကြေးတန်ဖိုးက အများအားဖြင့်မြင့်တက်ခဲ့သည်။

### ကိုရီးယားဝမ်

တောင်ကိုရီးယားကုမ္ပဏီကြီးများ၏ ရှယ်ယာများမှာ ယခင်နေ့ကဝေါစထရီဈေးကွက်တွင် တန်ဖိုးကျဆင်းခဲ့ပြီးနောက် မတ် ၃ ရက်တွင်လည်း တောင်ကိုရီးယားစတော့ရှယ်ယာများကျဆင်းခဲ့သည်။ တောင်ကိုရီးယားဝမ်ငွေကြေးမှာလည်း ယခင်နေ့ဈေးပိတ်ချိန်ကထက် ၁၁ ဒသမ ၆၅ ဝမ်နှုန်းကျဆင်းပြီး မတ် ၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၅၃ ဒသမ ၂၀ ဝမ်နှုန်းရှိခဲ့သည်။

### ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ဘတ်ငွေတန်ဖိုးသည် မတ် ၂ ရက်က တစ်ဒေါ်လာကို ၃၄ ဒသမ ၉၈ ဘတ်နှုန်းရှိခဲ့ရာမှ သုည ဒသမ ၁၅ ရာခိုင်နှုန်း ကျဆင်းပြီး မတ် ၃ ရက်တွင် အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ၀၃ ဘတ်နှုန်းရှိခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## အမေရိကန်ဗဟိုဘဏ်က မတ်နှောင်းပိုင်းတွင် အတိုးနှုန်းကို မြှင့်တင်ပေးမည်

ပြည်တွင်းစီးပွားရေးခိုင်မာမှုရှိလာပြီး အပြည်ပြည်ဆိုင်ရာတွင် ဈေးကွက်များတည်ငြိမ်လာပြီဖြစ်သည့်အတွက် ယခုလနှောင်းပိုင်းတွင် အတိုးနှုန်းကို တိုးမြှင့်ပေးရန် အမေရိကန်ဗဟိုဘဏ်က ပြင်ဆင်ထားကြောင်း နီကေးသတင်းတွင် ဖော်ပြသည်။

"စီးပွားရေးက ပြည့်စုံလုံလောက်စွာခိုင်မာလာပြီဖြစ်တဲ့အတွက် အတိုးနှုန်းမြှင့်တင်ဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု အမေရိကန်ဗဟိုဘဏ် မူဝါဒကော်မတီတွင် မဲပေးပိုင်ခွင့်ရှိသူတစ်ဦးဖြစ်သော ဒါးလက်ပြည်နယ်ဗဟိုဘဏ်ဥက္ကဋ္ဌရောဘတ်ကက်ပလန်က ပြောသည်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကိုမြှင့်တင်ပေးရန်မှာ ပိုမိုသေချာလာပြီဖြစ်ကြောင်း နယူးယောက်ဗဟိုဘဏ်ဥက္ကဋ္ဌ ဝီလီယံဒပ်တလေက ဖေဖော်ဝါရီ ၂၈ ရက်တွင်ပြောကြားခဲ့သည့်နည်းတူ အတိုးနှုန်းမြှင့်တင်မှုကို နှောင့်နှေးနေရန် အကြောင်းမရှိတော့ကြောင်း ဆန်ဖရန်စစ္စကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျွန်ဝီလီယံက ပြောကြားပြီးနောက်ပိုင်း ကက်ပလန်၏ ဝေဖန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ငွေကြေးဖောင်းပွမှုနှုန်း ခိုင်မာမှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ကိန်းဂဏန်းအချက်အလက်များအရ တိုးတက်မှုများ တွေ့နေရချိန်တွင် ယခုကဲ့သို့ ဝေဖန်ပြောကြားမှုကြောင့် ယခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်မှု သုံးကြိမ်အနက် ပထမဆုံး အတိုးနှုန်းမြှင့်တင်မှုကို လာမည့် ရက် သတ္တပတ်အတွင်း ဆောင်ရွက်သွားတော့မည်ဟူသောအချက်ကို ပိုမိုခိုင်မာစေခဲ့သည်။

## မလေးရှားဗဟိုဘဏ်က မူဝါဒအတိုးနှုန်းကို သုံးရာခိုင်နှုန်းအတိုင်း ဆက်လက်ထိန်းသိမ်း

အများက မျှော်လင့်ထားသည့်အတိုင်း မလေးရှားဗဟိုဘဏ်၏ အခြေခံစံထားဈေးနှုန်းကို မတ် ၂ ရက်က အတိုးအလျှော့မပြုလုပ်ဘဲ ဆက်လက်ထိန်းထားကြောင်း နီကေးသတင်းတွင် ဖော်ပြသည်။ အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကြံ့ခိုင်မှုကို အကြောင်းပြု၍ ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မလေးရှားဗဟိုဘဏ်မူဝါဒကော်မတီက ဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းကို ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသော အစည်းအဝေးခြောက်ခုအနက် ဒုတိယ အကြိမ်အစည်းအဝေးတွင် သုံးရာခိုင်နှုန်းအဖြစ် ဆက်လက်ထိန်းထားကြောင်း ဗဟိုဘဏ်၏ ကြေညာချက်တွင် ဖော်ပြ ထားသည်။ မလေးရှားဗဟိုဘဏ်သည် အဓိကစံထားအတိုးနှုန်းကို ၂၀၁၆ ခုနှစ် ဇူလိုင်က သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချပြီးနောက်ပိုင်း ၎င်းအတိုးနှုန်းအတိုင်း ဆက်လက်ထိန်းထားခဲ့သည်။

"ဒီနေ့ ထုတ်ပြန်ကြေညာချက်ကို ကြည့်ခြင်းအားဖြင့် ဗဟိုဘဏ်က ငွေကြေးမူဝါဒထိန်းညှိတာကို အလျင်စလိုလုပ်မှာမဟုတ်ဘူးဆိုတဲ့ အချက်ကိုပြသနေပါတယ်။ ရှေ့ကိုခန့်မှန်းကြည့်ရမယ်ဆိုရင်တော့ မလေးရှားဗဟိုဘဏ်က ၂၀၁၇ ခုနှစ်တစ်နှစ်လုံးမှာ အတိုးနှုန်းကို ပုံမှန်အတိုင်း ထိန်းသိမ်းသွားမယ်လို့ ခန့်မှန်းရပါတယ်"ဟု Capital Economics မှ လေ့လာဆန်းစစ်ရေးမှူး ခရစ်စတယ်တန်က ပြောသည်။

အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍသုံးစွဲမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကြောင့် မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၆ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် နှစ်အလိုက်နှိုင်းယှဉ်ပါက ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ်တစ်နှစ်လုံးတွင် ပို့ကုန်မြင့်တက်မှုနှင့် ပြည်တွင်းဝယ်လိုအားတိုးတက်မှုက စီးပွားရေးဖွံ့ဖြိုးမှုကို ထိန်းထားနိုင်လိမ့်မည်ဟု ဗဟိုဘဏ်ကပြောသည်။

မလေးရှားနိုင်ငံ၏ စားသုံးသူဈေးနှုန်းများမှာ ဆေးရွက်နှင့် အဖျော်ယမကာတို့၏ ဈေးနှုန်းများ မြင့်တက်မှုကြောင့် ဇန်နဝါရီအတွင်းက ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဒီဇင်ဘာနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။


DM
Dennis Martin


BGWD
BAWGAWADI COMPANY LIMITED
ဘောဂဝတီကုမ္ပဏီလီမိတက်
AUTOMOBILE TIMMING BELTS
Shop: Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.
Tel: (95-1) 682551, 682554, 682627 E-mail: bawgawadiyangon@gmail.com
Website: www.bawgawadi.com.mm


MYAWADDY BANK LIMITED
Savings
Fixed Deposit
Call Deposit
Scholarship Funding Services


ROYAL TOE
Family Service co.,Ltd
09 - 5017455, 09 - 5006655

# COMMERCE INTERNATIONAL

## အမေရိကန်ပြည်ထောင်စုရှိ နန်းကျောက်မှ ရေနံထုတ်လုပ်သူတို့က အိုပက်အတွက် စိန်ခေါ်မှုဖြစ်နေ

နန်းကျောက်မှ ရေနံထုတ်လုပ်မှု တိုးတက်လာခြင်းနှင့်မက္ကဆီကို ပင်လယ်ကွေ့ကမ်းလွန်မှ ရေနံထုတ်လုပ်မှုမြင့်တက်လာသည့်အတွက် အမေရိကန်ပြည်ထောင်စု၏ ရေနံစိမ်းထုတ်လုပ်မှုမှာ မြင့်တက်လာကြောင်း ဟယ်လင်နစ်ရှစ်ပင်း နယူးစ်သတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၏ ပျမ်းမျှရေနံစိမ်းထုတ်လုပ်မှုမှာ ဖေဖော်ဝါရီ ၂၄ ရက်အထိ ရရှိထားသောစာရင်းအရ ရက်သတ္တလေးပတ်အတွင်း တစ်ရက်လျှင် စည်ကိုးသန်းနီးပါးအထိ ရောက်ရှိခဲ့ကြောင်း စွမ်းအင်သတင်းအချက်အလက် အုပ်ချုပ်မှုအဖွဲ့ (Energy Information Administration) က ထုတ်ပြန်သော ရက်သတ္တပတ်အစီရင်ခံစာတွင် ဖော်ပြသည်။ စက်တင်ဘာလအတွင်းက တစ်ရက်လျှင် စည် ၈ ဒသမ ၅ သန်းအထိ ထုတ်လုပ်မှု ကျဆင်းပြီးနောက်ပိုင်းပြန်လည် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ရေနံထုတ်လုပ်မှု မြင့်တက်လာသဖြင့် အမေရိကန် ပြည်ထောင်စု၏ ရေနံစိမ်းတင်ပို့မှုနှင့် ပြည်တွင်းသိုလှောင်မှု ဆက်လက် မြင့်တက်လာမည့်သဘောကိုပြသလျက်ရှိသည်။ လွန်ခဲ့သော ရက်သတ္တလေးပတ်အတွင်း အမေရိကန်ပြည်ထောင်စု၏ ရေနံတင်ပို့မှုမှာ တစ်ရက်လျှင် ပျမ်းမျှစည် ကိုးသိန်းအထိရှိခဲ့ရာ စက်တင်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တစ်ရက်လျှင် စည်ငါးသိန်းခန့် မြင့်တက်ခဲ့သည်။

အိုပက်အဖွဲ့နှင့် အိုပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် ရေနံထုတ်လုပ်မှုကို လျှော့ချရန် သဘောတူညီခဲ့ကြသည်။ ထိုကဲ့သို့ သဘောတူညီမှုကြောင့် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်တစ်ဒေါ်လာ ၅၀ အထက်သို့ ရောက်ရှိစေခဲ့သည်။

နန်းကျောက်မှ ရေနံထုတ်လုပ်ပါက ကုန်ကျစရိတ် အရင်းမှာ အမေရိကန် ဒေါ်လာ ၅၀ အောက်တွင်ရှိကြောင်း ရေနံစိမ်းဈေးမှာ အမေရိကန်ဒေါ်လာ ၅၀ နှင့် ၆၀ ကြားတွင်ရှိပါက ဆက်လက် ထုတ်လုပ်မည်ဖြစ်ကြောင်း အမေရိကန် ရေနံရှာဖွေထုတ်လုပ်ရေး ကုမ္ပဏီများက ပြောသည်။

နန်းကျောက်မှ ရေနံထုတ်လုပ်မှုပြန်လည်စတင်လာခြင်းသည် ရေနံဈေးကွက် ဝေစုကိုကာကွယ်ရင်း ကမ္ဘာ့ရေနံဈေးကွက်ကို ချိန်သားကိုက်ညီအောင် ဆောင်ရွက်နေသော အိုပက်အဖွဲ့၏ ကြိုးပမ်းမှုကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသည်။

နောက်ဆုံးတွင် အိုပက်အဖွဲ့သည် ဈေးကွက်ဝေစုကို စွန့်လွှတ်ပြီး ဈေးနှုန်းကို ထိန်းထားမည်လား။ ဈေးကွက်ဝေစုကို ကာကွယ်ပြီး ဈေးနှုန်းကို စွန့်လွှတ်မည်လားဟူသော မေးခွန်းအကျပ်အတည်းများနှင့် ရင်ဆိုင်ရဖွယ် ရှိသည်။

ညဏ်တင်-စုစည်းတင်ပြသည်



[illegible]

အိန္ဒိယနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ပဲမျိုးစုံကို Methyl Bromide (MBR) ဖြင့် ပိုးသတ်မှိုင်းတိုက်ရန် အစိုးရကညွှန်ကြားထားသည့်အတွက် အိန္ဒိယနိုင်ငံရှိ ပဲမျိုးစုံရောင်းဝယ်ဖောက်ကားနေသူတို့က စိုးရိမ်လျက်ရှိကြောင်း၊ ဤညွှန်ကြားချက်ကြောင့် အိန္ဒိယနိုင်ငံအတွင်းသို့ ပဲမျိုးစုံအရေအတွက် မြောက်မြားစွာ တင်သွင်းရာတွင် အခက်အခဲရှိနိုင်ကြောင်း ဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။

၂၀၁၆-၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံအတွင်းသို့ပဲမျိုးစုံတန်ချိန်ငါးသန်း တင်သွင်းရမည်ဟု ခန့်မှန်းထားရာ ယခင်နှစ်က တင်သွင်းခဲ့သည့် ပမာဏထက် သုည ဒသမ ၂ သန်းပိုမိုသည်ကို တွေ့ရသည်။

အိန္ဒိယပဲမျိုးစုံနှင့် သီးနှံအသင်း (India Pulses and Grains Association - IPGA) က MBR ဆောင်ရွက်ရန် နောက်ဆုံးသတ်မှတ်ရက်ကို ထပ်မံတိုးမြှင့်ပေးရန် အစိုးရထံတင်ပြတောင်းဆိုထားသည်။

အစိုးရ၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန် နောက်ဆုံးရက်အဖြစ် မတ် ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း နောက်ထပ်တစ်နှစ်တိုးပေးရန် မတ် ၁ ရက်က တင်သွင်းခဲ့သော IPGA ၏ ထောက်ခံတင်ပြချက်တွင် ဖော်ပြထားသည်။ ပဲမျိုးစုံတင်ပို့သော နိုင်ငံအများစုမှာ Aluminium Phosphine ကို ပိုးသတ်ဆေးအဖြစ် အသုံးပြုသည့်အတွက် ပဲသွင်းကုန်အားလုံးကို ပြန်လည်စစ်ဆေးရမည့် အခြေအနေရှိနေကြောင်းနှင့် အကယ်၍ ကုန်စည်များတွင် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိပါက နောက်ထပ် MBR စစ်ဆေးမှုမလိုဘဲကန့်ကွက်ရန်မရှိကြောင်း သက်သေခံလက်မှတ် (NOC) ထုတ်ပေးသင့်ကြောင်း တင်ပြချက် ဖော်ပြထားသည်။

"ပဲနီလေးနဲ့ကုလားပဲလိုပဲမျိုးတွေက ဩစတြေးလျ၊ ကနေဒါ၊ ယူကရိန်းနဲ့ အာဖရိက နိုင်ငံတွေက တင်သွင်းနေတာပါ။ ဒီနိုင်ငံတွေက MBR ကို မသုံးဘဲ တခြား ပိုးသတ်နည်းကို သုံးပါတယ်။ MBR ကို သုံးဖို့သတ်မှတ်မယ်ဆိုရင် လုပ်ရကိုင်ရ ကျပ်ပြီး ပို့ကုန်လုပ်ငန်းကို ထိခိုက်စေနိုင်ပါတယ်"ဟု အိန္ဒိယနိုင်ငံ၏ ရှေ့ဆောင်ပဲမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းဖြစ်သည့် Rika Global Impex မှ ဆူရက်အဂ္ဂါဝါကပြောသည်။

ဤညွှန်ကြားချက်ကြောင့် ပဲမျိုးစုံလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသူအားလုံးအပေါ် ကျရောက်လာနိုင်သည့် ဂယက်ရိုက်ခတ်မှုကို သိရှိနိုင်စေရန် IPGA က ဖိုရမ်တစ်ခုကိုကျင်းပပေးခဲ့ပြီး အိန္ဒိယနိုင်ငံသို့ လယ်ယာထွက်ကုန်များ တင်ပို့နေသော နိုင်ငံများမှ ကုန်သွယ်ရေးနှင့်လယ်ယာစိုက်ပျိုးရေး ကောင်စစ်ဝန်များကို ပိုးမွှားကင်းစင်ရေးဌာနမှ အရာရှိများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်မည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးခဲ့သည်။


